# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နဝမပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ကမ်းဇော်ဆီသည် ပြည်သူအများယုံကြည်သလို ကျန်းမာရေးအတွက် အမှန်ကောင်းမွန်စေနိုင်ခြင်းရှိ/မရှိ နှင့် အမှန်အကျိုးပြုလျှင် လူသားများ ခံစားနေရသည့်ရောဂါဆိုးများအား ကာကွယ်ကုသရေးတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာနိုင်ရေး၊ နိုင်ငံခြားငွေတိုးချဲ့ရှာဖွေနိုင်ရေး၊ ပြည်သူများ ဝင်ငွေတိုးတက် လာရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး၊ လူသားအကျိုးပြုဆေးဘက်ဝင်အပင် တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြု ဆောင်ရွက်ထားခြင်း ရှိ/မရှိကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ကော့မှူးမြို့နယ်ရှိ လူကြီးလူငယ်များအားကစားနှင့် ကျန်းမာရေးလေ့ကျင့်မှုအတွက် အားကစား ကွင်းအား အဆင့်မြှင့်တင်၍ သန့်ရှင်းသော အားကစားလေ့ကျင့်ရာနေရာတစ်ခု ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | ပင်လောင်းမြို့နယ်၊ တီကျစ်တိုက်နယ်ဆေးရုံအား လက်ရှိအဆောက်အဦနှင့် လူနာမဆံ့တ၍ လူနာဆောင် အဆောက်အဦတစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၈ | မန်တုံမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်စာရင်းတွင် အမှန်တကယ်အသုံးပြုခြင်းမရှိဟု ကြားသိရသော ငွေစာရင်းခေါင်းစဉ်သေး (မူလခေါင်းစဉ်သေး ကလေး)အား ပြန်လည်စိစစ်ရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ အမှန်တကယ်အသုံးမပြုဘဲ နိုင်ငံတော်ဘဏ္ဍာမှ စာရင်းတင်တောင်းထားကြောင်း ပေါ်ပေါက်ပါက အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | လှိုင်လင်မြို့နယ်၊ တန့်အယ်ကျေးရွာအုပ်စု၊ ကုန်းကျောင်းရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် | ၁၇ |

စပ်လျဉ်းသည့်မေးခွန်း

၁၀ ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံခုတင်(၅၀)ဆံ့အား ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးချဲ့မြင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၈

၁၁ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၀

၁၂ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်ကတင်သွင်းသည့် စိုက်ပျိုးရေး စက်ကိရိယာများ အပြည့်အဝ မတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြင်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ် တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၇

၁၃ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၅၆

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၆၆

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## ပဉ္စမနေ့ အစီအစဉ်

## [ ၃–၈–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ကမ်းဇော်ဆီသည် ပြည်သူအများယုံကြည်သလို ကျန်းမာရေးအတွက် အမှန်ကောင်းမွန်စေနိုင်ခြင်း ရှိ၊ မရှိနှင့် အမှန်အကျိုးပြုလျှင် လူသားများ ခံစားနေရသည့် ရောဂါဆိုးများအား ကာကွယ်ကုသရေးတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်ရေး၊ နိုင်ငံခြားငွေတိုးချဲ့ရှာဖွေနိုင်ရေး၊ ပြည်သူများ ဝင်ငွေတိုးတက်လာရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး၊ လူသားအကျိုးပြု ဆေးဘက်ဝင်အပင်တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြုဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၏ **ကော့မှူးမြို့နယ်ရှိ လူကြီး လူငယ်များ အားကစားနှင့် ကျန်းမာရေးလေ့ကျင့်မှုအတွက် အားကစား ကွင်းအား အဆင့်မြှင့်တင်၍ သန့်ရှင်းသော အားကစားလေ့ကျင့်ရာ နေရာတစ်ခု ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့နယ်၊ တီကျစ် တိုက်နယ်ဆေးရုံအား လက်ရှိအဆောက်အဦနှင့် လူနာမဆ့ံတ၍ လူနာဆောင် အဆောက်အဦတစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နယ် မြို့နယ်ပြည်သူ့ ဆေးရုံ၏ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်စာရင်းတွင် အမှန်တကယ်အသုံးပြုခြင်းမရှိဟု ကြားသိရသော ငွေစာရင်းခေါင်းစဉ် သေး(မူလခေါင်းစဉ်သေးကလေး)အား ပြန်လည်စိစစ်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် အကယ်၍ အမှန်တကယ်အသုံးမပြုဘဲ နိုင်ငံတော် ဘဏ္ဍာမှ စာရင်းတင်တောင်းထားကြောင်း ပေါ်ပေါက်ပါက အရေးယူ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ တန့်အယ် ကျေးရွာအုပ်စု၊ ကုန်းကျောင်းရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု ဖွင့်လှစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် (၅၀) ဆံ့အား ခုတင် (၁၀၀) ဆံ့ ဆေးရုံအဖြစ် တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က တင်သွင်းသည့် **"စိုက်ပျိုးရေး စက်ကိရိယာ များ အပြည့်အဝ မတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုး နိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ် ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ခ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၊

(ဃ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(င) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(စ) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၊

(ဆ) ဦးသာအောင်၊ မြို့သစ် မဲဆန္ဒနယ်၊

(ဇ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဈ) ဗိုလ်မှူးခွဲနေဇော်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဋ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၊

(ဌ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဍ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(ဎ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ဏ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(တ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ပဥ္စမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၆၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၃၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၂) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၁ ရက်၊
(၃) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊
(၄) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊
(၅) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊
(၆) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၇) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၁ ရက်၊
(၈) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၁ ရက်၊
(၉) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ခွင့် ၁ ရက်၊
(၁၀) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ခွင့် ၁ ရက်၊
(၁၁) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၁ ရက်၊
(၁၂) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် ခွင့် ၁ ရက်၊
(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ ခွင့် ၁ ရက်၊
(၁၄) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်၊
(၁၅) ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်၊
(၁၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊
(၁၇) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊
(၁၈) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၁၉) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊
(၂၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၂၁) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊
(၂၂) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၂၃) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၂၄) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၂၅) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၂၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၂၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၂၈) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၂၉) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊
(၃၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၁ ရက်နှင့်
(၃၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့် ပန်ကြားသူ ၃၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကမ်းဇော်ဆီသည် ပြည်သူအများယုံကြည်သလို ကျန်းမာရေးအတွက် အမှန်ကောင်းမွန်စေနိုင်ခြင်းရှိ/မရှိ နှင့် အမှန်အကျိုးပြုလျှင် လူသားများ ခံစားနေရသည့်ရောဂါဆိုးများအား ကာကွယ်ကုသရေးတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာနိုင်ရေး၊ နိုင်ငံခြားငွေတိုးချဲ့ရှာဖွေနိုင်ရေး၊ ပြည်သူများ ဝင်ငွေတိုးတက်လာရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး၊ လူသားအကျိုးပြု ဆေးဘက်ဝင်အပင် တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြုဆောင်ရွက်ထားခြင်းရှိ/မရှိကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ပေါက်ရောက်လျက်ရှိတဲ့ ဆေးဘက်ဝင်အပင်ကြီးမျိုးဖြစ်တဲ့ ကမ်းဇော်လို့ခေါ်တဲ့ Madhuca Tree ကနေပြီးတော့ သစ်စေ့ကနေထုတ်လုပ်ရရှိတဲ့ဆီကနေပြီးတော့ လူသားတွေခံစားနေရတဲ့ ရောဂါဆိုးဖြစ်တဲ့ ကင်ဆာလို ရောဂါမျိုးအပြင် အခြားရောဂါမျိုးစုံကိုလည်း ပျောက်ကင်းသက်သာစေကြောင်း ဒေသခံပြည်သူများက ယုံကြည်နေကြပြီးတော့ နှစ်ပေါင်းတော်တော်ကြာကြာ တိုင်းရင်းဆေးဝါးအဖြစ်နဲ့ သုံးစွဲလာခဲ့ကြောင်း သိရပါတယ်။ ယခုအခါမှာ Online တွေအပါအဝင် ကြော်ငြာတော်တော်များများမှာ ကမ်းဇော်ဆီကို ဈေးနှုန်းကြီးကြီးမြင့်မြင့်နဲ့ ကြော်ငြာရောင်းချနေမှုတွေလည်း တွေ့ရပါတယ်။ ကမ်းဇော်ပင်က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်၊ ဘုတ်ပြင်း၊ ထားဝယ်၊ တနင်္သာရီမြို့နယ်တွေမှာ သဘာဝအတိုင်း ပေါက်ရောက်တဲ့ဆေးပင် အပင်ကြီးမျိုးဖြစ်ကြောင်းလည်း သိရပါတယ်။ ရေစပ်စပ်ရှိတဲ့ ရွှံ့နွံထူထပ်တဲ့အပိုင်းမှာ ပိုပြီးတော့ပေါက်ရောက်ကြောင်းနှင့် ရေကမ်းစပ်မှာပေါက်တဲ့ ရေကမ်းဇော်နဲ့ ကုန်းပိုင်းမှာ ပေါက်တဲ့ ကုန်းကမ်းဇော်ဆိုပြီးတော့ နှစ်မျိုးရှိကြောင်းကိုလည်း သိရပါတယ်။ အပင်နှစ်မျိုးရဲ့ အရွက်၊ အပွင့်၊ အသီးက နည်းနည်းမတူထူးခြားပေမဲ့ အစေ့ကရတဲ့အဆီကတော့ အာနိသင်အတူတူပဲလို့ သိရပါတယ်။ ကမ်းဇော်ပင်ရဲ့ ရုက္ခအမည်ကတော့ Bassia Longifolia ဖြစ်ပြီးတော့ Supportive case မျိုးရင်းမှာပါပြီးတော့ အင်္ဂလိပ်လိုတော့ Madhuca Tree လို့ ခေါ်ကြောင်းလည်း သိရပါတယ်။ တချို့က မယ်ဇယ်ပင်နဲ့တူလို့ ရေမယ်ဇယ်ပင်လို့လည်း ခေါ်ကြကြောင်း သိရပါတယ်။ တောင်မင်းကွတ်တို့၊ သစ်ဂျပိုးလို့လည်း ခေါ်ကြကြောင်း သိရပါတယ်။ ဒီအပင်ကြီးတွေက အပင်ကြီးမျိုးဖြစ်တဲ့အတွက်ကြောင့် ပေ ၇၀ ကနေ ၈၀ အထိလောက်မြင့်ကြပြီးတော့ လုံးပတ်က ၆ ပေ၊ ၇ ပေ အထိ ကြီးပြီးထွားကျိုင်းပြီးတော့ နှစ် ၆၀ လောက် အသီးသီးကြကြောင်းလည်း သိရပါတယ်။ အပွင့်ကတော့ နို့နှစ်ရောင်ရှိပြီးတော့ အသီးက ခရေသီးနဲ့တူပြီးတော့ အသီးထဲက အဆံက မြေပဲလို အဆံလေးတွေပါ

လို့ ဒီအဆံကနေပြီးတော့ မြေပဲဆီကြိတ်သလို ကမ်းဇော်ဆီကိုထုတ်ယူရရှိကြောင်းလည်း သိရပါတယ်။ သစ်မာမျိုးဖြစ်ပြီးတော့ ကဆုန်၊ နယုန်လတွေမှာ အသီးသီးကြောင်းလည်း သိရပါတယ်။ ကမ်းဇော်ဆီကို ရောင်းတဲ့ဈေးနှုန်းတွေကတော့ ၄၀ ကျပ်သားလောက်ဝင်တဲ့ပုလင်းတစ်ခုကို လေး၊ ငါးသောင်းလောက် တန်ဖိုးရှိကြောင်းနှင့် လိုသလောက်ဝယ်လို့မရနိုင်တဲ့အတွက် အတုအပတွေပြုလုပ်ကြောင်းလည်း သိရပါတယ်။ ကမ်းဇော်ပင်ရဲ့သစ်သားအရောင်က နီညိုရောင်ရှိပြီးတော့ အသီးအပွင့်တွေက အဆုပ်လိုက်သီးပွင့်ကြောင်းနှင့် ကမ်းဇော်ဆီကို အဆီအတိုင်း သောက်သုံးကြကြောင်းနှင့် Cholesterol ကို မတိုးပွားစေဘဲနဲ့ ကင်ဆာရောဂါအပါအဝင် ထိခိုက်ဒဏ်ရာတွေမျိုးစုံ၊ ရောဂါမျိုးစုံကို ပျောက်ကင်းသက်သာတယ်လို့ ယုံကြည်သုံးစွဲနေကြကြောင်းလည်း သိရပါတယ်။

ကမ်းဇော်ဆီစစ်စစ်ဆိုရင် နှစ်နှစ်လောက်ကြာရင်တောင် အရောင်၊ အဆင်း၊ အနံ့အရသာ မပြောင်းဘဲနဲ့ ဒီအတိုင်း သဘာဝအတိုင်းရှိတယ်လို့ သိရပါတယ်။ Power Point သုံးစွဲခွင့်ပြုစေချင်ပါ တယ်။ ဒါကတော့ ကမ်းဇော်ပင်ဖြစ်ပါတယ်။ ဒါကတော့ ကမ်းဇော်ပွင့်ဖြစ်ပါတယ်။ ဒါကလည်း ကမ်းဇော်ပွင့်အဖူးလေးတွေဖြစ်ပါတယ်။ ဒါကတော့ ကမ်းဇော်သီးတွေဖြစ်ပါတယ်။ ကမ်းဇော်သီးဖြစ်ပါ တယ်။ ဒါက ကမ်းဇော်အဆံတွေ၊ အစေ့ဖြစ်ပါတယ်။ ဒါက အဆံနဲ့ သူရဲ့အသီးအခွံဖြစ်ပါတယ်။ ဒါက ကမ်းဇော်ဆီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများ ယုံကြည်သုံးစွဲနေကြတဲ့ ဆေးဘက်ဝင်သဘာဝ အဆီဟာ ကျန်းမာရေးအတွက် အမှန်တကယ်အသုံးဝင်ခြင်းရှိ/မရှိ၊ ကျန်းမာရေးအတွက် အမှန်တကယ် အသုံးဝင်မယ်ဆိုရင် သုံးစွဲသူတွေအတွက် ဘေးအန္တရာယ်မဖြစ်စေရေး၊ သုံးစွဲတဲ့အချိုးအစားမှန်ကန် ရေး၊ ယုံကြည်သုံးစွဲနေသူတွေအတွက် ဘေးထွက်ဆိုးကျိုးတွေ ကင်းဝေးစေပြီးတော့ နည်းမှန်လမ်းမှန် ယုံကြည်စိတ်ချစွာသုံးစွဲနိုင်ရေး၊ လူသားတို့အကျိုးရှိရှိ ရောဂါဆိုးများနှင့် ကုသပျောက်ကင်းနိုင်ရေး အတွက် အမှန်အသုံးဝင်မယ်ဆိုရင် ခေတ်မီဆေးဝါးတွေအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ရောင်းချ နိုင်ရေး၊ အပင်များ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးကျေးဇူး များစွာဖြစ်ထွန်းလာစေရေးအတွက် မေးမြန်းလိုတာကတော့ ကမ်းဇော်ဆီသည် ပြည်သူအများယုံကြည် သလို ကျန်းမာရေးအတွက် အမှန်ကောင်းမွန်နိုင်ခြင်းရှိ/မရှိနှင့် အမှန်အကျိုးပြုမယ်ဆိုလျှင် လူသားများ ခံစားနေရတဲ့ရောဂါဆိုးများအား ကာကွယ်ကုသရေးမှ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာ နိုင်ရေး၊ နိုင်ငံခြားငွေတိုးချဲ့ရှာဖွေနိုင်ရေး၊ ပြည်သူများ ဝင်ငွေတိုးတက်လာရေး၊ အလုပ်အကိုင်ဖန်တီး ပေးနိုင်ရေး၊ လူသားအကျိုးပြု ဆေးဘက်ဝင်အပင်တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြု ဆောင်ရွက် ထားခြင်းရှိ/မရှိ ပြည်သူများ၏ကိုယ်စား ပြည်သူလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ ကမ်းဇော်ဆီနဲ့ပတ်သက်တဲ့ကိစ္စကို ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသကဲ့သို့ ကမ်းဇော်ဆီဟာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်း စတဲ့နေရာတွေမှာ သဘာဝအလျောက်ပေါက်ရောက်ပြီး နှစ်မျိုးရှိပါတယ်။ ရေကမ်းဇော်နှင့် ကုန်းကမ်းဇော်ပါ။ ရေကမ်းဇော်ကတော့ Madhuca Longifolia (Koenig) ခေါ်ပြီး၊ ကုန်းကမ်းဇော်ကတော့ Payena Paralleloneura Kurz ဖြစ်ပြီးတော့ ခရေမျိုးပင်ဖြစ်ပါတယ်။ ကမ်းဇော်ဆီကို ဒီအစေ့မှထုတ်ပြီးတော့ တိုင်းရင်းဆေးကျမ်း အရှင်နာဂသိန် ပုံပြဆေးအဘိဓာန်မှာ ပါပါတယ်။ ပထမတွဲ စာမျက်နှာ ၆၆ မှာ ကမ်းဇော်ပင် ရေမယ်ဇယ်လို့ခေါ်ပါတယ်။ Botanical Terms ကတော့ Bassia Longifolia အဖြစ်ပါပြီးတော့ သူရဲ့ ဂုဏ်နဲ့စွမ်းရည်အနေနဲ့ကတော့ သူက ခွန်အားကိုဖြစ်စေ၏။ အနာပေါက် ရောဂါကို ပယ်တတ်၏။ အသက်ကို ရှည်စေ၏။ အဆီကိုအရေပြား၌ အသုံးပြုရ၏။ အပွင့်သည် ကြေကျက်လွယ်၏။ ဝမ်းသက်၏။ အရွက်နှင့် အခေါက်ရေသည် ချုပ်၏ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ၂၀၀၈ ခုနှစ်မှာ ထုတ်ဝေသော လက်တွေ့အသုံးချဆေးပင်များ အတွဲ(၁၁) စာမျက်နှာ(၁၇) မှ (၂၅) မှာလည်း ကမ်းဇော်ပင်နှင့်ပတ်သက်တဲ့ အကြောင်းအရာကို ကျွန်တော်ဖော်ပြထားပါတယ်။ တိုင်းရင်းဆေး ပညာအရ ဒီမှာ အသုံးပြုပုံတွေ၊ အစေ့မှ အဆီထုတ်ယူပုံတွေလည်း ရှင်းပြထားပါတယ်။ ဒီကမ်းဇော်ဆီ ကို လိမ်းဆေးများတွင် ထည့်သွင်းဖော်စပ်ခြင်းနှင့် သောက်သုံးခြင်းများရှိသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ကတော့ အသုံးနည်းတဲ့ပစ္စည်းတစ်မျိုးဖြစ်တာကို တွေ့ရပါတယ်။ တိုင်းရင်း ဆေးပညာဦးစီးဌာနတွင် ကျွန်တော်တို့ထုတ်တဲ့ဆေးတွေမှာတော့ ကမ်းဇော်ဆီကို သုံးထားခြင်း မတွေ့ပါဘူး။ စိုက်ပျိုးထုတ်လုပ်ရင်က တကယ့် တကယ်သုတေသနလုပ်ထားခြင်းလည်း မရှိပါဘူး။ သို့သော်လည်း တိုင်းရင်းဆေးပညာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ကံသာယာဘယ ဆေးဥယျာဉ် ကျွန်တော်တို့ ပိုင်ပါတယ်။ အဲဒီမှာ ၂၀၁၅ ခုနှစ်ကစပြီး စိုက်ထားတာ အခုဆိုရင် အပင်ပေါင်း ၂၂၅ ပင်ရှိနေပါတယ်။ အဲဒီတော့ ကမ်းဇော်ဆီဟာ ပြည်သူများ ကျန်းမာရေးအတွက် အမှန်ကောင်းမွန်ခြင်းရှိ/မရှိကို တိုင်းရင်းဆေးပညာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်မှာ တိုင်းရင်းဆေးမှူးနာမည်တော့ ဖော်ပြပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ လုပ်ထားတာကိုလည်း ကျွန်တော့်အနေနဲ့ ဂုဏ်ယူပါတယ်။ တိုင်းရင်းဆေးမှူးဒေါ်ဝါဝါက ကမ်းဇော်ဆီနှင့်ပတ်သက်ပြီး သူမ၏ တိုင်းရင်းဆေးဖြင့် ဆေးကုသမှုအတွေ့အကြုံကို မှတ်တမ်းတင်ထားပြီး ၂၀၁၄ ခုနှစ် ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် စာတမ်းဖတ်ပွဲမှာ သူက ဖိတ်ကြားပါတယ်။ သူ့စာတမ်းမှာကတော့ ကမ်းဇော်ဆီလိမ်းပေးခြင်းဖြင့် အကြော၊ အဆစ်ရောင်ရမ်းခြင်းများကို သက်သာစေပြီး အရေပြားတွင်ဖြစ်သော အနာများကို သက်သာ ပျောက်ကင်းစေသောအာနိသင်များ တွေ့တယ်လို့ သူပြောထားပါတယ်။ ထို့အပြင် အစာအိမ်နှင့် ပန်းနာရောဂါများအတွက်လည်း ကမ်းဇော်ဆီအား ရေလည်းအမျိုးမျိုးဖြင့် တိုက်ကျွေးခြင်းဖြင့် သက်သာသည်ဟု တွေ့ရှိသည်ကိုလည်း ဖော်ပြထားပါတယ်။ ဘေးထွက်ဆိုးကျိုးများလည်းမရှိဘူးလို့ ဖော်ပြထားပါတယ်။

ထို့အပြင် ပညာရေးဝန်ကြီးဌာန ရုက္ခဗေဒဌာနမှ နာမည်ပြောပြပါမယ်။ သူကိုလည်း ဂုဏ်ပြုတဲ့အနေနဲ့ နာမည်ပြောပြပါမယ်။ ဒေါက်တာမိုးမိုးလွင်က သူမရဲ့ပါရဂူကျမ်းပြုစာတမ်းမှာလည်း ကုန်းကမ်းဖော်ပင်နဲ့ပတ်သက်တဲ့ သုတေသနများကို ဆောင်ရွက်ထားကြောင်း တွေ့ရပါတယ်။ သူမအနေနဲ့ကတော့ ဒီကမ်းဖော်ပင် အပင်အမျိုးအစားကိုခွဲခြင်း (Plant Identification)၊ လတ်တလောအဆိပ်အာနိသင်ရှိ/မရှိစစ်ဆေးခြင်း(Acute Toxicity Test) နှင့် အစာအိမ်မှာ သက်သာမှုရှိ/မရှိ (Anti-peptic ulcer activity) ကို ဆောင်ရွက်ထားပြီး အဲဒီသုတေသနတွေ့ရှိချက်များအရ ကမ်းဖော်ဆီကို ကြွက်ဖြူကလေးများနှင့် စမ်းသပ်ရာမှာ လတ်တလောအဆိပ်မရှိကြောင်း တွေ့ရပါတယ်။ ကြွက်ဖြူကြီးများနှင့် စမ်းသပ်ရာမှာလည်း အစာအိမ်ကိုသက်သာစေသည့် အာနိသင် (Anti-peptic ulcer activity) ရှိကြောင်းကို တွေ့ရပါတယ်။ သူ ဒီသုတေသနတွေ့ရှိချက်များကို ၂၀၀၄ ခုနှစ်က ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနက ပြုလုပ်တဲ့စာတမ်းဖတ်ပွဲမှာလည်း ဖတ်တယ်။ Publication လည်းသူလုပ်ထားတာ တွေ့ရပါတယ်။

နောက်တစ်ချက်က ဒေါက်တာမိုးမိုးလွင်အနေနဲ့က တွဲဖက်ပါမောက္ခ(ရုက္ခဗေဒ)အနေနဲ့က လားရှိုးတက္ကသိုလ်မှာလုပ်ပါတယ်။ ကုန်းကမ်းဖော်နှင့် ရေကမ်းဖော်နှစ်မျိုးကို သူစမ်းသပ်နေတာ သားအိမ်ခေါင်းကင်ဆာမှာ စမ်းနေတာ။ စမ်းတာကတော့ CSC ပေါ့။ China Scholarship Council, Scholarship Program နဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်က သွားရောက်စဉ်က အတွေ့အကြုံယူပြီးတော့ Hela Cell Line ဖြင့် စမ်းသပ်အောင်မြင်နေတာဖြစ်ပါတယ်။ Hela Cell Line ဆိုတာက ၁၉၅၁ ခုနှစ်မှာ သေသွားပါတယ်။ John Hopkins Hospital မှာ တက်ပြီးတော့ သေသွားပါတယ်။ ဒီအမျိုးသမီးဟာ ကျောက်ကပ်ကင်ဆာနဲ့ သေသွားတယ်။ သူ့ကျောက်ကပ်က ထွက်တဲ့ဆဲလ်ပေါ့။ သူ့ကျောက်ကပ်က ဆဲလ်တွေဟာ ကျန်တဲ့လူတွေနဲ့မတူပါဘူး။ သူက မသေပါဘူး။ ဆက်တိုက်ဆက်တိုက်ပွားတယ်။ ကျန်တဲ့လူတွေက Research လုပ်လိုက်လို့ရှိရင် ခဏနေလို့ရှိရင် ဆဲလ်ပြန်သေတယ်။ အသစ်ပြန်လုပ်ရတယ်။ သူ့ဆဲလ်လိုင်းက တစ်ကမ္ဘာလုံးမှာ သုံးနေပါတယ်။ အဲဒီမှာ Research လုပ်လို့ရှိရင် မသေပါဘူး။ ဒီ Research ကို အဲဒီဟာနဲ့ လုပ်နေပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ ဒီသုတေသနကို ကျွန်တော်တို့ ဆက်လုပ်မယ်။ အဓိက သုတေသန လုပ်တဲ့အခါမှာ Acute Toxic ချက်ချင်းဖြစ်တဲ့ Toxicity နဲ့ Chronic Toxicity ပေါ့။ Long Term Side-effect တွေကို ကျွန်တော် လေ့လာရပါတယ်။ မဟုတ်ဘဲနဲ့ ဒီအတိုင်း သွားလုပ်လို့ မရပါဘူး။ Acute မရဘူး။ သို့သော် ငါးနှစ်နေတဲ့အခါမှာ Side-effect တွေ အများကြီးရတာတွေရှိတယ်။ ဒါကို ကျွန်တော်တို့ အများကြီးလေ့လာရပါမယ်။ လေ့လာတဲ့အခါမှာ ကျွန်တော်တို့က တိုင်းရင်းဆေးကို ကျွန်တော်တို့ အားပေးနေပါတယ်။ တိုင်းရင်းဆေးသည် သုတေသနလုပ်မှသာလျှင် ကျွန်တော်တို့က ကမ္ဘာ့အလယ်မှာ လက်မထောင်ပြီးတော့ ရဲရဲတင်းတင်းပြောနိုင်ပါမယ်။ မဟုတ်ဘဲနဲ့ ဒီလူကို ဒါကုပြီး သက်သာသွားတယ်။ ဟိုလူကို ဒါကုပြီး သက်သာတယ်ဆိုတဲ့စကားနဲ့တော့ ပြောလို့မရပါဘူး။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့က ဒီဟာကို ကျွန်တော်တို့ တိုင်းရင်းဆေးသုတေသနမှာ သုတေသနဌာနရှိပါတယ်။ နည်းနည်း Weak ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်က ဆေးသုတေသနနဲ့ပေါင်းပြီးတော့ ဘာလုပ်မလဲဆိုတော့ Randomized Trials လို့ခေါ်ပါတယ်။ Double-Blind၊ Triple-Blind

ရှိပါတယ်။ ဘယ်သူသည် ဘယ်ဆေးရမှန်းမသိဘူး။ သုတေသန Data ကို Analysis လုပ်လို့ မသိရင်တော့ Triple Blind ခေါ်ပါတယ်။ ဒါမျိုး Study လုပ်ပြီးမှ ကမ်းဇော်ဆီသည် တကယ်ပဲ ထိရောက်တာလား ကျွန်တော်တို့ ပြောလို့ရပါတယ်။ အဆိုအရဆိုရင်တော့ ကျွန်တော်တို့ ပြောလို့ မရပါဘူး။ တစ်ခုတင်ပြချင်တာက ကျွန်တော်တို့နိုင်ငံအနေနဲ့ အနောက်နိုင်ငံတွေမှာလို ဆေးတစ်မျိုး ထွက်ဖို့ဆိုရင် ၂.၅ ဘီလီယံ ဒေါ်လာလောက်ကျပါတယ်။ ဒါပေမဲ့လို့ အဲဒီလောက်လည်း ကျွန်တော်တို့က မပေးနိုင်ဘူး။ တစ်ဘီလီယံတောင်မပေးနိုင်တဲ့ ကျွန်တော့်အနေနဲ့ တိုင်းရင်းဆေး ကို Clinical Trail တွေမှာ ဒီလောက် ပိုက်ဆံမကုန်ပါဘူး။ တကယ်သာ အကျိုးရှိမယ်ဆိုရင် ကျွန်တော်တို့ စိုက်ပျိုးရေး နဲ့လည်းပေါင်းပြီးတော့ ကမ်းဇော်ဆီအပင်တွေကို ပိုစိုက်ဖို့လုပ်ပါတယ်။ အာနိသင်တွေကိုမသိဘဲနဲ့ သွားစိုက်ရင် ငွေကုန်ရကျိုးလည်း မနပ်ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး အစိုးရကိုကျေးဇူးတင်ရမှာက ကျွန်တော့်လက်ထက်မှာ ဒီလို သုတေသနလုပ်ဖို့ကို ၂၀၁၆-၂၀၁၇ ခုနှစ်တုန်းက One Billion ကျပ် ရပါတယ်။ ခြောက်လမှာ 0.5 Billion ကျပ်ရပါတယ်။ အခု လာမယ့် ၂၀၁၈-၂၀၁၉ မှာလည်း 1.5 Billion ကျပ်ရပါတယ်။ ဒီဟာကလည်း ဒီကမ်းဇော်ဆီလုပ်ငန်းမှာ ကျွန်တော်တို့ သုံးဖို့ ကျွန်တော်လည်း ဆုံးဖြတ်ထားပြီးပါပြီ။ အခုနကပြောတဲ့ သုတေသနပညာရှင်နှစ်ဦးနဲ့လည်း ကျွန်တော် ဒါပြီးလို့ရှိရင် မကြာခင်မှာဆက်သွယ်မယ်။ သူတို့ ဘယ်လိုဆက်လုပ်ချင်လဲ။ ဒါတွေကို ကျွန်တော်တို့ အကုန်လုပ်ပါ မယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာက ဒီကမ်းဇော်ဆီနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ လတ်နောင်းမှာရှိတဲ့ အိန္ဒိယက တော်တော်တိုးတက်နေပါတယ်။ ကျွန်တော့်ကို တစ်မိနစ်လောက် ပိုပေးပါခင်ဗျား။ အဲဒီအိန္ဒိယမှာ ရှိတဲ့ Research က သေသေချာချာလုပ်ထားပါတယ်။ ကမ်းဇော်ဆီအစေ့က ဘာဖြစ်လဲ။ အခေါက်က ဘာဖြစ်လဲ။ အရွက်က ဘာဖြစ်လဲ။ အပွင့်က ဘာဖြစ်လဲ။ နောက် အခေါက်နဲ့ အရွက်က ဘာဖြစ်လဲ။ သူတို့မှာ ဘာတွေသွားတွေ့သလဲဆိုတော့ Anti-diabetes ဆီးချို၊ အယောင်အရမ်း၊ antioxidant ၊ Analgesic ပေါ့။ မနာအောင်လုပ်တာ။ အခုနကပြောတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ကင်ဆာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က အမျိုးသမီး သားအိမ်ခေါင်းကင်ဆာကို အဲဒါလုပ်နေပါတယ်။ ကမ်းဇော်ဆီဟာ တကယ်ပဲ effective ဖြစ်လား/ မဖြစ်လား။ ဖြစ်မယ်ဆိုလို့ရှိရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အလွန်အကျိုးရှိသောကိစ္စရပ်တစ်ရပ်ဖြစ်မယ့်အတွက် ကျွန်တော့်အနေနဲ့ ဒီဟာကို သုတေသနကို ဆက်လက်လုပ်မယ်ဖြစ်ကြောင်းကို လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ကော့မှူးမြို့နယ်ရှိ လူကြီးလူငယ်များအားကစားနှင့် ကျန်းမာရေးလေ့ကျင့်မှုအတွက် အားကစား ကွင်းအား အဆင့်မြှင့်တင်၍ သန့်ရှင်းသောအားကစားလေ့ကျင့်ရာနေရာတစ်ခု ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဆွေဝင်း(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်

တော်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းဖြစ်ပါတယ်။ ဒီနေ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်သော အားကစားအခန်းကဏ္ဍကိုတင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပထမဦးစွာ လူငယ်တွေအတွက် ပြောချင်ပါတယ်။ ကော့မှူးမြို့နယ်က လူငယ်တွေဟာ ရန်ကုန်မြို့ပေါ်က လူငယ်တွေလို အားကစားလေ့ကျင့်ဖို့ အားလပ်အချိန်ကို အကျိုးရှိစွာ အသုံးပြုဖို့နေရာခင်းကျင်း နည်းပါးကြပါတယ်။ လူငယ်တွေအားကစားဘက်စိတ်ရောက်ပြီး အားကစားစိတ်ဓာတ်ရှင်သန်နိုးကြားနေမယ်ဆိုရင် မူးယစ်ဆေးဝါးနှင့်အခြားမကောင်းတဲ့ စိတ်ထွက်ပေါက်တွေ မဖြစ်ပေါ်အောင်လည်း အလိုလိုကာကွယ်တားဆီးပြီးသားဖြစ်မှာပါ။ အားကစားပြိုင်ပွဲတွေ မြို့နယ်မှာအဆက်မပြတ် ကျင်းပပေးမယ်ဆိုရင်လည်း တိုင်းပြည်ဂုဏ်ဆောင်လာမည့် အခြေခံအားကစားသမားကောင်းတွေကိုလည်း စုစည်းပေးနိုင်မှာပါ။ ဒ့ါအပြင် လူကြီးတွေအတွက် စဉ်းစားရင်လည်း ဝန်ထမ်းတွေ၊ လုပ်သားအင်အားစုတွေ၊ လူလတ်ပိုင်းတွေ၊ အငြိမ်းစားလူကြီးတွေဟာ စိမ်းလန်းတဲ့မြက်ခင်း၊ အေးချမ်းတဲ့ဘောလုံးကွင်းနားမှာ ကာယလေ့ကျင့်ခန်းတွေလုပ်နိုင်ဖို့ အပျော်ကစားနိုင်ဖို့လည်း လိုနေပါတယ်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အနားယူနိုင်ခွင့်ဟာ ပြည်သူတစ်ဦးချင်းစီရဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီအခွင့်အရေးရဖို့အတွက် ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေနှင့်တကွ ပြည်ထောင်စုဝန်ကြီးဌာနတွေမှာ တာဝန်ရှိတယ်လို့ ထင်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ မြို့နယ်မှာ၊ ဒါ ကျွန်တော်တို့မြို့နယ်ရဲ့ ၂၀၀၀ ခုနှစ်ကနေပြီးတော့ တည်ဆောက်ခဲ့တဲ့ အားကစားကွင်းပါ။ ၂၀၀၄ ခုနှစ်ကနေပြီးတော့ ၂၀၁၆ ခုနှစ် ၂၀၁၇ ခုနှစ်အထိ အားကစားပြိုင်ပွဲကိုငါးကြိမ်သာ ကျင်းပနိုင်ခဲ့ပါတယ်။ သုံးကြိမ်ကတော့ ရပ်ကွက်၊ ကျေးရွာအဆင့် ကျင်းပနိုင်ပြီးတော့နှစ်ကြိမ်ကတော့ ကျွန်တော့်တို့ဌာနပေါင်းစုံအဖြစ်ပဲ ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီမှာ ခိုက်ရန်ဖြစ်ပွားမှုတွေနဲ့ အဆုံးသတ်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အားကစားပြိုင်ပွဲတွေကို အောင်အောင်မြင်မြင် ကျင်းပလာခဲ့တာ နှစ်ကြိမ်လောက်ပဲ ရှိပါတယ်။ ဒါ ကျွန်တော်တို့ အရင်တုန်းက ဗလာဖြစ်နေတဲ့ကွင်းပြင်ကြီးမှာကစားရတဲ့ ပုံဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ၆ လပိုင်းမှာတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ အကူအညီဖြင့် ကျွန်တော်တို့ အတွင်းခြံစည်းရိုးတော့ပြုလုပ်ပြီးပါပြီ။ သို့သော် အားကစားပြိုင်ပွဲကို ကျင်းပလို့မရသေးပါဘူး။ အဲဒါကတော့ ကျွန်တော်တို့မြို့နယ်မှာ အားကစားကွင်းမရှိတဲ့အတွက် ရပ်ကွက်၊ ကျေးရွာတွေမှာ အဆင်ပြေသလို၊ အလျင်းသင့်သလို ရပ်ကွက်အုပ်စုတွေ စုပေါင်းပြီးတော့ ကစားတယ်။ ဒါကျေးရွာရဲ့ အားကစားကွင်းဖြစ်ပါတယ်။ ဒါက ဇမ္ဗူဟိန်းအားကစား ကွင်းဖြစ်ပါတယ်။ သူကတော့ ရာသီစုံကစားနိုင်ပေမဲ့လို့ ကျွန်တော်တို့ ဒီကွင်းအနေအထားက ကျဉ်းတဲ့အတွက်ကြောင့်မို့လို့ ဖြစ်ဖြစ်မြောက်မြောက် ကစားလို့မရပါဘူး။ ဒါကတော့ ကျွန်တော်တို့ ကော့မှူးမြို့ရဲ့ အရှေ့ခြမ်းမှာရှိတဲ့ ကျေးရွာအုပ်စုတွေ စုပေါင်းပြီးတော့ ဖောက်လုပ်ထားတဲ့ကွင်းလေး ဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့က နွေရာသီကျမှသာလျင် အုပ်စုပွဲလေးကစားရပါတယ်။ အဲ့ဒါ ကြောင့်မို့လို့ ကော့မှူးမြို့နယ် မဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား

အားကစားကွင်းတစ်ကွင်းကိုသာ အဆင့်မီပြုလုပ်ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတောင်းခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ကော့မှူးမြို့နယ် အားကစားကွင်းကိစ္စနှင့်ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် အားကစားကွင်း အုတ်တံတိုင်းကို ၁၉၉၀ ခုနှစ်ကတည်းက အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကာရံပေးခဲ့သော်လည်း ၂၀၁၈ ခုနှစ် နာဂစ်ကြောင့် ကျွန်တော်တို့ ပြိုလဲသွားပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ရန်ကုန်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေနဲ့ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အားကစားကွင်းပွဲကြည့်စင်တည်ဆောက်ခြင်းကို ငွေကျပ်သန်း ၄၀၊ ဘောလုံးကွင်းမြေသားမြှင့်တင်ခြင်းနှင့် ရေမြောင်းတူးခြင်းကို ကျပ်သန်း ၂၀ ဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ချက်တင်ပြချင်တာကတော့ ဒီလိုဆောင်ရွက်ပေးတဲ့အခါမှာ Maintenance က အရေးကြီးပါတယ်။ Maintenance တာဝန်ကတော့ ပြည်သူနှင့်အားကစားသမားတွေ၊ ပြည်သူနှင့် ဒီမှာနေတဲ့ မြို့နယ်က ပြည်သူများရဲ့တာဝန်ဖြစ်ပါတယ်။ ဒီအဆိုမှာဘောလုံးကွင်းပြင်ဆင်ပြီးချိန်မှာ ၂၀၁၆ ခုနှစ် နောက်ပိုင်းမှာ ကျွန်တော်တို့ အားကစားပွဲနှစ်ခု အကြီးအကျယ်လုပ်ပါတယ်။ ကော့မှူးမြို့နယ် ဌာနဆိုင်ရာပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာတော့ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး Township Sport Spore Development Plan အရ ကော့မှူးမြို့နယ် ကျောင်းပေါင်းစုံဘောလုံးပွဲကို ကျွန်တော်လုပ်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ အားကစားကွင်း အဆင့်မြင့်တင်ရေးလုပ်ငန်းငါးခုဆောင်ရွက်ဖို့အတွက်ပဲ အရင်က ကျပ် ၁၁၄ သန်းထည့်သွင်းလျာထားခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အထွေထွေရန်ပုံငွေကနေပြီးတော့ ၃၃.၅ သန်းဖြင့် ဘောလုံးကွင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ၂၉-၆-၂၀၁၈ ရက်နေ့မှာ စတင်ဆောင်ရွက်ခဲ့ပြီး ၇-၇-၂၀၁၈ ရက်နေ့တွင် ရာခိုင်နှုန်း ၁၀၀ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒီမှာဓာတ်ပုံတွေကတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြတဲ့ဓာတ်ပုံတွေထက် အများကြီးကောင်းပါတယ်။ ကျွန်တော့်မှာ ကွင်းတွေမှာ Sliding Door နဲ့ တံခါးတွေ၊ ခြံစည်းရိုးတွေက သံတွေနဲ့ အကုန်သံတိုင်တွေနဲ့ လုပ်ပြီး။ သံတိုင်တွေ တော်တော်ကောင်းပါတယ်။ သို့သော်လည်း ဒီမှာလုပ်ဖို့က လေးခုကျန်နေပါတယ်။ အဲဒီလေးခုကတော့ ဘောလုံးကွင်းမြေသားမြှင့်တင်ခြင်း ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီးပြတဲ့ မြေသားနဲနဲမြှင့်ရမယ်။ ရေမတင်အောင်။ နောက် Gold Score Board ပေါ့။ Score Board ကို တပ်ဆင်မယ်။ ကွန်ကရစ်လျှောက်လမ်းနဲ့ ပတ်လမ်းခင်းတာရယ်၊ ပွဲကြည့်စင် ဘယ်/ညာကွန်ကရစ်

ခင်းခြင်းလုပ်ငန်းကို ကျွန်တော့်အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်း ဒေသကြီး ခွင့်ပြုရန်ပုံငွေစာရင်းမှာ အောက်တိုဘာလ၊ စက်တင်ဘာလအထိမှာ ငွေကျပ် ၈၀.၅ သန်းအား ထည့်သွင်းလျာထားပြီး ခွင့်ပြုချက်ရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်ဆောင်ရွက်ပေးရမယ်။ ဒီနေရာမှာ ကျွန်တော်တစ်ချက်တင်ပြချင်တာက ကျွန်တော်တို့အနေနဲ့ ဒီလိုအားကစားကွင်း တစ်ပြည်လုံးမှာရှိတဲ့ အားကစားကွင်းတွေကို ပြင်ဖို့၊ နောက် ဂိုးတိုင်တွေလုပ်ပေးဖို့၊ နက်တွေလုပ်ပေးဖို့ အကုန်လုံးပေါ့ Table Tennis ဆိုရင်လည်း Racket ကအစလုပ်ပေးဖို့ ကျွန်တော့်အနေနဲ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက် မှာ ကျန်းမာရေးကနေပြီးတော့ အားကစားကို ၂၅.၅ ဘီလီယံ ပေးလိုက်ပါတယ်။ အားကစားက ၂၂ ဘီလီယံ ရပါတယ်။ ဒါပေမဲ့ စိတ်မကောင်းစွာပဲ အဖြတ်ခံလိုက်ရပါတယ်။ အားကစားမှာ ၄.၆၇ ဘီလီယံ ကျွန်တော်အဲဒီလို အဖြတ်ခံရမယ်သာသိလို့ရှိရင် ကျွန်တော်ကျန်းမာရေးကနေ ဟိုထဲကို မထည့်လိုက်ဘူးခင်ဗျား။ နောက်မှ ကျွန်တော်က ကျန်းမာရေးကနေပြီးတော့ ဟိုအောက်ကို သူ့လုပ်ထုံး လုပ်နည်းအရပေးလို့ရတယ်။ အခုတော့ အားကစားကိုများသွားတာတွေ့တဲ့အခါကျတော့ အဖြတ်ခံ လိုက်ရတယ်။ အားကစားက ဘာလို့များသွားတာတွေ့သလဲဆိုတော့ နှစ်စဉ်နှစ်စဉ် ကျွန်တော်တို့က ၂၀ နှင့် ၂၂ ဘီလီယံပဲရတယ်။ ၂၀၁၈-၂၀၁၉ မှာကျွန်တော်က Exercise Medicine နဲ့ National Seminar on Sports Development ၊ Seminar ရဲ့ ထောက်ခံချက်၊ အဆိုပြုချက်တွေကို လုပ်ဖို့ဆိုပြီး ပိုက်ဆံပိုပေးတဲ့အခါမှာ ကျွန်တော်တို့က အဖြတ်ခံလိုက်ရပါတယ်။ ဒါပေမဲ့ အဖြတ်ခံ လိုက်ရတော့ မတတ်နိုင်ဘူး။ ရှိတဲ့ပိုက်ဆံကိုတော့ ကျွန်တော်တို့ သုံးမယ်။ ဒီလိုသုံးမယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ရှိတဲ့ ပိုက်ဆံတွေကနေ ရှိသမျှတစ်ပြည်လုံးမှာရှိတဲ့ အားကစားကွင်းတွေကိုတော့ ပြင်မှာပါ။ Net တွေပေးမှာပါ။ နောက်အကုန်လုံး အများကြီးရှိပါတယ်။ Table Tennis, Racket ၊ ခုံ အကုန်ဝယ်ပြီးတော့ ကျောင်းတွေပေးဖို့ အကုန်အများကြီးအစီအစဉ်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ National Finish ကိုရဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်တယ်။ အဲဒီတော့ လွှတ်တော် ကိုယ်စားလှယ်ကြီးကို ပြောချင်တာက ကျွန်တော်တို့အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံးလုပ်ပေးမယ်။ ရန်ကုန်တိုင်းအတွင်းကြီးက ရန်ကုန်တိုင်းထဲမှာ ၂၀၁၈-၂၀၁၉ မှာထည့်ထားတဲ့ပိုက်ဆံအခြေအနေအရ မရခဲ့သည်ရှိသော် ကျွန်တော်တို့ တစ်နည်းနည်းနဲ့ လှည့်ပြီးတော့လုပ်ပေးဖို့ ကျွန်တော်တင်ပြရင်းနဲ့ လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပင်လောင်းမြို့နယ်၊ တီကျစ်တိုက်နယ်ဆေးရုံအား လက်ရှိအဆောက်အဦနှင့် လူနာမမျှတ၍ လူနာဆောင် အဆောက်အဦတစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တီကျစ်ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံပြန်လည် လည်ပတ်နိုင်ရေးအတွက် အစည်းအဝေးတက်ရောက်ရင်း တီကျစ်ရပ်မိ ရပ်ဖများ မိမိတို့၏တိုက်နယ်ဆေးရုံကိုလည်း ဝင်ရောက်ကြည့်ရှုပေးပါရန် မေတ္တာရပ်ခံချက်အရ

သွားရောက်ခဲ့ပါတယ်။ တွေ့ရှိချက်အခြေအနေများကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ မြင်ရတဲ့ပုံကတော့ တီကျစ်ဆေးရုံရဲ့ပုံဖြစ်ပါတယ်။ တီကျစ်ဆေးရုံမှာတက်ရောက်ပြီးမှ လူနာတွေ ကုသနေတဲ့ပုံဖြစ်ပြီးတော့မှ အမျိုးသမီးရော၊ ယောကျ်ားရော ခွဲခြားထားလို့နေရာမရှိတာ ဖြစ်ပြီးတော့ တချို့လူနာမှာဆိုရင် ကြမ်းပြင်မှာထားပြီးတော့မှ လူနာစောင့်တွေနဲ့ ကြပ်တည်းနေတဲ့ပုံကို ပြထားတဲ့ပုံဖြစ်ပါတယ်။ တီကျစ်ဆေးရုံကို တက်ရောက်လာတဲ့လူနာတွေကို နေရာရဖို့အတွက် စောင့်ဆိုင်းနေရတဲ့ပုံဖြစ်ပါတယ်။ နောက်ပြီးတော့ ဆေးပေးခန်းကို လွတ်လပ်ရေးစတင်ရကတည်းက ဆောက်ထားတဲ့ လက်ရှိအသုံးပြုတဲ့ပုံဖြစ်ပါတယ်။ ဆေးခန်းထဲမှာလည်းပဲ လူနာတွေက မလုံလောက်နိုင်တဲ့ အတွက်ကြောင့်မို့လို့ ဒီအဆောက်အဦဟောင်းတွေမှာပဲ မဖျက်ဘဲနဲ့ လူနာတွေကို တင်ပြီးမှ ကုသနေရတဲ့ပုံဖြစ်ပါတယ်။ အခြေအနေအရပ်ရပ်ကို တင်ပြနိုင်ဖို့အတွက်က ကျွန်တော်တို့ လေ့လာတဲ့ပုံဖြစ်ပါတယ်။ ဒါ တီကျစ်ဆရာတော်ဘုရားကြီးကနေ ဆောက်လုပ်လှူဒါန်းမယ့် နှစ်ထပ်ဆောင်အဆောက်အဦကို ဆောက်လုပ်နေဆဲ အဆောက်အဦဖြစ်ပါတယ်။ ဒါက တီကျစ်ဆေးရုံတည်နေရာနဲ့ ဝယ်ယူလှူဒါန်းထားတဲ့မြေဖြစ်ပါတယ်။ အနက်ရောင်နဲ့ဖော်ပြထားတာကတော့ ဒေသခံစေတနာရှင်များ ဝယ်ယူထားတဲ့မြေဖြစ်တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ မြေရဲ့အာမခံချက်ပုံစံ(၁၀၅)ကို ရယူထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းမေးမြန်းရတဲ့ အကြောင်းရင်းကတော့ (၅)ချက်ရှိပါတယ်။ (၁) ပင်လောင်းမြို့နယ်အတွင်း လူဦးရေ ၁၉၂၂၅၇ ဦး ရှိပြီးတော့မှ တီကျစ်တိုက်နယ်ကို မှီခိုအားထားရတဲ့ ကျေးရွာအုပ်စုပေါင်းက ကိုးခုရှိပြီးတော့၊ လူဦးရေပေါင်းက ၇၇၀၀၀ ကျော်ရှိပြီးတော့မှ ပင်လောင်းမြို့နယ်မှာလည်းပဲ ခုတင်(၅၀)ဆံ့ဆေးရုံ မရှိသေးခြင်း၊ (၂) သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို အနည်းအများထိခိုက်စေနိုင်တဲ့ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးတူးဖော်တဲ့မိုင်း နီးကပ်စွာ တည်ရှိပြီးတော့မှ တီကျစ်မြို့ရဲ့ အနီးပတ်ဝန်းကျင်တွင် စက်ရုံနှစ်ရုံရှိပါတယ်။ (၃) မှီခိုအားထားရတဲ့ကျေးရွာအုပ်စုလေးခုကတော့ အထက်မှာက တောတောင်ထူထပ်တဲ့ ပေါင်းလောင်းချောင်းရဲ့ရေဝေရေလဲဖြစ်သော အရပ်ဒေသမှာ နေထိုင်ကြ ပြီးတော့မှ ပင်လောင်းမြို့နယ်ရဲ့ရာသီဥတုအပြောင်းအလဲပြင်းထန်မှုကြောင့် ဖျားနာမှုတွေ၊ အသားဝါမှုတွေ၊ အထွေထွေရောဂါလူနာတွေ၊ နောက်စဉ်ဆက်မပြတ်ဖြစ်ပေါ်တတ်ခြင်း၊ (၄) ဒီနေ့ ဆရာတော်ဘုရားကြီးက နေ့စဉ်နှင့်အမျှတွေ့မြင်နေရတဲ့ လူမှုဒုက္ခအဖြာဖြာကို တစ်စိတ်တစ်ဒေသ ပြေလည်စေသောအားဖြင့် သံဃာ့ဆေးရုံအမည်တွင်စေမယ့် နှစ်ထပ်ဆေးရုံအဆောက်အဦကိုလည်း ဆောက်လုပ်လှူဒါန်းပြီးဖြစ်တဲ့အပြင်မှာ စေတနာရှင်ဒေသခံများကလည်း ဆေးရုံအဆောက်အဦများကို ဆောက်လုပ်နိုင်ဖို့အတွက် ၁၀၃ ပေ x ၁၂၆ ပေကျယ်သော မြေကွက်ကို သိန်းနှစ်ရာဖြင့်လည်းကောင်း၊ ၂၇၀ ပေ x ၃၄၀ ပေ မြေကွက်ကို သိန်းလေးရာဖြင့်လည်းကောင်း ဆေးရုံနဲ့ ကိုက်တွက်ပြီးတော့မှ ဝယ်ယူလှူဒါန်းပေးပြီးဖြစ်ပါတယ်။ (၅) သို့ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ တီကျစ်ကျေးရွာအုပ်စုကိုးခုမှ တိုင်းရင်းသားလုပ်သားပြည်သူများ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုကို အပြည့်အဝခံယူနိုင်စေဖို့နဲ့ ခံယူနိုင်ရန်အတွက်က ပြည်ထောင်စုဝန်ကြီးဆန္ဒအနေဖြင့် တိုးချဲ့လူနာဆောင်တစ်ဆောင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေး

နိုင်ခြင်းရှိ/မရှိ သိလိုကြောင်းမေးခွန်းကို လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း၏မေးခွန်းဖြစ်တဲ့ ပင်လောင်းမြို့နယ်၊ တီကျစ် (၁၆)ခုတင်ဆံ့ တီကျစ်တိုက်နယ် ဆေးရုံအား လက်ရှိအဆောက်အဦနဲ့ လူနာမမျှတတဲ့အတွက် လူနာဆောင်အသစ်တစ်ခု ဆောက်လုပ်ရေးကိစ္စနှင့်ပတ်သက်၍ ဖြေကြားပါမယ်။ ပင်လောင်းမြို့နယ်ရဲ့လူနာကုသမှုအခြေအနေကို ကြည့်လိုက်တဲ့အခါမှာ ၂၀၁၇ ခုနှစ်မှာ  တစ်နေ့ပျမ်းမျှအတွင်းလူနာ ၂၉ ဦးရှိပါတယ်။ ခုတင်က (၁၆)ခုတင်ဖြစ်ပါတယ်။ ပျမ်းမျှပြင်ပလူနာကလည်း ၅၉ ဦးရှိပါတယ်။ ပြည်သူများက ဒီဆေးရုံကို အားကိုးတယ်ဆိုတာက ထင်ရှားပါတယ်။ ၂၀၁၇ ခုနှစ်တစ်နှစ်လုံးမှာ အတွင်းလူနာပေါင်း ၂၂၂၇ ဦး ကုသပေးခဲ့ပြီးတော့ ပြင်ပလူနာပေါင်း ၁၄၃၀၀ ကျော် ကုခဲ့တယ်ဆိုတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ လိုအပ်လျက်ရှိတဲ့ တိုးချဲ့လူနာဆောင်ဆောက်လုပ်ဖို့အတွက်က တွက်ချက်လိုက်တဲ့အခါမှာ ၁၈၇ သန်းကျပါတယ်။ ၁၈၇ သန်းကျတဲ့အခါကျတော့ လာမယ့် အောက်တိုဘာလမှာစတဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သန်း ၁၀၀ လျာထားတောင်းခံထား ပါတယ်။ ခွင့်ပြုချက်လည်း ရလိမ့်မယ်လို့ ထင်ပါတယ်။ ရမယ်ဆိုလို့ရှိရင် တစ်ခါတည်းပေးမယ်။ ကျန်တဲ့ တွက်ချက်တဲ့ ၈၇ သန်းကျန်တာကို ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာဖြစ်ပါတယ်။ ပင်လောင်း-တီကျစ်မြို့နယ်ကနေ အကျိုးတစ်ခုဘာထူးခြားလဲဆိုလို့ရှိရင် ဒီနှစ်ကို ကျွန်တော်တို့အနေနဲ့ Year of Housing ဝန်ထမ်းအိမ်ရာနှစ်လို့သတ်မှတ်တဲ့အတွက် ပင်လောင်းအနေနဲ့ ထပ်ပြီးတော့ ဘာရလဲ ဆိုတော့ နှစ်ခန်းတွဲတစ်ထပ်ဆရာဝန်အိမ်ရာ RC တစ်ထပ်အဆောက်အဦတစ်လုံး၊ ၃၈ သန်း နှစ်ချင်းပြီး ပေးပါမယ်။ တစ်ခါတည်းပေးလိုက်မယ်။ တစ်နှစ်တည်းအပြီးပေးမယ်။ နောက်တစ်ခါ လေးခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာ ၁၆၉၂ စတုရန်းပေရှိတဲ့ RC တစ်ထပ်အဆောက်အဦလည်း ပင်လောင်း၊ တီကျစ်ဆေးရုံက ရရှိမှာဖြစ်ပါတယ်။ သူတို့က အပိုဆောင်းအနေနဲ့ရရှိခြင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒီမှာတင်ပြလိုတာကတော့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ရမှာပါ။ ဆောက်လုပ်ရေး အတွက်ကို ၂၈၅ ဘီလီယံလောက်ရပါတယ်။ အဲဒီထဲက အဆောက်အဦတွေပဲ ဆောက်ဖို့၊ ဝန်ထမ်း အိမ်ရာဆောက်ဖို့ကို ကျွန်တော်တို့က ၁၆၇.၅ ဘီလီယံ၊ ဆေးရုံမပါဘူး။ ဝန်ထမ်းအိမ်ရာဆောက်ဖို့ အဲဒီလောက်လျာထားပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အကုန် သတ်မှတ်ထားပြီးပါပြီ။ ဆေးရုံ အဆောက်အဦနဲ့ အားကစားကွင်းအတွက်ကိုတော့ ၁၁၇.၆၇ ဘီလီယံလျာထားပါတယ်။ ဒါဟာ ကျွန်တော်တို့အနေနဲ့ ကောင်းတဲ့သတင်းပါပဲ။ ဝန်ထမ်းအိမ်ရာနဲ့ ဆေးရုံတွေဆောက်မယ်ဆိုရင် ဒါကို

ကျွန်တော်ဆက်လက်လုပ်မှာပါ။ တီကျစ်ကလည်း အခုရဖို့သေချာသလောက်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မန်တုံမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်စာရင်းတွင် အမှန်တကယ်အသုံးပြုခြင်းမရှိဟု ကြားသိရသော ငွေစာရင်းခေါင်းစဉ်သေး (မူလခေါင်းစဉ်သေးကလေး)အား ပြန်လည်စိစစ်ရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ အမှန်တကယ်အသုံးမပြုဘဲ နိုင်ငံတော်ဘဏ္ဍာမှ စာရင်းတင်တောင်းထားကြောင်း ပေါ်ပေါက်ပါက အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။ မန်တုံမြို့နယ်၊ မြို့နယ် ပြည်သူ့ဆေးရုံ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်တွင် အမှန်တကယ်အသုံးပြုခြင်း မရှိဟု ကြားသိရသော ငွေစာရင်းခေါင်းစဉ်သေးအား ပြန်လည်စိစစ်ရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍အမှန်တကယ်အသုံးပြုခြင်းမရှိဘဲ နိုင်ငံတော်ဘဏ္ဍာမှ စာရင်းတင်တောင်းထားခြင်းအပေါ် ပေါ်ပေါက်ပါက အရေးယူဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုပါရှင်။ ကျွန်မရဲ့မန်တုံမြို့နယ် ပြည်သူ့ဆေးရုံဟာ ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်ပါတယ်။ ဒါပေမဲ့ ဆေးရုံရဲ့ ၂၅ ခုတင်ဆံ့ဆေးရုံဆိုပေမဲ့လည်း ဆေးရုံရဲ့အဆောက်အဦအနေအထားဟာ အခုလက်ရှိအချိန်အထိ တိုက်နယ်ဆေးရုံအဆင့်သာရှိပါသေးတယ်။ ၂၅ ခုတင်ဆံ့ဆေးရုံမှာ မီးချောင်းအရေအတွက်ပေါင်း ၄၈ ချောင်း၊ မီးလုံး ၃၀ လုံး အမှန်တကယ်အသုံးပြုတဲ့မီးချောင်းက ၂၁ ချောင်းရှိပြီးတော့ မီးလုံးက ၂၀ လုံးရှိပါတယ်။ ဝန်ထမ်းအိမ်ရာများမှ မီတာဆိုလို့ရှိရင်လည်း ဝန်ထမ်းကိုယ်တိုင်ပေးဆောင်ရခြင်းဖြစ်ပါတယ်။ ပုံမှန်အားဖြင့်ကတော့ ဆေးရုံက အထွေထွေအသုံးစရိတ်တွေကို လူနာကနေတစ်ဆင့်ရရှိတဲ့ ရန်ပုံငွေကနေတစ်ဆင့် ကျခံသုံးစွဲ ရတာဖြစ်ပါတယ်။ အခြားသောငွေစာရင်းခေါင်းစဉ်အသေးတွေကို Charity ကနေပြီးတော့ ၂၀၁၅ ခုနှစ်ကနေစပြီးတော့မှ ပုံမှန်ထောက်ပံ့ပေးသွားတာဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ သာမန်အသုံစရိတ်စာရင်းတင်ပြတောင်းခံတဲ့ အသုံးစရိတ်စာရင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်ဘဏ္ဍာနဲ့ ကမ္ဘာ့ဘဏ်နှစ်ခုပေါင်းပြီးတော့ စုစုပေါင်းသိန်း ၁၁၁၁၁၁၃၀၀ ကျော် သိန်းပေါင်းတစ်ထောင်ကျော် တင်ပြတောင်းခံထားတာ တွေ့ရှိရပါတယ်။ ဒါဆိုလို့ရှိရင် Charity က ပုံမှန်လစဉ် ထောက်ပံ့တဲ့ အသုံးစရိတ်ရှင်းတမ်းပဲ ဖြစ်ပါတယ်။ ဒါလည်း Charity ကနေပြီးတော့ ပုံမှန် ထောက်ပံ့ထားတဲ့ အသုံးစရိတ်ပဲဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အသုံးပြုတဲ့ငွေစာရင်းခေါင်းစဉ် ထဲကနေပြီးတော့ Charity ထဲကနေပြီးတော့ ပုံမှန်ထောက်ပံ့ထားတဲ့ငွေစာရင်းခေါင်းစဉ်တွေကတော့ သယ်ယူပို့ဆောင်ခ၊ ရုံးအသုံးအဆောင်ပစ္စည်း၊ နောက် ဓာတ်ဆီ၊ ချောဆီ၊ စက်ဆီ၊ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်း၊ စာအုပ်၊ စာနယ်ဇင်း၊ သတင်းစာခ နောက်ပြီးတော့ ရုံးလုပ်ငန်းသုံးဆိုင်တဲ့ Stationary ပိုင်းတွေ၊ နောက်ပြီးတော့ ပုံနှိပ်ခ

စတဲ့ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျ စရိတ်တွေအကုန်လုံးက Charity ကထောက်ပံ့ပေးထားတာ ဖြစ်ပါတယ်။ အခု ကျွန်မဒီမှာ ဖော်ပြထားပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အမှန်တကယ် အသုံးပြုတဲ့အစားအစာနဲ့ စာနပ်ရိက္ခာဟာ စုစုပေါင်း ၇၈၀၀၀ ကျပ်သာရှိပါတယ်။ သို့သော် သူကဒီမှာ စာရင်းတင်တောင်းထားတာနဲ့ အရမ်းကိုကွာဟနေပါတယ်။ ခုနတုန်းက သူစာရင်းတင်တောင်းထားတဲ့ အထဲမှာ Charity ကလှူဒါန်းထားတာဖြစ်ပေမဲ့လည်း အသုံးစရိတ်အနေဖြင့် သူက ပိုပြီးမှတင်တောင်း ထားတာ တွေ့ရပါတယ်။ အမှန်တကယ်တမ်းဆိုလို့ရှိရင် ဒီကုန်ကျစရိတ်တွေကို ကျွန်မတို့ ပြည်သူ့ ဆေးရုံအနေနဲ့ လုံးဝတင်တောင်းစရာမလိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၈ ခုနှစ် မေလ မြို့နယ်ပြည်သူ့ဆေးရုံမှ စာရေးကြီးအား စစ်ဆေးအရေးယူ ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တိုင်ကြားခဲ့ပါတယ်။ ၎င်းစာရေးကြီးအား ၂၀၁၄ ခုနှစ်တွင်တစ်ကြိမ် အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီးတော့ မြို့နယ်ပြည်သူ့ ဆေးရုံမှ ဝန်ထမ်းများ လက်မှတ်ရေးထိုးတိုင်ကြားခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှာ စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး စိစစ်ခဲ့သော်လည်း တစ်စုံတရာအပြစ်ပေးခြင်း၊ အရေးယူခြင်း မရှိသည့်အပြင် အငယ်တန်းစာရေးမှ အထက်တန်းစာရေးရာထူးသို့ တိုးမြှင့်ချီးမြှောက်ခြင်းကို ခံရပါတယ်။ ၎င်းစစ်ဆေးချက်အစီရင်ခံစာကို လေ့လာဖတ်ရှုကြည့်တဲ့အခါမှာ အင်မတန်မှညံ့ဖျင်းသည့် အစီရင်ခံစာဖြစ်ကြောင်း တွေ့ရပါတယ်။ ၎င်းစာရေးကြီးအား အမည်တပ်ပြီး တိုင်ကြားရခြင်း အချက် သုံးချက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီးတော့ တိုင်ကြားရခြင်း တစ်ကြောင်း၊ မန်တုံမြို့နယ်လူမှုအသိုင်းအဝိုင်းနှင့် ဌာနဆိုင်ရာပတ်ဝန်းကျင် ငွေကြေးအလွဲသုံးစားမှုနှင့် အဂတိလိုက်စား မှုများနှင့်ပတ်သက်၍ ဂုဏ်သတင်းကျော်ဇောခြင်း။ ဥပမာ - ဆေးရုံတွင် ဝန်ထမ်း အဖြစ် လာရောက်လျှောက်ထားရာတွင် ငွေသုံးသိန်းတောင်းခံခြင်း။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး၏ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံပြည်သူ့ဆေးရုံ၏ငွေအသုံးစရိတ်ကိစ္စ များနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းပါမယ်။ ကျွန်တော်တို့ဆီကို မေးခွန်းမေးတဲ့အခါမှာတော့ တင်ပြတဲ့အချက်တွေမပါပါဘူး။ မေးခွန်းမေးတာကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် ပြည်သူ့ဆေးရုံ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်တွင် အမှန်တကယ် အသုံးပြုခြင်းမရှိဟု ကြားသိရသော ငွေစာရင်းခေါင်းစဉ်အသေး(မူလခေါင်းစဉ်အသေး)အား စစ်ဆေး ပေးဖို့နဲ့ အကယ်၍ အမှန်တကယ်အသုံးမပြုဘဲ နိုင်ငံတော်ဘဏ္ဍာမှ စာရင်းတောင်းထားခြင်း ပေါ်ပေါက်က အရေးယူဆောင်ရွက်ရန်ဆိုပြီး ကျွန်တော်တို့ကို မေးထားပါတယ်။ ဒီမှာမေးထားတာက တော့ စာရင်းအသေးအနေနဲ့ကတော့ လျှပ်စစ်ကိစ္စဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်

မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးဌာနသို့ ပေးသွင်းရမည့်အခွန်အခ ရန်ပုံငွေက ၃.၅၊ မီတာခက ၀.၇၆၈ ဆိုတော့ ၄.၃၃ သန်းဖြစ်တယ်။ ဒါကတော့ ကြည့်တဲ့အခါမှာ ကျွန်တော်တို့က ဘာမှမတွေ့ပါဘူး။ မှန်နေပါတယ်။ သို့သော်လည်း ကျွန်တော်တို့ဆီကို နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ စာလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းတွေက အကုန်လုံး အဲဒီစာမှာပါပါတယ်။ အဲဒီမှာ ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ ချက်ချင်း PE ကနဦးစစ်ဆေးခြင်းကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့စာရင်းစစ်မှ ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့နဲ့ဥက္ကဋ္ဌဖြစ်ပြီး စစ်ဆေးပါတယ်။ ဒီစစ်ဆေးတွေ့ရှိချက်ကတော့ PE ပဲဖြစ်တဲ့အတွက် ကျွန်တော် ဒီနေရာမှာ မတင်ပြချင်ပါဘူး။ မမှန်တာတွေအများကြီးရှိပါတယ်။ ဘာတွေတွေ့လဲဆိုတော့ ကျွန်တော်တို့ အသေးစိတ်ရှိပါတယ်။ ဒီမှာတော့ တင်ပြလို့မကောင်းတဲ့အတွက် မတင်ပါဘူး။ သို့သော်လည်း TE ပြီးတာနဲ့ DE လုပ်မယ်။ အမြန်ဆုံးလုပ်ဖို့အတွက် DE ပြီးလို့ရှိရင်တော့ ကျွန်တော်တို့က အရေးယူမှာပါ။ ဒီမှာလည်း သူတို့ PE မှာလည်း အရေးယူမယ့်အချက်တွေ ဘယ်လိုအရေးယူသင့်သလဲ။ အကုန်လုံးပါပါတယ်။ အဲဒီတော့ DE ကို ချက်ချင်းလုပ်ပြီးတော့ DE ပြီးရင် ကျွန်တော်တို့လုပ်မယ်။ ဒီနေရာမှာတစ်ချက်က ကျွန်တော်တို့ လုပ်နေစဉ်ကာလအတွင်းမှာပဲ ၂၁-၇-၂၀၁၈ ရက်နေ့ကလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရှမ်းပြည်နယ် စာရင်းစစ်ရုံး ညွှန်ကြားရေးမှူး ဦးမောင်မောင်လေး ဦးဆောင်သောအဖွဲ့က ပြည်နယ်ရုံးလာရှိုးမှာသွားပြီး ဒီကိစ္စတွေကို သူတို့အသေးစိတ်စစ်တဲ့အခါမှာလည်း သူတို့တွေ့ရှိချက်တွေ ရှိမှာပါ။ သို့သော် ကျွန်တော်တို့ဘက်ကတွေ့ရှိချက်တွေကတော့ တော်တော်လေးထင်ရှားပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့မညီတာတွေ အများကြီးတွေ့ပါတယ်။ မလုပ်သင့်တဲ့အချက်လေးများ လုပ်ထားတာကိုတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အကုန်လုံး ပြန်လည်ခြုံငုံသုံးသပ်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော့်အနေနဲ့က သူတို့မသိလို့လုပ်လိုက်တာလား။ သိသိနဲ့လုပ်တာလား။ ဒါတွေကို ကျွန်တော်တို့က အသေးစိတ်ဖော်ထုတ်ပေးပါမယ်။ အရေးတော့ယူပါမယ်။ တွေ့ရှိချက်ကိုတော့ ဒီနေရာမှာ ကျွန်တော်မတင်ပြသင့်ဘူးဖြစ်တဲ့အတွက် ကနဦးစစ်ဆေးချက် ကျွန်တော် ဒီမှာမတင်ပြပါဘူး။ ကျွန်တော်တို့က အမှန်တရားကို အမှန်တရားဖြစ်အောင်တော့ လုံးဝလုပ်မယ်ဆိုတာကို ကျွန်တော် ဒီမှာ ကတိပြုဝန်ခံရင်းနဲ့ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလို မေးခွန်းများ မေးမြန်းတဲ့အချိန်မှာ မူလဥပဒေမှာ သုံးမိနစ်ပဲခွင့်ပြုထားပါတယ်။ ဒါပေမဲ့လို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေး မဆုံးရှုံးရလေအောင်ဆိုပြီးမှ ငါးမိနစ်ကို တိုးပေးထားပါတယ်။ ဒီလို ပေးထားသော်ငြားလည်း တချို့သော လွှတ်တော်ကိုယ်စားလှယ်များဟာ မေးခွန်းမေးမြန်းတဲ့အခါမှာ အဖြေမှန်ပြည့်ပြည့်စုံစုံရရှိဖို့ အပြည့်အစုံဖော်ပြပြီး မေးမြန်းဖို့တော့လိုလိမ့်မယ်။ မိမိမေးမြန်းတဲ့အချိန်မှာလည်း ပြည့်ပြည့်စုံစုံမေးမြန်းနိုင်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ဆောင်ရွက်ထားပါမှ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း အပြည့်အစုံ လာရောက်ဖြေကြားနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**လွိုင်လင်မြို့နယ်၊ တန့်အယ်ကျေးရွာအုပ်စု၊ ကုန်းကျောင်းရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ လွှတ်တော်အစည်းအဝေးရပ်နားထားတဲ့အချိန်မှာ မိမိ၏မဲဆန္ဒနယ်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့် လွှတ်တော်အတွေ့အကြုံများရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာမှာ မဲဆန္ဒရှင်မိဘပြည်သူများမှ ကျန်းမာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြမေးမြန်းပေးပါရန် တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာကျန်းမာရေးဌာနသို့ အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စု၊ ကုန်းကျောင်းရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖွင့်လှစ်၍ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးပါမည်နည်း၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၏ မေးခွန်းဖြစ်တဲ့ လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စု၊ ကုန်းကျောင်းရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖွင့်လှစ်၍ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ လွိုင်လင်မြို့နယ်မှာ ကျေးရွာပေါင်း သုံးရွာရှိပါတယ်။ အိမ်ခြေပေါင်း ၂၃၀၀၀ ကျော်ရှိပြီးတော့ လူဦးရေပေါင်း ၁၃၀၀၀၀ ခန့်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးကဏ္ဍအနေနဲ့ကတော့ တိုက်နယ်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၆ ခု၊ မိခင်နှင့် ကလေးကျန်းမာရေး သုံးခုဖွင့်ပြီး ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ဖွင့်လှစ်မယ်ဆိုလို့ရှိရင် သူ့ရဲ့ Criteria ရှိပါတယ်။ Criteria က ခြောက်ချက်ရှိပါတယ်။ ခြောက်ချက်မှာ ကျွန်တော် ငါးချက်နဲ့ပြည့်မီတဲ့အတွက် ဒါကိုဖွင့်ဖို့လုပ်မှာပါ။ ဖွင့်လို့ရှိရင် ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၄၃၆ အိမ်၊ လူဦးရေ ၃၀၀၀ နီးပါးခန့်ကိုလည်း ကျန်းမာရေးလွှမ်းခြုံမှုပေးနိုင်မှာဖြစ်ပါတယ်။ ဒီအတွက်

ကြောင့် ကျွန်တော်တို့က မြေနေရာလည်းရှိပြီးပြီဖြစ်တဲ့အတွက် ဆောင်ရွက်ပေးမယ်။ ၂၀၁၈-၂၀၁၉ မှာကတော့ အားလုံးထည့်ထားတာက ပြီးနေပြီဖြစ်တဲ့အတွက် ထပ်ထည့်လို့မရတော့ပါဘူး။ အဲဒါကြောင့် ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်မှာကတော့ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပေးမယ်ဆိုလို့ ရှိရင်တော့ ပါဖို့သေချာသလောက်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ထို့အပြင် ပြည်နယ်ကျန်းမာရေးဦးစီးမှူးကလည်း ထောက်ခံထားပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပေးမယ်ဖြစ်ပါတယ်။ လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံခုတင်(၅၀)ဆံ့အား ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့အား ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်ရှိ ပြည်သူ့ဆေးရုံကို ၁၀-၂-၁၉၁၃ ရက်နေ့တွင် ၁၆ ခုတင်ဆံ့မြို့နယ်ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၂ ခုနှစ် ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ်လည်းကောင်း၊ ၁၃-၆-၂၀၁၄ ရက်နေ့တွင် ၅၀ ခုတင်ဆံ့ဆေးရုံအဖြစ်လည်းကောင်း တိုးချဲ့၍ ဖွင့်လှစ်ရရှိခဲ့ပါတယ်။ ကျောင်းကုန်းမြို့နယ်မှာ ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာခွဲပေါင်း ၄၁၇ ရွာရှိပြီး မြို့နယ်စုစုပေါင်းလူဦးရေမှာ ၁၀၇၉၆၂ ဦးရှိပြီး ကျေးလက်လူဦးရေမှာ ၁၅၆၉၃၄ ဦးရှိပါတယ်။ ဆေးရုံခွင့်ပြုခုတင်အရေအတွက်မှာ ၅၀ ခုတင်ဖြစ်သော်လည်း ဆေးရုံတွင်အသုံးပြုခုတင်အရေအတွက်မှာ ၈၅ ခုတင်ဖြစ်ပါတယ်။ ထားရှိအသုံးပြုနိုင်သောခုတင်အရေအတွက်မှာ ၁၂၀ ခုတင်ထားရှိနိုင်ပါတယ်။ ၂၀၁၇ ခုနှစ် အတွင်းလူနာဦးရေမှာ ၇၃၀၈ ဦးဖြစ်ပြီး ပြင်ပလူနာဦးရေမှာ ၆၉၆၃ ဦးရှိပါတယ်။ မွေးလူနာဦးရေမှာ ၁၅၆၃ ဦးဖြစ်ပြီး ခွဲစိပ်လူနာဦးရေမှာ ၈၉၃ ဦးဖြစ်ပါတယ်။ တစ်နေ့ပျမ်းမျှအတွင်းလူနာဦးရေမှာ ၈၅ ဦးဖြစ်ပြီး တစ်နှစ်ပျမ်းမျှပြင်ပလူနာဦးရေမှာ ၂၉ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင်၏အသုံးပြုမှုရာခိုင်နှုန်းမှာ ၁၇၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကျောင်းကုန်းမြို့ဟာ ပုသိမ်-ရန်ကုန်ကားလမ်းမကြီးဘေးရှိမြို့နယ်ဖြစ်ပြီး ယာဉ်မတော်တဆတိုက်ခိုက်မှုများ မကြာခဏဖြစ်ပေါ်ပြီး ဆေးရုံသို့ရောက်ရှိကြကာ အရေးပေါ်လူနာများအား ပုသိမ်မြို့နှင့် ရန်ကုန်ဆေးရုံကြီးများသို့ လွှဲအပ်စေလွှတ်ခဲ့ရပါတယ်။ အလားတူ မြို့နယ်အတွင်းမှာရှိတဲ့ အရေးပေါ်လူနာများကိုလည်း ပုသိမ်နှင့် ရန်ကုန်ဆေးရုံကြီးများသို့ လွှဲအပ်ခဲ့သည်များရှိပါတယ်။ ခုတင် ၅၀ ဆံ့အား ခုတင် ၁၀၀ အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါက အရေးပေါ်လူနာများလည်း ကုသနိုင်မှာဖြစ်ပါတယ်။ အားကစားကွင်းမြေနေရာ မြေနှစ်ဧကကိုလည်း ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးကို စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အဆိုပါမြေပေါ်မှာလည်း လိုအပ်တဲ့အဆောက်အဦများကို ဆောက်လုပ်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေး

ဝန်ထမ်းများ၏ကုသဆောင်ရွက်ချက်များကြောင့် ၂၀၁၇ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ဆေးရုံ စွမ်းဆောင်ရည်အကောင်းဆုံးဆု၊ စံပြမြို့နယ်ဆေးရုံဆုကိုလည်း ရရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကျောင်းကုန်းမြို့နယ်၊ ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့အား ခုတင် ၁၀၀ ဆံ့ဆေးရုံ အဖြစ် တိုးချဲ့မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏မေးခွန်းဖြစ်တဲ့ ကျောင်းကုန်းမြို့ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ကနေ ၁၀၀ ဆေးရုံ အဖြစ် တိုးမြှင့်ဆောင်ရွက်မယ့်ကိစ္စနဲ့ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်ပြီးတော့ ကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောခဲ့သလိုမှန်ပါတယ်။ ကျောင်းကုန်းမြို့နယ်ကတော့ ပထမဆုံးက ၂၅ ခုတင်ကနေပြီးတော့ ၂၀၁၄ ခုနှစ်မှာ ခုတင် ၅၀ ဖြစ်သွားပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၄ ခုနှစ်ကနေ ခုတင် ၅၀ ဖြစ်တဲ့အချိန်ကနေ ယခုအချိန်အထိ ဆေးရုံခုတင်အသုံးပြုမှုကို ကြည့်တဲ့ အခါမှာ ၂၀၁၄ ခုနှစ်မှာ ၁၃၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၁၆၇ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာ ၁၇၇ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၁၇၀ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ် လပိုင်းမှာဆိုရင် ၁၆၂ ရာခိုင်နှုန်းရှိတဲ့ အတွက် ကျွန်တော်တို့ရဲ့ Criteria နဲ့သွားညီတာတွေ့ရပါတယ်။ ပျမ်းမျှခြင်းအားဖြင့် ၁၆၂.၅ ရာခိုင်နှုန်း ရှိတယ်ဆိုတာလည်းတွေ့ရတဲ့အတွက် ကျွန်တော့်အနေနဲ့ ပေးဖို့အစီအစဉ်ရှိပါတယ်။ သို့သော်လည်း ဒီမှာတစ်ခုတင်ပြချင်တာက လောလောဆယ်ခုတင် ၅၀ ဆံ့ဆေးရုံမှာတောင်မှ ဝန်ထမ်း ၈၁ ယောက်မှာ ၄၂ ယောက်က ကွမ်းကျင်ပေါ့။ အကုန်လုံးမခန့်နိုင်သေးပါဘူး။ ဆရာဝန်တွေနဲ့ ခုနစ်ယောက်မှာ နှစ်ယောက်ပဲခန့်နိုင်ပါသေးတယ်။ မြို့နယ်ကျန်းမာရေးမှူးလည်း မရှိသေးပါဘူး။ သို့သော်လည်း ကျွန်တော့်အနေနဲ့ မကြာခင်ကာလမှာ အစိုးရအဖွဲ့လည်း သဘောတူပြီးသလောက်ဖြစ်နေပါပြီ။ ဆရာဝန် ၂၀၀၀ ကိုခေါ်ဖို့ရှိပါတယ်။ လာမယ့် နှစ်ပတ်၊ သုံးပတ်လောက်အတွင်းမှာ အဲဒီမှာခေါ်တဲ့ အခါမှာဆိုလို့ရှိရင် ဗဟိုကနေပြီးတော့ ထွက်လာတဲ့ဆရာဝန်တွေ၊ Experience ရတဲ့ဆရာဝန်တွေ အနည်းဆုံး တစ်ယောက်အထက်တော့ ပို့ပေးမယ်။ နောက်တစ်ချက်က ကျွန်တော့အနေနဲ့က ဒီမှာ ခုတင် ၁၀၀ လုပ်လို့ရှိရင် အထူးကုကိုးမျိုးလောက် ကျောင်းကုန်းကရရှိမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့် ပတ်သက်လို့လဲ ကျွန်တော့်အနေနဲ့ နှစ်စဉ် နှစ်စဉ် အထူးကုတွေ၊ Post Graduate တွေ ခေါ်နေပါ တယ်။ တစ်ခုပဲ ဒီမှာ ကျွန်တော် တင်ပြလိုတာကတော့ ၁၀၀ ပေးသော်ငြားလည်း ချက်ချင်း ၁၀၀ ပေးတဲ့နေ့မှာ အထူးကုကိုးမျိုးလုံးရဖို့တော့ မလွယ်ပါဘူး။ အဆင့်လိုက် အဆင့်လိုက် Step by၊ Face by နဲ့ပေးမယ်လို့ ပြောကြားအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပေးသင့်တဲ့ဆေးရုံလည်း ဖြစ်ပါတယ်။ ၁၀၀ ပြီးတော့ သူ့ကိုပေးခြင်းအားဖြင့် ဆေးရုံကြီးတွေကိုသွားတဲ့ လူနာဦးရေလည်း နည်းသွားမှာဖြစ်တဲ့

အတွက် ၁၀၀ ခုတင်ကိုပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ (၂၃-၇-၂၀၁၈)ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ (က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၅-၇-၂၀၁၈ နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များတို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၂၃)ချက်ကို သဘောတူသင့်ကြောင်းနဲ့ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၀)ချက်နဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရမယ့်အချက်နှစ်ချက်ရှိကြောင်း တင်ပြလာပါတယ်။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၂၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းရှင်။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ဖြစ်တဲ့ (၇-၃-၂၀၁၈ ရက်နေ့)မှာ ပြင်ဆင်ချက်များနဲ့ အတည်ပြုခဲ့ပြီးတဲ့နောက် အမျိုးသားလွှတ်တော် သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၁၉-၆-၂၀၁၈ ရက်နေ့မှာကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ဖြစ်တဲ့ (၂၃-၇-၂၀၁၈ ရက်နေ့) တနင်္လာနေ့မှာ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၅-၇-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ဒေါက်တာစိန်မြအေး၊ ဒလမဲဆန္ဒနယ်က ဆွေးနွေးရန်နဲ့ ပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက် အဆိုတင်သွင်းသူ ဒလမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁-၈-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုခဲ့တဲ့အချက်များအနက်မှ (၂၃)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ဒီအချက် (၂၃)ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဝေငှထားပြီးလည်း ဖြစ်ပါတယ်ရှင်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၂၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၃ | ၁၊ ၃၊ ၄၊ ၅၊ ၆ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(ပ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) |
| (ခ) | ၅ မှ ၉ | ၈၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ | အပိုဒ် ၄ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ် (၄)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ (ည)၊ အပိုဒ် ၈ အပိုဒ်ခွဲ(က) |

| | | | |
|---|---|---|---|
| (ဂ) | ၁၀ မှ ၁၄ | ၂၃၊ ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉ | အခန်း(၁၀)ခေါင်းစီး၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၄၊ အပိုဒ် ၄၁ |
| (ဃ) | ၁၅ မှ ၁၇ | ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅ | အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၅၃ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၂၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်၊ အတည်ပြုချက်(၂၃)ချက်အား သဘောတူကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၂၃)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အချက်(၂၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနဲ့ ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၀)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒီညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်ရှိပါတယ်။ ဒီ

ထပ်မံပြင်ဆင်ရန် တင်ပြချက်ဇယားကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်ရှင်။

[ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၂ | အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဥ)ကို ပယ်ဖျက်ခြင်း |
| (ခ) | ၃ မှ ၄ | ၇ | အပိုဒ် ၄ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) |
| (ဂ) | ၅ | ၉ | အပိုဒ် ၄ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃) |
| (ဃ) | ၆ | ၁၁ | အပိုဒ် ၄ အပိုဒ်ခွဲ(ဃ) |
| (င) | ၇ | ၁၂ | အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ခြင်း |
| (စ) | ၉ မှ ၁၀ | ၁၉၊ ၂၁၊ ၂၂၊ ၂၅ | အပိုဒ် ၈ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က) |
| (ဆ) | ၁၄ | ၃၀ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၁ ခြွင်းချက်ကို ပယ်ဖျက်ခြင်း |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်အား သဘောတူကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၀)ချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၀)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောမတူတဲ့အချက်(၂)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒီညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီတဲ့ အချက်(၂)ချက်ရှိပါတယ်။ ဒီ အချက်(၂)ချက်နဲ့ပတ်သက်လို့လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှထားပြီးသား ဖြစ်ပါတယ်ရှင်။

[ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်(၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၉ | ၁၈ | အပိုဒ် ၈ အပိုဒ်ခွဲ(ခ) |
| (ခ) | ၉ | ၂၀ | အပိုဒ် ၁၂ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိမယ့်အချက်(၂)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး)**။ ။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ထားရှိမည့်အချက်(၂)ချက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ကတော့ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၂)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၂)ချက်ကို ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၁၂)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ သာကေတ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် များဖြင့် ပေးပို့လာခြင်းအပေါ် သဘောထားကွဲလွဲခဲ့သည့်အချက်(၁၂)ချက်ကို ပြည်ထောင်စု

လွှတ်တော်တွင် အဆုံးအဖြတ်ရယူပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာပါ ကိစ္စနဲ့ ပတ်သက်၍ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ဖြစ်သည့် ၇-၃-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်း ဥပဒေကြမ်းကို ၁၉-၆-၂၀၁၈ ရက်နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့်ပေးပို့လာသည့် ပြင်ဆင်ချက်များ အနက် ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၀)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၂)ချက် စုစုပေါင်း အချက်(၁၂)ချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့် အတွက် တင်ပြချက်ဇယားဖြင့်လည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ထိုသို့ သဘောထားကွဲလွဲသည့် အချက်(၁၂)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၁၂)ချက်နဲ့ပတ်သက်၍ သဘောထားကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်း နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၂၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။ ၁၁း၃၀ မိနစ်အချိန်မှာ အစည်းအဝေးပြန်လည် စတင်မှာဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

**အချိန်။ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်ကတင်သွင်းသည့် စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝ မတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြင်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ် တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ (၂၃-၇-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမတင်သွင်း မသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင်အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့တင်ပို့ရောင်းချခြင်းကို ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာကူညီ ထောက်ပံ့ဖြေရှင်းပေးရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၆ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ဖြစ် ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းတဲ့ စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမတင်သွင်း မသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင်အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာကူညီ ထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို ကန့်ကွက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွဲ၊ နွားတင်ပို့မှုကန့်သတ်ခဲ့လို့ လုပ်ပိုင်ခွင့်ရတဲ့သူတွေ ကောင်းစား၊ မှောင်ခိုကြီးထွား၊ လယ်သမားတွေ ဝမ်းခါးမလှဖြစ်ခဲ့ရပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံ အပ်ပါတယ်။ ဒါကတော့ ကျွဲ၊ နွားမှောင်ခိုတင်တဲ့လမ်းကြောင်းတွေပါ။ ဒါ မူဆယ်(၁၀၅)မိုင်က နေပြီးတော့ တရားမဝင်သွားနေတဲ့လမ်းကြောင်းတွေပါ။ ဒါ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနားက လမ်းကြောင်းတွေပါ။ ကန်ပိုက်တီနားက လမ်းကြောင်းတွေပါ။ လွယ်ဂျယ်နားက လမ်းကြောင်းတွေပါ။

မြဝတီဘက်က လမ်းကြောင်းတွေပါ။ တာချီလိတ်ဘက်ကလမ်းကြောင်းတွေပါ။ ဒါ တရုတ်ကိုတင်ပို့မည့် တရားမဝင်နွားတွေပါ။ ဒါတရားမဝင်တင်ပို့တဲ့ကျွဲတွေ ဖမ်းဆီးရမိမှုဖြစ်ပါတယ်။ ဒါဘင်္ဂလားဒေ့ရှ် ဘက်ကို မှောင်ခိုထွက်နေတဲ့ပုံတွေပါ။ အဲဒီတော့ ကိုယ့်နိုင်ငံကနေပြီးတော့ တရားဝင်ခွင့်ပြုထားခြင်း မရှိပေမဲ့ ထိုင်းဘက်ကိုရောက်နေတာတောင်မှ ထိုင်းစာရင်းတွေအရဆိုရင် ဒီနှစ် ၂၀၁၇-၂၀၁၈ ခုနှစ် မှာပဲ ၉၆၃၂၉ ကောင် ရှိပါတယ်။ တရားဝင်ထက်တောင်များနေပါတယ်။ မှောင်ခိုတွေပပျောက်အောင်၊ နိုင်ငံတော်ဝင်ငွေရအောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ်(၄၉/၂၀၁၇)နဲ့ ကျွဲ၊ နွားအရှင်တွေကို ပြည်ပသို့တရားဝင်တင်ပို့ခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်ကတော့ လွတ်လပ်တဲ့ဈေးကွက်ဖော်ဆောင်ဖို့၊ တရားဝင်လမ်းကြောင်းပေါ်ရောက်ဖို့၊ မွေးမြူသူတောင်သူတွေနဲ့ ဝင်ငွေနဲ့အလုပ်အကိုင်အခွင့်အလမ်း တိုးဖို့၊ အကျိုးစီးပွားပိုမိုကာကွယ်ဖို့ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်တွေပါ။ အခွန်ပိုရဖို့၊ နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါတွေထိန်းချုပ်၊ ပြည်ပတင်ပို့မှုက ရတဲ့ဝင်ငွေနဲ့ ပြည်သူစားဝတ်နေရေးအထောက်အကူဖြစ်ဖို့၊ တရားမဝင်ပပျောက်ပြီး တရားဝင်စေဖို့ ဆိုတာတွေ တွေ့ရပါတယ်။ မွေးမြူသူတောင်သူလယ်သမားတွေအတွက်ပါ ထည့်ရင်ပိုပြီးတော့ ပြည့်စုံ မှာပါ။ ဒီလိုခွင့်ပြုပေမဲ့ တောင်သူတွေအကျိုးခံစားခွင့်ရှိသလောက် မရှိခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် လယ်ယာစိုက်ပျိုးရေးနဲ့ သစ်တောရေးရာဌာန၊ စိုက်ပျိုးရေးဌာနရဲ့ ဒီအမိန့်ကြော်ငြာစာတွေကြောင့် သယ်ယူပို့ဆောင်တဲ့နေရာမှာ အခက်အခဲတွေဖြစ်ခဲ့ရပါတယ်။

နောက် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ကထုတ်ပြန်ထားတဲ့ အရေးကြီးကုန်စည်နဲ့ ဝန်ဆောင်မှုဥပဒေတွေကြောင့်လည်း အခက်အခဲဖြစ်ပါတယ်။ ဒီဥပဒေရဲ့ပုဒ်မ ၉ မှာ တာဝန်ပေးအပ် ခြင်းခံရတဲ့ ဝန်ကြီးဌာနဟာ ဆက်လက်ဆောင်ရွက်ရန်လိုအပ်ခြင်းမရှိသည့်အခါ ယင်းအမိန့်ကို ဆောလျင်စွာပြန်လည်ပယ်ဖျက်ပေးရမည်လို့ ပါရှိပါတယ်။ ဆောလျင်စွာလို့ဆိုထားပါတယ်။ အဲဒီတော့ ကျွဲ၊ နွားတွေသယ်ခွင့်အနေနဲ့လည်း ပါမစ်ရဖို့ နှစ်လကျော်စောင့်ဆိုင်းရပါတယ်။ နယ်စပ်ကို ရောက်တော့လည်း ချက်ချင်းမရောင်းရဘူး။ ငွေလည်းလက်ငင်းမရဘူး။ အဲဒီအတွက် အစိုးရချင်း ချိတ်ဆက်ပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ ကျွဲ၊ နွားဟာ ဖရဲသီးလိုထားလို့မရတဲ့ကိစ္စဆိုတော့ ပိုပြီးတော့ ဈေးနှိမ်ခံရပါတယ်။ ဒီအတိုင်းအရှင်ရောင်းတာထက်စာရင် သူတို့လုပ်သလို ကိုယ့်ဘက်မှာ Fattening ဆိုတဲ့ဝအောင်လုပ်မယ်။ Slaughter house တွေ သားသတ်ရုံတွေတည်မယ်။ သားရေ၊ အသား၊ အရိုးစသည်ဖြင့် ခွဲပြီးတော့ရောင်းရင် အလုပ်အကိုင်လည်းရ၊ ဈေးလည်းပိုရမှာပါ။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခိုင်းကျွဲ၊ နွားတင်ပို့မှုနဲ့ ပတ်သက်လို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး ၁၁-၆-၂၀၁၈ ရက်နေ့မှာ ကျွန်တော်မေးခွန်းမေးမြန်းခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက မျိုးကောင်းမျိုးသန့်ထားရှိမှု၊ ရောဂါထိန်းချုပ်မှု၊ တင်ပို့မှုလုပ်ငန်းစဉ် (SOP)နဲ့ ကောင်ရေ ဇယားတွေပါ ဖော်ပြဖြေကြားခဲ့ပါတယ်။ အဲဒီမှာရှိတဲ့ ကျွဲ၊ နွားက ၁၁.၅ သန်းလောက်ရှိပါတယ်။ နှစ်စဉ် ပိုလျှံတဲ့ကောင်ရေက ၀.၇ သန်းလောက် ပိုလျှံတဲ့စာရင်းရှိပါတယ်။ ဒါက တရားဝင်တင်ပို့တဲ့စာရင်း တွေပါ။ ခုနက စာရင်းချုပ်လိုက်ရင် ကျွန်တော်တို့မှောင်ခိုထွက်နေတဲ့စာရင်းထက်တောင် လျှော့နည်း

နေပါသေးတယ်။ အဲဒီတော့ အဆိုရှင်ကြီးက အပြင်မှာ ကျွဲ၊ နွားတွေတွေ့တာနည်းသွားလို့ စိုးရိမ်တဲ့ စိတ်နဲ့ အဆိုတင်တာကိုစာနာနားလည်မိပါတယ်။ မြန်မာတောင်သူတိုင်းလိုလို နွားမွေးမြူရေးနဲ့ မစိမ်းဘူး။ မွေးတတ်ကြပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကလည်း နွားမွေးမြူရေးစီမံကိန်း (Cattle Development Project)တွေချပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ အဲဒီတော့ ခိုင်းကျွဲ၊ နွားတွေ လုံလုံလောက်လောက်က အခုထိရှိပါသေးတယ်။ အသေးစိတ်အချိန်မရလို့ မဆွေးနွေးတော့ ပါဘူး။ ဒါက မွေးမြူတဲ့တောင်သူတွေအတွက် ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ ပြည်တွင်းလွတ်လပ်စွာ သယ်ယူခွင့်၊ အရေးကြီးကုန်စည်ဥပဒေမှပယ်ဖျက်ပေးဖို့၊ အစိုးရချင်းချိတ်ဆက်ဆောင်ရွက်ပေးဖို့၊ သယ်ယူခွင့်ပြုမိန့်တွေမြန်ဆန်ဖို့၊ စနစ်တကျဈေးကွက်ဖော်ဆောင်ပေးဖို့၊ နွားမွေးမြူရေးအတွက် စားကျက်နဲ့ မြေနေရာ၊ နောက် သူတို့အတွက်ထောက်ပံ့ငွေ၊ နောက် နည်းပညာဆိုတဲ့ Good Animals Husbandry Practice ဒါတွေကိုလည်း ပြည့်ပြည့်စုံစုံ Extension လုပ်ပေးဖို့လိုအပ်ပါတယ်။ နောက် အစိုးရက နေပြီးတော့ မွေးမြူရေးဘတ်ဂျက်တွေပိုမိုသုံးစွဲဖို့လိုပါတယ်။ ဒီလိုလုပ်ပေးရင် တောင်သူတွေ ဝင်ငွေတိုးလာမှာဖြစ်လို့ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းရဲ့အဆိုကို မထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ Power Point အနေနဲ့လည်း စာရင်းတွေပေးတဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို အထူးကျေးဇူးတင်ရှိပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင့်။ ကျွန်မကတော့ ၂၃-၇-၂၀၁၈ ရက်နေ့က တင်သွင်းခဲ့တဲ့ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့အဆိုကို တောင်သူလယ်သမားများရဲ့အခွင့်အရေး၊ အကျိုးစီးပွားတိုးတက်ရေးတို့နဲ့ မြန်မာ့ကုန်သွယ်ရေးတိုးတက်မြင့်မာစေရေးတို့ကို ရည်ရွယ်ပြီး အကြံပြုဆွေးနွေးသွားမယ့် အုတ်တွင်းမဲဆန္ဒယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ခိုင်းကျွဲ၊ နွားများကို ပြင်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ခြင်းထက် ကြီးကြီးမားမားဖြစ်ပေါ်နေတဲ့ မှောင်ခိုဈေးကွက်ပပျောက်စေရန်ဟာ ပိုအရေးကြီးပါတယ်။ တောင်သူတွေဟာ ရာသီဥတုကဖျက်၊ ပဲမျိုးစုံဈေးကမတက်၊ ဈေးကွက်ကဖျက်နဲ့ရင်ဆိုင်နေရချိန်မှာ ရှိတဲ့ကျွဲ၊ နွားလေးတွေဟာ တရားဝင်တင်ပို့မှုမပြုပါက မှောင်ခိုနဲ့ခိုးထုတ်နေတဲ့နွားပွဲစားတွေရဲ့ ဈေးနှိမ်ခံရပြီး ရောင်းချကြရဦးမယ်ဆိုရင် ဈေးမကောင်းတဲ့အတွက် နစ်နာမှုများနဲ့သာ ကြုံဆုံရမှာဖြစ်ပါတယ်။ တောင်သူတွေဟာ သူပိုင်တဲ့ကျွဲ၊ နွားတွေကို ရောင်းချဖို့လိုအပ်လာရင် ရောင်းကိုရောင်းရမှာဖြစ်ပြီး တရားဝင်ရောင်းလို့မရရင် တရားမဝင်ရောင်းချခြင်းဖြင့် ဈေးနှိမ်ခံရတာပဲ အဖက်တင်မှာဖြစ်တဲ့အတွက် အဓိကကဈေးကောင်းရအောင်လုပ်ပေးဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်မှာ နွားအရှင်တင်ပို့မှုတွေကို စတင်ခွင့်ပြုခဲ့ပါတယ်။ ထိုသို့တရားဝင်ခွင့်မပြုခင်တုန်းက ကျွဲ၊ နွားနဲ့ ဆိတ်အရှင်တွေကို ကုန်သွယ်ရေးဇုန်

တွေကို ရှောင်ကွင်းပြီး တရားမဝင်တင်ပို့မှုများရှိခဲ့တဲ့အတွက် နိုင်ငံတော်အတွက် အခွန်အခတွေ ဆုံးရှုံးခဲ့ရပြီး ကုန်သည်တွေလည်း တစ်ဖက်ဝယ်လက်များရဲ့ ဈေးနှိမ်ချမှုတွေကိုခံရခြင်းနှင့်အတူ မူရင်းရောင်းချသူတောင်သူတွေကလည်း ဈေးကောင်းမရခြင်းသာ ကြုံဆုံခဲ့ရပါတယ်။ ကျွဲ၊ နွားအရှင် တင်ပို့မှုတွေကိုခွင့်ပြုခြင်းဖြင့် နိုင်ငံတော်မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ဈေးကွက် စီးပွားရေးနှင့်အညီ ရောင်းလိုအားနှင့်ဝယ်လိုအားအရ ဖြစ်ပေါ်နေတဲ့ လွတ်လပ်တဲ့ဈေးကွက်ကို ဖော်ဆောင်နိုင်မှာဖြစ်သလို တရားမဝင်တင်ပို့မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိလာပြီး နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့ အခွန်အခများရရှိနိုင်မှာ ဖြစ်ပါတယ်။ မွေးမြူရေးနှင့်တောင်သူလယ် သမားများ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာနိုင်မှာဖြစ်ပြီး တောင်သူလယ်သမား တွေရဲ့လူနေမှုဘဝတိုးမြင့်စေမှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေက လယ်ယာ စိုက်ပျိုးရေးသာမက မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်မှအဆင်ပြေမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တောင်သူလယ်သမားများအတွက် မွေးမြူရေးလုပ်ငန်းအတွက်လိုအပ်တဲ့ ချေးငွေတွေကိုလည်း နိုင်ငံတော်က ထုတ်ချေးပေးသင့်ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးလောကမှာ တိရစ္ဆာန်အရှင်တွေ တင်ပို့ ရောင်းချမှုဈေးကွက်ဟာ လျင်မြန်စွာကြီးထွားလျက်ပြီး နှစ်စဉ်တိုးပွားလျက်ရှိတဲ့လူဦးရေအရ စားသုံးမှု ကိုတိုးပွားနေပြီး ဈေးကွက်လိုအပ်ချက်တွေဟာလည်း များသည်ထက်များလျက်ရှိပါတယ်။ ပို့ကုန်တွေ တင်ပို့နိုင်မှုဟာ နိုင်ငံတော်အတွက် အလေးထားရမယ့်ကိစ္စရပ်တစ်ခုဖြစ်ပြီး ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး ဟာ အထူးကိစ္စရပ်တစ်ခုဖြစ်သလို ခိုင်မာကြီးမားတဲ့ဈေးကွက်ရရှိရေးဟာလည်း အလေးထားရန် လိုအပ်ပါတယ်။ လက်ရှိကျွဲ၊ နွားတင်ပို့မှုမှာ အိမ်နီးချင်းတရုတ်နိုင်ငံ၏ဈေးကွက်ကို အားပြုလျက် ရှိပြီးတော့ အဆိုပါဈေးကွက်ရဲ့နောက်ကွယ်မှာ နိုင်ငံတကာဈေးကွက်ကြီးတစ်ခုကလည်း ထင်ရှားစွာ ရှိနေသည်ကို တွေ့မြင်နိုင်ပါတယ်။ ထို့အတွက်ကြောင့် နိုင်ငံတကာဈေးကွက်ကြီးတစ်ခုလုံးဖြစ်တဲ့ ဩစတြေးလျဈေးကွက်ကိုလည်း အတိုင်းအတာတစ်ခုအနေဖြင့် တိုက်ရိုက်ထိုးဖောက်ဝင်ရောက်နိုင်ရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဈေးကွက်လိုအပ်ချက်ရှိတဲ့ ကုန်စည်တွေကိုပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးနဲ့ ဈေးကွက်ဝေစုပိုမိုကြီးမားရေးအတွက် တင်ပို့တဲ့နိုင်ငံများမှ အစီအမံများဆောင်ရွက်ကြသလို မိမိ နိုင်ငံသားများနဲ့ နိုင်ငံတော်ကိုထိခိုက်မှုမရှိရန် လိုအပ်ပါတယ်။ ကျွဲ၊ နွားတင်ပို့မှုကို တရားဝင်ခွင့်ပြု လိုက်တဲ့ ပထမခြောက်လအတွင်းမှာ နိုင်ငံခြားကိုတင်ပို့ခဲ့တဲ့ အကောင်ရေဟာ ၇၀၀၀၀ ခန့်ပဲရှိပြီး မှောင်ခိုဈေးကွက်ကနေ သိန်းနဲ့ချီပြီးထွက်နေဆဲဖြစ်တာကြောင့် ကုန်သွယ်မှုတိုးတက်ကောင်းမွန် လာမယ့်အချက်အလက်တွေ ပြည့်စုံလုံလောက်မှုမရှိတဲ့၊ အဆင့်မမီတဲ့လုပ်ထုံးလုပ်နည်းတွေကို ပြုပြင် ရမှာဖြစ်ပါတယ်။ ရွာတစ်ရွာမှတစ်ရွာ၊ မြို့နယ်တစ်ခုကနေ နောက်တစ်ခု၊ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုကနေ နောက်တစ်ခုကို သယ်ယူပို့ဆောင်ရာမှာ ရောဂါထိန်းချုပ်ရေးရည်ရွယ်ချက်ထက် ကျော်လွန်လုပ်ဆောင်မယ့်ထိန်းချုပ်ကန့်သတ်မှုတွေကို ရပ်တန့်သင့်ပြီဖြစ်ပါတယ်။ မတရားသဖြင့် တောင်းလို့ လမ်းခရီးမှာပေးလိုက်တဲ့ပိုက်ဆံတွေဟာ နိုင်ငံတော်ဆီကိုမရောက်သလို မွေးမြူသူတွေ ရသင့်ရထိုက်တဲ့ အကျိုးအမြတ်ထဲက ခွဲဝေပေးလိုက်ရတာဖြစ်လို့ ယနေ့ထိအောင် ပပျောက်သေးခြင်း မရှိတဲ့၊ ကြီးကြီးမားမားဖြစ်ပေါ်နေတဲ့ ကျွဲ၊ နွားတင်ပို့မှုမှောင်ခိုဈေးကွက်ပပျောက်ရေးကို ထိထိ

ရောက်ရောက်လုပ်ဆောင်ဖို့ရန်နဲ့ အလုပ်ရှုပ်ရတာတွေများတဲ့ တရားဝင်တင်ပို့တဲ့စနစ်ကိုလည်း ပိုမို ရှင်းလင်းလွယ်ကူအောင် လုပ်ဆောင်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင် ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးတင်ပြမှာက မအူပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း တင်သွင်းခဲ့တဲ့အဆိုဖြစ်တဲ့ စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမတင်သွင်းမသုံးစွဲနိုင်သေးခင် ထွန်ယက်စိုက်ပျိုးနိုင်စေရန်အတွက် လယ်ယာတွင် အသုံးပြုနေတဲ့ ခိုင်းကျွဲ၊ နွားများကို ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါ ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးအကြံ ပြုတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အချက်သုံးချက် ဆွေးနွေးတင်ပြလိုပါတယ်။ ပထမအချက်အနေနဲ့ ကျွဲ၊ နွား လိုအပ်နေသေးမှုနှင့်ပတ်သက်ပြီးတော့ တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး နိုင်ငံဖြစ်တာနှင့်အညီ လယ်ယာလုပ်ငန်းမှာအသုံးဖြစ်ဖို့ မိရိုးဖလာအနေနဲ့ မရှိမဖြစ်တွဲပြီးပါလာတဲ့ ကျွဲ၊ နွားတွေက ကျေးလက်နေတောင်သူတွေက ကျွဲ၊ နွားတွေကို မိသားစုလိုသဘောထားတာတွေ့ရပါ တယ်။ ခေတ်ကာလအခြေအနေအရ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲဆောင်ရွက်လာကြတဲ့ အခြေအနေမှာ တိုးတက်ပြောင်းလဲလာတာတွေရှိသလို အခြေအနေအကြောင်းကြောင်းကြောင့် မိရိုးဖလာအတိုင်း ကျွဲ၊ နွားတွေကိုပဲ အားကိုနေရသေးတဲ့အခြေအနေတွေရှိနေသေးတာကိုပဲ တွေ့ရပါ တယ်။ ဒီလိုမပြောင်းလဲနိုင်ကြသေးတာ ပိုင်ဆိုင်တဲ့နယ်မြေဧကနည်းလွန်းတဲ့သူတွေ၊ စက်ယန္တရား ကိုင်တွယ်ထိန်းသိမ်းဖို့အခက်အခဲရှိနေတဲ့သူတွေ၊ စက်ယန္တရားတွေကို ငွေကြေးမတတ်နိုင်တဲ့သူတွေ၊ စက်ယန္တရားအတွက် ကုန်ကျမယ့် လောင်စာဆီ၊ ချောဆီနှင့် ပြင်ဆင်စရိတ်တွေ၊ ပစ္စည်းအစားထိုး လဲလှယ်စရိတ်တွေမတတ်နိုင်တဲ့သူတွေ၊ လယ်ယာမြေလုပ်ငန်းတွေမှာ သဘာဝမြေသြဇာကို ကျွဲ၊ နွားတွေရဲ့ အညစ်အကြေးတွေရလို့ မိသားစုအခက်အခဲတစ်ခုခုကြုံတဲ့အခါမှာ အရေးပေါ်ရောင်းချ ပေါင်နှံဖြေရှင်းနိုင်ဖို့အတွက် ကျွဲ၊ နွားတွေဟာ ကျေးလက်နေတောင်သူတွေအတွက် မရှိမဖြစ်လိုအပ်နေ သေးတာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ကျွဲ၊ နွားတွေကို လက်ရှိအခြေအနေမှာ ရောင်းဝယ်နေကြ တာနှင့်ပတ်သက်ပြီးတော့ တင်ပြလိုပါတယ်။ ကျွဲ၊ နွားတွေကို ပြည်တွင်းမှာသာမကဘဲနဲ့ ပြည်ပကို လည်းပဲ တရားမဝင်ရောင်းချနေမှုတွေဟာ နှစ်ပေါင်းများစွာရှိနေခဲ့ပါတယ်။ ဒီလို တရားမဝင် လမ်းကြောင်းတွေကနေပြီးတော့ ကျွဲ၊ နွားတွေတင်ပို့ရောင်းချတဲ့အခါမှာ ကျွဲ၊ နွားတွေကို တောတောင် လမ်းအဆင့်ဆင့်ကနေပြီး နေပူမိုးရွာမရှောင် ခရီးပြင်းမောင်းနှင်ကြတဲ့အခါမှာ လမ်းခရီးမှာ ကျွဲ၊ နွား တွေသေဆုံးတာတွေ များစွာကြုံခဲ့ရပြီးတော့ တရားမဝင်သယ်ဆောင်ရောင်းဝယ်နေကြတဲ့အတွက် ကြောင့် ဥပဒေနှင့်အညီ ဖမ်းဆီးခံရတဲ့အခါမှာလည်းပဲ ကျွဲ၊ နွားတန်ဖိုးအားလုံး ဆုံးရှုံးရုံသာမက စီးပွားပျက်ပြီးတော့ တရားဥပဒေအရလည်း အရေးယူတာတွေကို ခံကြရပါတယ်။ တစ်ဖက်အိမ်နီးချင်း နိုင်ငံတွေကိုရောက်လို့ ရောင်းဝယ်ကြတဲ့အခါမှာလည်း ထိုက်သင့်တဲ့တန်ဖိုးမရဘဲနဲ့ ဈေးနှိမ်ဝယ်ယူတာ

ခံကြရပါတယ်။ ဒီနေရာမှာ ကျွဲ၊ နွားတွေရဲ့ မူလပိုင်ရှင်ကော၊ ရောင်းဝယ်သူတွေကော ထိုက်သင့်တဲ့ အကျိုးမခံစားရတဲ့အပြင်ကို နိုင်ငံတော်အနေနဲ့လည်းပဲ ရသင့်ရထိုက်တဲ့အခွန်ငွေတွေမရဘဲနဲ့ နစ်နာမှုတွေရှိနေတာဖြစ်တဲ့အတွက်ကြောင့် အမှန်အကျိုးအမြတ်ရနေကြတဲ့သူတွေကတော့ သယ်ဆောင်တဲ့ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ အဂတိလိုက်စားသူတွေနဲ့ တစ်ဖက်အိမ်နီးချင်းနိုင်ငံတွေက ကုန်သည်ကြီးတွေကပဲ အကျိုးအမြတ်ခံစားနေကြရပါတယ်။

ဒါကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၉-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၇)ကို ထုတ်ပြန်ပြီးတော့ ကျွဲ၊ နွားအရှင် ပြည်ပကိုတရားဝင်တင်ပို့ခွင့်ပြုခဲ့ကြောင်းတွေ့ရပါတယ်။ ဒီလိုအခြေအနေမှာ အိမ်နီးချင်းနိုင်ငံတွေက ဈေးကောင်းပေးဝယ်မှု၊ နိုင်ငံခြားငွေဈေးနှုန်းမြင့်တက်လာမှု၊ ရာသီဥတုဖောက်ပြန်လို့ ချေးငွေတွေကို ပြန်ဆပ်ဖို့ အခက်အခဲဖြစ်နေမှု၊ ကျွဲ၊ နွားတွေထိန်းကျောင်းဖို့စားကျက်မြေတွေ ပျောက်ဆုံးကုန်မှု စတာတွေကြောင့် ကျွဲ၊ နွားအလွန်အကျွံရောင်းဝယ်တင်ပို့မှု ဖြစ်လာနိုင်ပါတယ်။ ကျေးလက်နေပြည်သူတွေရဲ့ဘဝ တိုးတက်မြင့်မားလာစေဖို့ဆိုတာက စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းနဲ့မဖြစ်နိုင်ဘဲ မွေးမြူရေးပါတွဲပြီးလုပ်ကိုင်နိုင်မှ အဆင်ပြေမှာဖြစ်လို့ စားကျက်မြေပြန်လည်စိစစ်ဖော်ထုတ်ဖို့ရာ အလွန်အရေးကြီးပါတယ်။ ဒါနဲ့ပတ်သက်လို့ ၂၈-၃-၂၀၁၈ ရက်နေ့မှာ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်မပြမေးခွန်းအဖြစ်နဲ့ မေးမြန်းချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားချက်မှာဆိုရင် စားကျက်မြေ ၈၆၀၀၀၀ ကျော်ရှိတဲ့နေရာမှာ ဧက ၁၃၅၀၀၀ ကျော်ကို ပယ်ဖျက်ပေးခဲ့ရပြီးတော့ စပါးတွေ၊ မြေပိုပြတာတွေကို ပယ်ဖျက်လိုက်မယ်ဆိုလို့ရှိရင် ဧက ၇၃၀၀၀၀ ကျော်လောက်ကျန်ရှိနေသေးကြောင်းလည်း သိရပါတယ်။ ဒါကလည်း စာရင်းအရသာဖြစ်ပြီးတော့ အမှန်တကယ်မြေပြင်မှာမရှိနိုင်တော့ဘူးလို့ ယူဆပါတယ်။ တတိယအချက်အနေနဲ့ ကျွဲ၊ နွားတွေအလွန်အကျွံရောင်းဝယ်တင်ပို့နေကြရမယ်ဆိုလို့ရှိရင် ဖြစ်လာနိုင်တဲ့ အလားအလာတွေ တင်ပြလိုပါတယ်။ ကျွန်တော်တင်ပြခဲ့သလို အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ခိုင်းကျွဲ၊ ခိုင်းနွားအပါအဝင် ကျွဲ၊ နွားတွေအလွန်အကျွံတင်ပို့ရောင်းချလာနေမှုတွေရှိတဲ့အခါမှာ မွေးမြူသူတွေနည်းလာမယ်ဆိုရင် ဖြစ်လာနိုင်တဲ့အကျိုးဆက်အနေနဲ့ နိုင်ငံကအားထားရတဲ့ လယ်ယာကဏ္ဍထိခိုက်လာနိုင်သလို မွေးမြူရေးကဏ္ဍကိုလည်း ထိခိုက်လာနိုင်တဲ့အတွက်ကြောင့် GDP တွေ ကျဆင်းလာနိုင်ပါတယ်။ တစ်ဖက်ကလည်း ကျွဲ၊ နွားတွေရှားပါလာတာနှင့်အမျှ အသားဈေးနှုန်းကြီးမြင့်မှုတွေဒဏ်တွေကို ပြည်သူတွေခံစားရမှာဖြစ်ပါတယ်။ ပြီးတော့လည်း စိုက်ပျိုးရေးလုပ်ငန်းအတွက် ကျွဲ၊ နွားအညစ်ကြေးတွေရှားပါးလာတဲ့အတွက်ကြောင့် သဘာဝမြေသြဇာအစားကို ဓာတ်မြေသြဇာကိုပဲ အဓိကထားသုံးစွဲလာကြတဲ့အခါမှာ မြေဆီလွှာတွေပျက်စီးလာလို့ အထွက်နှုန်းတွေကျတဲ့အတွက် စိုက်ပျိုးရေးနေရာမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကိုအသုံးချပြီးတော့ အခြားနည်းအသုံးပြုမှုတွေကတစ်ဆင့် စိုက်ပျိုးရေးကဏ္ဍပျက်သုန်းရမယ့်အနေအထားမျိုးတွေ ကြုံလာနိုင်ပါတယ်။ ဒီအခါမှာ တိုင်းပြည်အတွက် အန္တရာယ်ရှိလာနိုင်ပါတယ်။ ဒါကြောင့်အစွန်းနှစ်ဖက်မကျရောက်စေဖို့နဲ့ ကျေးလက်နေတောင်သူတွေရဲ့ဘဝ မြင့်မားတိုးတက်လာဖို့ နိုင်ငံတော်အတွက်လည်းအကျိုးရှိ၊ ကျေးလက်နေပြည်သူပြည်သားများလည်းအကျိုးရှိပြီး အဂတိလိုက်စားမှုတွေကိုလည်း တားဆီးနိုင်ပြီးတော့ တစ်ဖက်နိုင်ငံတွေရဲ့ မတရားအနိုင်ကျင့်မှုဈေးကွက် ဈေးနှိမ်မှုတွေက

နေကောင်းလွတ်ပြီးတော့ ဥပဒေနှင့်အညီ လွတ်လွတ် ကင်းကင်းစီးပွားရှာနိုင်ကြရင်းနှင့် နိုင်ငံအတွင်းကျွဲ၊ နွားတွေပျောက်ကွယ်မသွားစေရေး ကျွဲ၊ နွား သန်းခေါင်စာရင်းကောက်ယူရရှိမှုအပေါ် မူတည်ပြီးတော့ တင်ပို့ရောင်းချခွင့်ပြုနိုင်ရေးနှင့် တစ်ဖက်ကလည်းကျွဲ၊ နွားမွေးမြူရေးကို အားပေးကူညီမှုတွေ ဆောင်ရွက်ပေးပြီး ကျေးရွာတိုင်းမှာ စားကျက်မြေ တွေရရှိလာရေး ပြန်လည်စိစစ်ဖော်ထုတ် ဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် ကျွဲ၊ နွားတွေ ပြင်ပတင်ပို့ ရောင်းချမှုကို ကန့်ကွက်တားမြစ်ပေးဖို့ မဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းအဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးကဏ္ဍမှာ စက်မှုလယ်ယာနှင့် သမားရိုးကျစိုက်ပျိုးတဲ့စနစ်အပေါ်မှာ အခြေခံပြီး လုပ်ဆောင်နေကြတာတွေ့ရပါတယ်။ စက်မှုလယ်ယာစနစ်မှာ ကျွန်တော်တို့ ထွန်စက်တွေငှားပြီးထွန်လို့ရရင် နွေရာသီမှာမြေလှန်တယ်။ မိုးကျတာနဲ့ ကြမ်းခင်းစနစ်နဲ့သုံးဆောင်တယ်။ အကုန်အကျသက်သာတယ်။ အထွက်နှုန်းများတယ်။ အစေ့ချစနစ်ဆိုလို့ရှိရင်လည်း နောက်ပိုင်းမှာ စနစ်တကျသုံးလာပါတယ်။ ယခုခေတ် နောက်ပိုင်းမှာဆိုရင် GAP စနစ်နှင့် လုပ်လာတဲ့အခါမှာ လယ်ဧကကွက်တွေဖော်ပြီးတော့ စနစ်တကျစိုက်ပျိုးလာသည့်အတွက်ကြောင့် တောင်သူလယ်သမားအနေနဲ့ ဝင်ငွေလည်းတိုးတယ်။ ဆောင်းရာသီမှာ တစ်ပိုင်တစ်နိုင်စနစ်နှင့် လုပ်လာခဲ့တာတွေ့ရှိရပါတယ်။ နောက်တစ်ခါ ဒီအပိုင်းမှာ မျိုးကောင်းမျိုးသန့်တွေ သွင်းအားစုတွေ ရရင် အထွက်တိုးပါတယ်။ ဒုတိယအချက်တင်ပြလိုတာက လယ်ထွန်စက်ငှားမရဘူးဆိုရင် ကျွန်တော်တို့ ကျွဲ၊ နွားတွေသုံးရပါတယ်။ လယ်သမားတွေအများစုအနေနဲ့က လယ်ကို ကျွဲနဲ့ နွားနဲ့ ထွန်လို့ရောင်းတာနည်းပါတယ်။ အသုံးမကျတဲ့နွားတွေသာ ရောင်းထုတ်တာများပါတယ်။ ဘယ်အချိန်မှာ ရောင်းသလဲဆိုရင် ကရင်ပြည်နယ်ဘက်မှာဆိုရင် စာမေးပွဲအောင်စာရင်းတွေ ထွက်တဲ့အချိန် ဘယ်လိုပဲဖြစ်ဖြစ် သားသမီးတွေစာမေးပွဲအောင်ကြပြီဆိုရင် တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်မယ်ဆိုရင် ကျွန်တော်တို့ ငွေပေးရတာရှိပါတယ်။ အဲဒါဆိုလို့ရှိရင် ကျွန်တော်တို့ ဒီအချိန်မှာ ရောင်းကြပါတယ်။ မဟုတ်လို့ရှိရင်တော့ နွားသတ်ရုံပို့မယ်။ ဝယ်တဲ့လူရှိရင်တော့ ရောင်းကြပါတယ်။ ဒါလောက်ပဲရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ တွေ့တာက။ ကျွဲများကို တစ်ဖက်နိုင်ငံနှင့် ပြည်တွင်းဈေး ကွက်မှာသုံးဖို့အတွက် အသုံးချရင်တော့ ပိုကောင်းပါတယ်။ နောက်ဆုံးတစ်ချက်တင်ပြချင်တာက ပြည်ပရောင်းဝယ်မှုကို ပိတ်လို့ရှိရင် မှောင်ခိုစနစ်ကတော့ ဝန်ပိသလိုဖြစ်တယ်။ အစိုးရလည်း အခွန်မရဘူး။ ဒါလည်း တစ်ဖက်စဉ်းစားမယ်ဖြစ်တယ်။ ဒါပေမဲ့ ခိုးပို့တာနဲ့စာလို့ရှိရင် အဲဒါတွေခိုးပို့တာကို ပိတ်ပင်ပြီး အစိုးရကနေပြီးတော့ ကြပ်ကြပ်မတ်မတ်နှင့် ကိုယ့်ရဲ့ဆီသွပ်စက်ရုံတွေအတွက်ကို စနစ်တကျ စီမံကိန်းချပြီး ဆောင်ရွက်သင့်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့တွေ မွေးမြူရေး ကဏ္ဍ နွားတွေကိုဆိုလို့ရှိရင် မျိုးကောင်းမျိုးသန့်မွေးဖို့အတွက် အစိုးရအနေနဲ့ စီမံကိန်းချပြီးတော့ မွေးဘက်ပေးစနစ်နဲ့ လုပ်ဆောင်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မျိုးကောင်းမျိုးသန့်တွေမမွေးနိုင်ရမှာလည်း။ အရင်တုန်းကလည်း အစိုးရအနေနဲ့ မွေးခဲ့ဖူးပါတယ်။ ကျွန်တော့်အနေနဲ့ နမူနာပြရမယ်ဆိုရင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ကတော့ နို့ဆီဘုရင် ဦးဝင်းမောင်ကြီးဟာ ကျွန်တော်တို့ ဖက်စပ်မွေးမြူရေးစနစ်နဲ့ နွားအကောင် အရင်တုန်းကဆိုတော့ ပြီးခဲ့တဲ့ ၁၀ နှစ်တုန်းကတော့ အကောင် ၂၀၀၊ အခုဆိုရင်တော့ ကျွန်တော်ထင်ပါတယ် အကောင် ၄၀၀ လောက်ရှိပြီ အရပ်သားနှင့်ဖက်စပ်စနစ်လုပ်ပြီးတော့ နို့ဆီချက်တာ။ အဲဒါကိုလည်း ကျွန်တော်တို့ နမူနာယူပြီးတော့ အစိုးရနှင့်တကယ့်မွေးမယ့်သူနှင့် ဖက်စပ်စနစ်နှင့် အနည်းဆုံးအကောင် ၁၀၀၊ အကောင် ၂၀၀ အဲဒီလိုစပြီးတော့ မျိုးကောင်းမျိုးသန့်တွေကို ဖက်စပ်စနစ်နဲ့မွေးမယ်ဆိုလို့ရှိရင်တော့ အများကြီး နိုင်ငံအတွက် အကျိုးရှိပါမယ်။ အဲဒီလိုမမွေးရင်တော့ နောက်ကို မျိုးကောင်းမျိုးသန့်တွေတုန်းပြီးတော့ ကျွန်တော်တို့ မွေးမြူရေးကဏ္ဍမှာ တော်တော်လေးအခက်အခဲဖြစ်သွားမယ်ဆိုတာကို တင်ပြရင်း မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တက်ရောက်လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုကို ဝေဖန်ထောက်ပြအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုဟာဆိုလို့ရှိရင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဝန်ကြီးရုံးမှ အမိန့်ကြေငြာစာအမှတ်(၄၉/၂၀၁၇) ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ကနေ ထုတ်ပြန်ထားတဲ့ ကြေငြာချက်နှင့်လုံးဝဆန့်ကျင်နေကြောင်းကို သုံးသပ်တွေ့ရှိရပါတယ်ခင်ဗျား။ ဒီအဆိုဟာဆိုလို့ရှိရင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်နှင့်ဆန့်ကျင်နေပါတယ်ခင်ဗျား။ ဘာကြောင့်လဲဆိုတော့ အပိုဒ် ၆ မှာဆိုလို့ရှိရင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စာနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ဖို့အတွက် လယ်ယာမြေကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍဘက်စုံညီစွာ တိုးတက်စေရေးနှင့် လယ်ယာစက်မှုကဏ္ဍ၊ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်ပါရှိပါတယ်ခင်ဗျား။ အပိုဒ် ၇ မှာဆိုလို့ရှိရင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းမိမိတို့၏လုပ်ကိုင်လိုသည့်စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်လို့ပါရှိပါတယ်ခင်ဗျား။ ဒါကြောင့် ဒီအဆိုဟာဆိုလို့ရှိရင် စီးပွားရေးမူဝါဒ ၁၂ ရပ်နှင့်ဆန့်ကျင်နေပါတယ်ခင်ဗျား။ ၂၀၁၈-၂၀၁၉ ခုနှစ် အမျိုးသားစီမံကိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မူဝါဒလုပ်ငန်းစဉ်မူကြမ်းကိုလည်း ဆန့်ကျင်နေပါတယ်ခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြေအသုံးချမှုနှင့်စီမံခန့်ခွဲမှုမူဝါဒ အပိုဒ် ၃ မှာဆိုလို့ရှိရင် လယ်ယာ၊ သား၊ ငါးထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအထူးဇုန်တည်ဆောက်ရေးတို့

ပါရှိပါတယ်ခင်ဗျား။ ဒါကြောင့်မို့ အဲဒီမူဝါဒကို အောင်မြင်နိုင်ဖို့အတွက်ကဆိုလို့ရှိရင် လုပ်ငန်းစဉ် အောင်မြင်နိုင်ဖို့အတွက် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း၊ SME တို့မှတစ်ဆင့်တက်လှမ်းရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လုပ်ငန်းစဉ်ရည်မှန်းချက်မှာ မြေယာ အသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်အပိုဒ် ၂ မှာဆိုလို့ရှိရင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ကို လယ်ယာမြေသစ်များ မွေးမြူရေးဇုန်များအဖြစ် ဖော်ထုတ်လုပ်ကိုင်နေရင်း အားပေးဆောင်ရွက် ရမယ်လို့ပါရှိပါတယ်ခင်ဗျား။ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ သောကြောင့် မွေးမြူရေးအခန်းကဏ္ဍကိုလည်း မြှင့်တင်ရန်အတွက် လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုဖို့ အတွက် Open Market ကို ဖော်ဆောင်မှသာလျှင် အောင်မြင်နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနလုပ်ငန်းစဉ်ရည်မှန်းချက် အပိုဒ် ၁၂၊ ၁၄ မှာလည်း ဆန့်ကျင်နေပါတယ်ခင်ဗျား။ အပိုဒ် ၁၂ မှာဆိုလို့ရှိရင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို တရားဝင်လွတ်လပ်စွာသယ်ယူခြင်း၊ ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချရရှိစေရန်အတွက် ဆက်စပ်ဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်လို့ ပါရှိပါတယ်ခင်ဗျား။ အပိုဒ် ၁၄ မှာဆိုလို့ရှိရင် ကျွဲ၊ နွား တရားဝင်ပြည်ပသို့တင်ပို့ရောင်းချခြင်း လုပ်ငန်းစဉ်နှင့်အတူ ကျွဲ၊ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရောင်းချသူများအပါအဝင် မွေးမြူသည့်တောင်သူများ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများတွင် ပိုမိုပါဝင်ဆောင်ရွက်ရမည်လို့ ပါရှိပါ တယ်ခင်ဗျား။ ဒါကြောင့်မို့လည်း ဒီမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့ လုပ်ငန်းစဉ်ရည်မှန်းချက်ကို ဆန့်ကျင်နေပါတယ်ခင်ဗျား။

ပြည်ထောင်စု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာမှာလည်း သား၊ ငါး ရည်မှန်းချက်များပြည့်မီရေးအတွက် မွေးမြူသူအား အရင်းအနှီးရရှိစေ ရန် တိရစ္ဆာန်မွေးမြူရေးချေးငွေများထုတ်ပေးခြင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာ ပါရှိပါတယ်ခင်ဗျား။ နောက်တစ်ခုက အသားစားမွေးမြူရေးစံပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းအကောင်အထည်ဖော်ရန်လည်းပါရှိတဲ့အတွက် ဒီအဆိုဟာဆိုလို့ရှိရင် ဆန့်ကျင်နေပါတယ် ခင်ဗျား။ ကျွဲ၊ နွားများကို ပြည်ပသို့တရားဝင်တင်ပို့မှုဟာ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေ ရန်နှင့် တောင်သူလယ်သမားများ၏အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ကျွဲ၊ နွားအရှင် များအား တိရစ္ဆာန်ကျန်းမာရေးဖွံ့ဖြိုးရေးဥပဒေနှင့်အညီ ပြည်ပသို့တရားဝင်တင်ပို့ခွင့်ပြုခြင်းကို ဆောင်ရွက်နေသောကာလလည်း ဖြစ်ပါတယ်။ သို့မှသာလျှင် နိုင်ငံတော်က အခွန်ငွေရရှိပြီးမှ တောင်သူများရဲ့ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းစေနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးရေးရည်မှန်းချက်ဖြစ်တဲ့သား၊ ငါးကဏ္ဍတွေမှာဆိုလို့ရှိရင် ကျွဲ၊ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရောင်းချသူများအပါအဝင် မွေးမြူသည့်တောင်သူများ ကျွဲ၊ နွားများထုတ်လုပ်နိုင်ရေး Public-Private Partnership စနစ်ဖြင့်ကျင့်သုံး၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ပြည်တွင်းပြည်ပဈေးကွက်တွင် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိရစ္ဆာန် အကောင်ရေစာရင်းများကိုလည်း မှန်ကန်စွာရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိနေတဲ့အကြောင်း ကိုလည်း တွေ့ရှိရပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအဆိုဟာဆိုလို့ရှိရင် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အဆိုရှင်တို့မှ လေးလေးနက်နက် စဉ်းစားသင့်ကြောင်းကိုလည်း ဆွေးနွေးလိုပါတယ်။ အဆိုရှင်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ထပ်ပြီးမှဆွေးနွေးလိုတာက ကျွဲ၊ နွားများကို တရားဝင်ပို့တာထက် မှောင်ခိုဈေးကွက်ကနေ တင်ပို့မှုကများနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာဆိုလို့ရှိရင် မိုးကောင်း ဘက်မှာဆိုလို့ရှိရင် ၁၂ ဘီးကားတွေ၊ ခြောက်ဘီးကားတွေနဲ့ နေ့တိုင်းနေ့တိုင်း အစီးရေငါးစီးထိက ဂိတ်တွေမှာ တစ်ကောင်ကို မှောင်ခို ၅၀၀၀ ကျပ်နှုန်းနဲ့ပေးနေရပါတယ်။ ကျွန်တော့်ရွှေကူမဲဆန္ဒနယ်မှာ ဆိုရင် ဒီလိုပါပဲ။ ကျွန်တော်တို့ ဒီကျေးရွာတွေကအဆင့်ဆင့် သက်ဆိုင်တဲ့ လိုင်းကြေးတောင်းနေတဲ့ ဌာနတွေက တစ်ကောင်ကို ၅၀၀၀ ကျပ်ကို ကောက်နေပါတယ်ခင်ဗျား။ သို့ဖြစ်ပါသောကြောင့် ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်မှတင်သွင်းတဲ့အဆိုကို လေးစားစွာဖြင့်၊ ဝမ်းနည်းစွာဖြင့် သဘောထား ကွဲလွဲကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တက်ရောက် လာကြသောဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နဝမအကြိမ် လွှတ်တော်စဖွင့်တဲ့ ၂၃ ရက်နေ့မှာပဲ ကျွဲ၊ နွားများအား ပြည်ပသို့တင်ပို့ရောင်းချနေခြင်းအား တားမြစ် ပေးပါရန်လို့ ကိုယ်စားလှယ်တော်ကြီးတစ်ဦးမှ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ကျွန်တော်ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မနေ့တစ်နေ့ကမှ ဆိုသလိုပဲ နိုင်ငံခြားကို ကျွဲ၊ နွားများတင်ပို့ရောင်းချနေ ခြင်းကို အစိုးရက ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ တရားဝင်ခွင့်ပြုပေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလို ခွင့်ပြုပေးခဲ့တာကို အင်မတန်မှဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ပြည်ကိုတရားမဝင် နည်းနဲ့ ရောင်းချရာကနေ တရားဝင်အနေနဲ့ ရောင်းချရလို့ပါပဲ။ ဒါမှ နိုင်ငံတော်လည်း အခွန်ဝင်။ ရောင်းချရတဲ့သူတွေလည်း ဈေးကောင်းရလို့ပါ။ တရုတ်ပြည်ကိုရောင်းနေတာကလည်းအခုမှ မဟုတ် ပါဘူး။ လွန်ခဲ့တဲ့ ၁၅ နှစ်၊ အနှစ် ၂၀ ကတည်းကပါ။ မှောင်ခိုဈေးကွက်နဲ့ ချိုးချိုးနှိမ်နှိမ်နဲ့ ရောင်းချနေရ လို့ ဘာအခွန်မှလည်း မဝင်ခဲ့ပါဘူး။ ထို့အတူပဲ နိုင်ငံခြားကို တရားဝင်ဈေးကွက်မရှိတဲ့အတွက် မှောင်ခို ဈေးကွက်နဲ့ သစ်တို့၊ ကျောက်စိမ်းတို့၊ ကျောက်သံပတ္တမြားတို့ကို ထိုင်းတို့၊ တရုတ်တို့၊ ကုလားပြည်တို့ ကိုရောင်းချနေရတာပါ။ ကျွန်တော်တို့နိုင်ငံဟာ ရှေးဘုရင်မင်းများလက်ထက်ကတည်းက လယ်သမား တွေကနွားနှင့်ဖက်ရှန်းခဲ့ကြတာပါ။ ဒီနေ့အထိ ရှန်းနေရတုန်းပါပဲ။ ကျွဲ၊ နွားတွေက သက်ရှိသတ္တဝါ တွေပါ။ သူတို့ကို ခိုင်းရင် အချိန်ကြည့်ခိုင်းရပါတယ်။ တစ်နေကုန်ခိုင်းလို့မရပါဘူး။ ကျွဲဆိုရင် ရှစ်နာရီ၊

ကိုးနာရီကျော်ရင်ခိုင်းလို့မရတော့ပါဘူး။ လယ်ထွန်စက်နဲ့ဆိုရင် အရေးကြီးရင်ကြီးသလို တစ်နေကုန် မောင်းလို့ရပါတယ်။ ဧကဝက်ကို နွားနှင့်တစ်မနက်ထွန်ရရင် စက်နဲ့ဆိုရင် သုံးဧကလောက်ပြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားကို နွားရောင်းတာဟာ ခိုင်းကောင်းတဲ့နွားတွေကို ဘယ်တောင်သူမှ မရောင်းပါဘူး။ အရွယ်လွန်တဲ့နွား၊ ခိုင်းမကောင်းတဲ့နွား၊ နွားပေ၊ နွားကပ်တွေသာရောင်းတာပါ။ အခု ဆိုရင် ကျွန်တော်တို့ဆီမှာ လယ်သမားတွေဟာ နွားတွေရောင်းပြီးတော့ လယ်ထွန်စက်တွေဝယ်ပြီး ထွန်ယက်နေကြပါပြီ။ လယ်ထွန်စက်ကိုလည်း ကုမ္ပဏီတို့၊ စက်မှုလယ်ယာတို့က အရစ်ကျနဲ့ရောင်းချ ပေးနေပါတယ်။ တောင်သူတွေလည်း တော်တော်အဆင်ပြေနေပါတယ်။ နိုင်ငံခြားကို အခုလို တရားဝင် ရောင်းရတဲ့အတွက် ဈေးနှိမ်မခံရတော့ပါဘူး။ အသက်အန္တရာယ်လည်း ကင်းဝေးပါတယ်။ ၂၀၁၀ ခုနှစ် က ကျွန်တော်တို့ မိုးမိတ်၊ မိုးလိုလမ်း ဖောင်းမတောကြိုးဝိုင်းထဲမှာ နွားမောင်းပို့တဲ့ လုပ်သား ၁၁ ယောက် ပစ္စတိုသေနတ်နဲ့ ပစ်သတ်ခံခဲ့ရဖူးပါတယ်။ တရားဝင်သွားတာမဟုတ်တဲ့အတွက် ဘယ်သူ့ကိုမှ တိုင်လို့မရပါဘူး။ ဒါကြောင့်မို့ အခုလို တရားဝင်သွားတာကို အားပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်ဆင်းရဲတွင်းနက်တာဟာ အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းပါးနေလို့ပါ။ နိုင်ငံခြားမှာ ဈေးကောင်းရမယ်ဆိုရင် ကျွဲ၊ နွားတွေအပြင် အခြား ဆိတ်တို့၊ သိုးတို့၊ ဝက်တို့တောင် တင်ပို့ရောင်းချခွင့်ပြုသင့်ပါတယ်။ ကျွဲ၊ နွားမွေးတယ်ဆိုတာ တောသူတောင်သားတွေပါ။ တစ်အိမ်ကို လေး၊ ငါး၊ ခြောက်ကောင်မွေးပြီး ပေါက်ဖွားလာတဲ့နွားတွေကို ရောင်းကြတာပါ။ လယ်ယာ လုပ်ငန်းကိုထိခိုက်အောင် မည်သူမျှမရောင်းကြပါဘူး။ ဘယ်တောင်သူမှလည်း အမြစ်ပြတ်မျိုးပြတ် မရောင်းချပါဘူး။ တရားဝင်ရောင်းချတာကို ကန့်သတ်ပိတ်လိုက်မယ်ဆိုရင်တော့ တရားမဝင်မှောင်ခို ဈေးကွက်ကြီးဖြစ်ပေါ်လာဦးမှာပါပဲ။ အဲဒီတော့မှ သန်မာထွားကြိုင်းတဲ့ နွားကောင်း၊ နွားသန်၊ ကျွဲ ကောင်း၊ ကျွဲသန်တွေ ထွက်သွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွဲ၊ နွားတွေကို တရုတ်ပြည်နယ်စပ်အထိ လမ်းလျှောက်ခိုင်းရမှာမို့လို့ပါ။ နွားအို၊ နွားပိန်တွေနဲ့ ဘယ်သူမှ မသွားတော့ပါဘူး။ တိုင်းပြည်ကို ၂၆ နှစ်လုံး တံခါးပိတ်ဝါဒကျင့်သုံးခဲ့လို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတွေနောက်ကျကျန်ခဲ့တာကို သင်ခန်းစာယူသင့်ပါတယ်။ အခုလိုတံခါးဖွင့်ဝါဒ၊ ဈေးကွက်စီးပွားရေးဖော်ဆောင်နေချိန်မှာ အပိတ် အဆို့တွေလုပ်လိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံဟာ ဘယ်တော့မှ နလန်ထူတော့မှာမဟုတ်ပါ ဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်းတို့၊ ပိတောက်တို့၊ တမလန်းတို့ ဈေးကောင်းတဲ့သစ်ပင်တွေစိုက်ရင် တောင် ရောင်းစားဖို့အနှစ် ၃၀၊ ၄၀ စောင့်ရမှာပါ။ အခုလို လေး၊ ငါးနှစ်နဲ့ တိရစ္ဆာန်တွေကို မွေးပြီး ရောင်းချခြင်းဖြင့် တောင်သူတွေရဲ့ဘဝကို မြှင့်တင်ပေးကြပါလို့ ပြောကြားရင်းနဲ့ အဆိုကို ကန့်ကွက် ဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသာအောင်(မြို့သစ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့အဆိုဖြစ်သော

စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝတင်သွင်းအသုံးမပြုနိုင်ခင်မှာ ရာသီအချိန်မီထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာလုပ်ငန်းတွင် အသုံးပြုနေတဲ့ ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန် အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ ကျွန်တော့်အနေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားတွေဟာ ခေတ်အဆက်ဆက် သဘာဝရာသီဥတုဖောက်ပြန်ခြင်း၊ ဈေးကွက်မတည်ငြိမ်ခြင်း၊ ခေတ်မီနည်းပညာချို့တဲ့ခြင်း၊ မျိုးကောင်းမျိုးသန့်မရှိခြင်း၊ အရင်းအနှီးမလုံလောက်ခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်းများကြောင့် ကျေးဇူးရှင်တောင်သူဦးကြီးများအဖြစ်လောက်နဲ့သာ ရှိနေခဲ့ပါတယ်။ လယ်သမားအများစုဟာ အကြွေးမကင်းခဲ့ကြပါဘူး။ ဒီအခြေအနေမှာ တောင်သူလယ်သမားတွေအတွက် အမှန်တကယ် အကျိုးဖြစ်စေတဲ့ ကျွဲ၊ နွားများ ပြည်ပတင်ပို့ခွင့်ကို တရားဝင်ခွင့်ပြုလိုက်သည့်အတွက် ကောင်းသောအကျိုးကို ရရှိခဲ့ပါတယ်။ ဒီရဲ့အကျိုးဆက်အဖြစ်နဲ့ နှစ်နှစ်သားလောက် ကောင်းစွာမွေးထားတဲ့နွားတစ်ကောင်ဟာ ယခုဆိုရင် ၁၀ သိန်းလောက်အထိ ရရှိကြပါတယ်။ ရှားရှားပါးပါးတောင်သူတို့ရဲ့အခွင့်အလမ်းတစ်ရပ်ပါပဲ။ အကယ်၍ အဆိုရှင်တင်ပြသလို ခိုင်းနွား သို့မဟုတ် နွားထီးများ တင်ပို့မှုကို ကန့်သတ်လိုက်မယ်ဆိုရင် လက်ရှိဈေးကွက်ဟာ ကြီးစွာဂယက်ရိုက်သွားနိုင်ပါတယ်။ တစ်ပိုင်တစ်နိုင်မွေးမြူကြတဲ့ တောင်သူတို့ရဲ့အကျိုးကို ထိခိုက်နိုင်ပါတယ်။ ဒီကိစ္စဟာ အသေအချာလေ့လာစူးစမ်းပြီးမှ ဆုံးဖြတ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထွန်ယက်စိုက်ပျိုးတဲ့လုပ်ငန်းမှာ ခိုင်းနွားများ အသုံးပြုမှု လျော့ကျလျက်ရှိပါတယ်။ လျော့ကျရတဲ့အကြောင်းရင်းမှာ စီးပွားရေးအရ တွက်ချေမကိုက်တော့၍လည်း ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသလို အကြွေးရှိသူ၊ အကြွေးကင်းသူများလည်း ခိုင်းကျွဲ၊ ခိုင်းနွားများနှင့် ထွန်ယက်ခြင်းကို လျှော့ချကြပါတယ်။ ခိုင်းနွားတစ်ရှဉ်းရဲ့လုပ်အားဟာ တစ်ရာသီမှာ ငါးဧကမှ ၁၀ ဧကခန့်လောက်သာ ပြီးစီးနိုင်ပါတယ်။ အဲဒီ ၁၀ ဧကလောက်ကို စက်နဲ့ထွန်မယ်ဆိုရင် တန်ဖိုးအားဖြင့် ငါးသိန်းမှ ခြောက်သိန်းလောက်သာ ကုန်ကျပါတယ်။ အချိန်အားဖြင့် နှစ်ရက်လောက်ပဲ ကြာပါတယ်။ ကျွဲ၊ နွားနဲ့ထွန်ယက်ရင် ရက် ၂၀ မှ တစ်လခန့် ကြာနိုင်ပါတယ်။ အကယ်၍ ကျွဲ၊ နွားများ ထားရှိထွန်ယက်မယ်ဆိုရင် ကျွေးမွေးစရိတ်ဟာ နွားတစ်ကောင်ကို အနည်းဆုံး ၁၀၀၀ ကျပ်ဖိုးလောက်နဲ့တွက်ရင်တောင် တစ်နှစ်ကို နွားတစ်ရှဉ်းရဲ့ကျွေးမွေးစရိတ်ဟာ ခြောက်သိန်းလောက် အနည်းဆုံးကုန်ကျပြီးတော့ ထွန်စီး၊ နွားကျွေး၊ စာရင်းငှားတစ်ယောက်ကို ငှားရင် တစ်လကို တစ်သိန်းခွဲလောက် ပေးရပါတယ်။ နွားတစ်ရှဉ်းဟာ အသင့်အတင့်ဈေးနဲ့ဖြစ်တယ်။ နွားတစ်ရှဉ်းရဲ့တန်ဖိုးဟာ သိန်း ၂၀ လောက်ရှိပါတယ်။ အကယ်၍ အကြွေးရှိသောလယ်သမားအနေနဲ့ ချေးငှား၍ဝယ်ခဲ့ပါက အနည်းဆုံး နှစ်ကျပ်ခွဲအတိုးနဲ့တွက်ရင်တောင်မှ တစ်နှစ်ကို ခြောက်သိန်းလောက် အတိုးပေးရနိုင်ပါတယ်။ အားလုံးကိုခြုံ၍ ကျွဲ၊ နွားတစ်ရှဉ်းထားမယ်ဆိုရင် အနည်းဆုံးကုန်ကျစရိတ်များဖြစ်တဲ့ ကျွေးမွေးစရိတ်က ခြောက်သိန်း၊ စာရင်းငှားခက တစ်နှစ်လုံးငှားမယ်ဆိုရင် ၁၈ သိန်း၊ အတိုးပေးခဲ့ရလို့ရှိရင် တစ်နှစ်ကို ခြောက်သိန်း စုစုပေါင်း သိန်း ၃၀ ခန့် အကုန်အကျခံပြီးတော့ နွားတစ်ရှဉ်းလောက်ကို မွေးနေရတဲ့သဘောကို ရှိပါတယ်။ ဒီလက်ရှိဖော်ပြချက်များဟာ ကာယကံရှင်များနှင့်မေး၍ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ခိုင်းနွားများလျော့၍ ခိုင်းနေခြင်းသည် စီးပွားရေးအရ တွက်ချေမကိုက်၍ လျှော့နေကြခြင်း ဖြစ်ပါတယ်။ စီးပွားရေးအရ တွက်တတ်တဲ့လယ်သမားတိုင်းဟာလည်းပဲ ခိုင်းနွားများနှင့်ထွန်ယက်ခြင်း မပြုတော့ပါကြောင်း တင်ပြရင်းနဲ့ အားလုံးစဉ်းစားဆုံးဖြတ်နိုင်ဖို့အတွက် တင်ပြအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း တင်သွင်းထားတဲ့ စိုက်ပျိုးရေးစက်ကိရိယာများ အပြည့် အဝ မတင်သွင်း၊ မသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် လယ်ယာတွင်အသုံးပြုနေ သော ခိုင်းကျွဲ၊ ခိုင်းနွားများ ပြင်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားသလို ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အမှီပြုနေတဲ့၊ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ကျေးလက်နေပြည်သူဟာ ၇၀ ရာခိုင်နှုန်းရှိပြီး ယခုအချိန်မှာ ရာသီဥတုတွေက ဖောက်ပြန်သလို အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးရေးလုပ်ကိုင်နေကြတဲ့တောင်သူတွေ အခက်အခဲနဲ့ရင်ဆိုင်နေရတယ်ဆိုတာလည်း အင်မတန်မှ မှန်ကန်လှပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းက အချိန်နဲ့ဆောင်ရွက်ရတာဖြစ်ပြီး အချိန်နှင့်ထယ်ရေးပြင်၊ အချိန်မီစိုက်ပျိုးဖို့လုပ်ရတာဆိုတာလည်းမှန်သလို ထယ်ရေးပြင်တဲ့အခါမှာလည်း ထွန်စက်ကြီးတွေ၊ ထွန်စက်ငယ်တွေအပြင် ကျွဲတွေ၊ နွားတွေနဲ့ ဆောင်ရွက်ရတာဆိုတာလည်း အင်မတန်မှ မှန်ကန်ပါ တယ်။ အချိန်မီမစိုက်ပျိုးနိုင်ပါက သီးနှံများ အထွက်လျော့ပြီးတော့ တောင်သူများနစ်နာဆုံးရှုံးနိုင်ပါ တယ်။ ခိုင်းကျွဲ၊ ခိုင်းနွားတွေမရှိလို့ အချိန်မီမထွန်ယက်နိုင်ဘူးဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ အနည်း ငယ်ဆွေးနွေးလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့တောင်သူတွေမှာ တစ်ချိန်က တစ်နှစ်ကို တစ်သီးပဲ စိုက်ပျိုးကြပြီးတော့ ကျွဲတွေ၊ နွားတွေနဲ့ထွန်ကြတာ အဆင်ပြေနေကြပါတယ်။ အခုအချိန်မှာတော့ ခေတ်မီတိုးတက်လာတာနှင့်အမျှ နွေ၊ မိုး၊ ဆောင်းသုံးရာသီမှာ သုံးသီးစိုက်နေကြပြီ ဖြစ်ပါတယ်။ သီးနှံ တစ်ခုနှင့်တစ်ခုကြား ထယ်ရေးပြင်ချိန်ကလည်း အလုံအလောက်မရရှိတော့ပါဘူး။ ရှေးက ဘိုးတွေ၊ ဘွားတွေပြောကြားလိုက်တာက တောင်သူတိုင်းလည်းသိနေပါတယ်။ လယ်မှာ အပုပ်၊ နှမ်းမှာ အသုတ် ဆိုသလို လယ်ယာစိုက်ပျိုးတဲ့အခါမှာလည်း လယ်စိုက်ချိန်မှ ထယ်ရေးပြင်တာက စောစောစီးစီး ထယ်ရေးပြင်ပြီးတော့ ပုပ်နေအောင်ထားမှ သမန်းအေးနေအောင် ထားရပါတယ်။ နှမ်းစိုက်မယ် ဆိုလို့ရှိရင် ရာသီမီအောင် မြန်မြန်စိုက်ဆိုတဲ့သဘောပါပဲ။ အဲဒီအချိန်တုန်းကတော့ လယ်တောမှာ တစ်နှစ်လုံးမှာ စပါးတစ်သီးပဲ စိုက်တာဆိုတော့ သမန်းအေးအောင် အေးအေးဆေးဆေး ထွန်ယက်ကြ လို့ ရပါတယ်။ အခုချိန်မှာ မိုးစပါးစိုက်ပြီးပြီဆိုတာနဲ့ ဆောင်းမှာ ကုလားပဲစိုက်ဖို့ အားထည့်ကြရတယ်။ ကုလားပဲသိမ်းပြီးလို့ ကုလားပဲကမခြွေရသေးဘူး။ နွေနှမ်းစိုက်ဖို့အတွက် ရေတင်ရတာတွေ ကျွန်တော်

တို့ ဆောင်ရွက်ရပါတယ်။ ဘယ်မှာထယ်ရေးပြင်ချိန်က အလုံအလောက်ရတော့မလဲဆိုတာ စဉ်းစား စရာပါ။

ကျွဲ၊ နွားနဲ့ ထွန်ယက်မယ်ဆိုရင်လည်း လယ်တစ်ဧကကို ထယ်ခွဲတာတင်ကိုပဲ ကျွဲ၊ နွား ခြောက်ရှဉ်းလောက်ဝင်ပါတယ်။ တစ်ရှဉ်းကို ၅၀၀၀ ကျပ်နှုန်းနဲ့တွက်ရင် ထယ်ခွဲတာတင် ၃၀၀၀၀ ကျပ် လောက် ကုန်ကျမှာဖြစ်ပါတယ်။ ထယ်ခွဲပြီးတော့ တန်းစိုက်လို့မရပါဘူး။ ထယ်ရေးညက်အောင် ထွန်ရပါသေးတယ်။ ထွန်တဲ့အခါမှာလည်း လေးသွား၊ ခုနစ်သွား၊ ဓားစိတ် ဒါတွေနဲ့စီးတဲ့အတွက် ခြောက်ရှဉ်းလောက် ထပ်ကုန်မှာဖြစ်တဲ့အတွက် ၃၀၀၀၀ ကျပ်လောက်ထပ်သုံးရမှာဖြစ်ပါတယ်။ ထွန်ရက်ကလည်းကြာ၊ အချိန်ကလည်းကုန်၊ ငွေကလည်းပိုကုန်ပြီးတော့ ဒီနေရာမှာ အချိန်ကုန် သက်သာမယ့် ထွန်စက်တွေနဲ့သာ ထွန်လိုက်မယ်ဆိုရင် တစ်ဧက ၂၀၀၀၀ ကျပ်ကနေ ၂၂၀၀၀ ကျပ် ဝန်းကျင်လောက်ပဲ ကုန်မှာဖြစ်ပါတယ်။ အချိန်ကုန်လည်းသက်သာ၊ ငွေကုန်လည်းသက်သာပြီးတော့ အမြန်လည်းစိုက်ပျိုးလို့ရပါတယ်။ နောက်ပြီး ရေကြီးနစ်မြုပ်တဲ့ဒေသတွေမှာ ကျွဲ၊ နွားတွေမရှိတော့လို့ ထွန်ယက်ဖို့ခက်နေတယ်ဆိုတာ အဆိုရှင်တင်ပြသွားပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာတော့ ရေကြီး နစ်မြုပ်လို့၊ နှမ်းခင်းတွေပျက်လို့၊ မိုးလယ်မှာစိုက်ဖို့အတွက် ထယ်ရေးပြင်လို့ အခက်အခဲရှိနေတဲ့ တောင်သူတွေကို နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ စက်မှုလယ်ယာမှ ထွန်စက်ကြီး ၁၀ စီးဖြင့် တောင်သူများ ဆီထည့်တဲ့စနစ်နဲ့ပဲ စက်ရဲ့အသုံးစရိတ်ကိုမပေးရဘဲ ဆီထည့်တဲ့စနစ်နဲ့ပဲ တောင်သူတွေကို စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် တောင်သူတွေကလည်း ဝမ်းသာနေတယ်လို့ ကျေးဇူးရှင်တောင်သူ ဦးကြီးများရဲ့ကိုယ်စား ပြည်သူ့အစိုးရကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉ အရ နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းစသည်တို့ကို ဖြည့်ဆည်းရမယ်ဆိုတဲ့အတိုင်း လက်ရှိပြည်သူ့အစိုးရက ကြိုးစားပြီးဆောင်ရွက်နေကြောင်းလည်း သိရှိ ရပါတယ်။ စနစ်ကျလယ်ယာမြေတွေကို နှစ်အလိုက်ဖော်ဆောင်ပေးနေတာရှိသလို ထွန်စက်ကြီးတွေ ဝယ်ယူတဲ့အခါမှာလည်း ၁၀ ရာခိုင်နှုန်း ပထမအရစ်သွင်းရုံနဲ့ နှစ်ရှည်ဝယ်ယူနိုင်တဲ့စနစ်တွေနဲ့ ဆောင်ရွက်ပေးသလို လုပ်ကွက်ငယ် တစ်နိုင်တစ်ပိုင်တောင်သူတွေအနေနဲ့လည်း လက်တွန်းထွန်စက် တွေကို သုံးနှစ် သုံးရစ်ဆပ်အနေနဲ့ ရောင်းချပေးနေတာ တောင်သူတွေကိုယ်စား ကျေးဇူးအထူးတင်ရှိ ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေဆိုရင်လည်း ယခင်က မိုးစပါးတစ်ဧကကို တစ်သိန်းနှုန်းကနေ အစိုးရ သစ်လက်ထက်မှာ တစ်သိန်းခွဲနှုန်းအထိ တိုးချဲ့ပေးခဲ့သလို ယာစိုက်တောင်သူတွေအတွက် တစ်ဧက ၂၀၀၀၀ ကျပ်ကနေပြီးတော့တိုးချေးပေးဖို့ ၂၇-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ကျွန်တော်ကိုယ်တိုင်မေးခွန်းမေးခဲ့ပါတယ်။ အဲဒီအချိန်တုန်းက လတ်တလောဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်းပဲ တိုးတက်လာတဲ့ စီးပွားရေးနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမယ်လို့ ဖြေကြားသွားတဲ့အတွက် ယခုဆိုရင် ယာတစ်ဧကကို ၅၀၀၀၀ ကျပ်နှုန်းနဲ့ တိုးမြှင့်ထုတ်ချေးပေးနေပါပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလို တချို့နေရာတွေမှာ ကွဲ့တွေ၊ နွားတွေကို အသုံးပြုနေရဆဲဖြစ်သော်လည်းပဲ ခိုင်းကွဲ့၊ ခိုင်းနွားတွေမရှိလို့ ထယ်ရေးပြင်ရာမှာ အခက်အခဲတွေနဲ့ ကြုံတွေ့နေရတယ်၊ ရင်ဆိုင်နေရတယ်ဆိုတာ မဟုတ်ပါဘူးခင်ဗျား။ ကွဲ့၊ နွားတွေကို တရားဝင်တင်ပို့ခွင့်ပြုခဲ့တဲ့အတွက် ကွဲ့၊ နွားဈေးကွက်တွေကောင်းနေတဲ့အတွက် တောင်သူတွေမှာလည်း ပိုမိုပြီးတော့ အဆင်ပြေနေတာ တွေ့ရပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ တောင်သူများရဲ့အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးမှ ရရှိလာတဲ့ထွက်ကုန်သီးနှံတွေ ဈေးကောင်းရရှိဖို့ပဲ ဖြစ်ပါတယ်ခင်ဗျား။ လတ်တလောမှာ စပါးဈေးကွက်အနေနဲ့ အာမခံချက်ရှိတယ်လို့ပြောလို့ရသော်လည်းပဲ တခြားထွက်ကုန်သီးနှံတွေမှာ ဈေးကွက်ခိုင်မာမှုမရှိ၍ တောင်သူတွေအဆင်မပြေမှုများနဲ့ ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)အရ စိုက်ပျိုးထုတ်လုပ်တယ်။ ကောက်ပဲသီးနှံများ သင့်တင့်မျှတတဲ့တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဆိုတဲ့အတိုင်း အမြန်ဆုံးကူညီဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇွဲနေဇော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဇွဲနေဇော်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇွဲနေဇော်ဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံလူဦးရေစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေတောင်သူလယ်သမားများဖြစ်ကြပြီး ပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးရဲ့ ၂၃.၃ ရာခိုင်နှုန်း၊ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်းရဲ့ ၂၁ ရာခိုင်နှုန်းဟာ လယ်ယာကဏ္ဍမှရရှိနေပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးကိုအခြေခံထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တောင်သူလယ်သမားတို့ရဲ့အခွင့်အရေးနဲ့ ပတ်သက်ပြီး ပုဒ်မ ၂၃ ဖြင့်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရေးအတွက် ပုဒ်မ ၂၉ ဖြင့်လည်းကောင်းပြဋ္ဌာန်းထားရှိပါတယ်။ မြန်မာ့လယ်ယာကဏ္ဍရဲ့ အဓိကအင်အားစုဖြစ်သော တောင်သူလယ်သမားများအတွက် လိုအပ်မြဲဖြစ်တဲ့ ခိုင်းကွဲ့၊ နွားများဟာ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၃)နှင့်ပြဋ္ဌာန်းခဲ့သော အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပြည်ပသို့တင်ပို့ခွင့်မရှိသော အရေးကြီးသက်ရှိကုန်စည်အမျိုးအစားမှာ ပါဝင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ၎င်းဝန်ကြီးဌာနရဲ့အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၇) အရ ကွဲ့၊ နွားအရှင်များအား ပြင်ပသို့တင်ပို့ခြင်းကိုခွင့်ပြုခဲ့ရာ မိမိတို့နိုင်ငံအပေါ် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်များထဲက အချက်သုံးချက်ကို အကြံပြုဆွေးနွေးလိုပါတယ်။

ပထမအချက်အနေနဲ့ လက်ရှိအချိန်မှာ မိမိတို့နိုင်ငံအနေနဲ့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ စိန်ခေါ်ချက်များအနေနဲ့ကတော့ (၁) လယ်ယာသုံး

စက်ယန္တရားများမလုံလောက်သေးခြင်း၊ (၂) နေ့စားလယ်လုပ်သားများရှားပါးနေခြင်း၊ (၃) မြေအနေအထားကန့်သတ်ချက်များကြောင့် စက်ယန္တရားများအပြည့်အဝအသုံးမချနိုင်ခြင်း၊ (၄) တောင်သူလယ်သမားများအနေနဲ့ လယ်ယာသုံးစက်ယန္တရားများ ဝယ်ယူအသုံးပြုနိုင်ရန် အလှမ်းဝေးနေခြင်းတို့ပဲဖြစ်ပါတယ်။ တင်ပြပါ Slide ကတော့ လယ်ယာစိုက်ပျိုးရေးမှာ ကျွဲ၊ နွားများအသုံးပြုမှုနှင့် စက်ယန္တရားများအသုံးပြုမှုတို့ရဲ့ကုန်ကျစရိတ်ကို အနီးစပ်ဆုံးကာလများအတိုင်း နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်ပါတယ်။ မကြာသေးမီကလည်း မိမိတို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ၎င်းတို့မဲဆန္ဒနယ်ရှိ စိုက်ပျိုးရေးလုပ်ငန်းများမှာ အသုံးပြုဖို့ လယ်ထွန်စက်များ၊ ခြွေလှေ့စက်များလိုအပ်ချက်ရှိနေ၍ မေးမြန်းဆွေးနွေးခဲ့ရာ အလားတူလိုအပ်ချက်များရှိနေတဲ့မြို့နယ်များလည်း ရှိနေမယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စိုက်ပျိုးနိုင်မြေဧက ၅၀.၅၂ သန်းရှိတဲ့ မိမိတို့နိုင်ငံအတွက် ခိုင်းကျွဲ၊ နွားများဖြင့် ပေါင်းစပ်အသုံးပြုခြင်းက ပိုမိုအထောက်အကူပြုစေမယ်လို့ သုံးသပ်ရရှိပါတယ်။ ဒုတိယအချက်အနေနဲ့ လက်ရှိနိုင်ငံတကာရဲ့တိရစ္ဆာန်မွေးမြူရေးကိုလေ့လာကြည့်မယ်ဆိုပါက (၁)သားထုတ်လုပ်ရေး၊ (၂) နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်ရေး၊ (၃) လယ်ယာစိုက်ပျိုးရေးမှာအသုံးပြုရေးစတဲ့ အုပ်စုအမျိုးအစားသုံးမျိုးရှိရာ မိမိတို့နိုင်ငံအနေနဲ့ မည်သည့်အုပ်စုအမျိုးအစားကို ဈေးကွက်လိုအပ်ချက်ပေါ်မူတည်ပြီး ဦးတည်လုပ်ဆောင်မယ်ဆိုတဲ့ မူဝါဒနဲ့စီမံချက်များရေးဆွဲကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံအများစုဟာ အသားထုတ်လုပ်ရေးကိုသာ အဓိကလုပ်ကိုင်နေတာတွေ့ရပြီး မိမိတို့နိုင်ငံအနေနဲ့လည်း ချင်းပြည်နယ်နဲ့နာဂတောင်တန်းဒေသများရှိ နွားနောက်များဟာ စားသောက်ကုန်ဖြင့် ဈေးကွက်ဝင်နိုင်တဲ့ အနေအထားမျိုးရှိတာကိုတွေ့ရတဲ့အတွက် ဒါကိုကောင်းမွန်စွာအသုံးပြုနိုင်ဖို့ လိုပါမယ်။ ဒါ့ကြောင့် စီမံကိန်းများစနစ်တကျချမှတ်ပြီး ပြည်ပသို့ထိရောက်စွာတင်ပို့နိုင်လျှင် ပိုမိုအကျိုးရှိမယ်လို့ သုံးသပ်ရရှိပါတယ်။

တတိယအချက်အနေနဲ့ မိမိတို့အိမ်နီးချင်း တရုတ်နိုင်ငံရဲ့နှစ်စဉ် အမဲသားစားသုံးမှုအရ ၈.၄ မီလီယံတန်ဖိုးရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအချိန်မှာ တရုတ်-အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ ပြဿနာများကြောင့် အမေရိကန်မှ ပုံမှန်တင်သွင်းနေရတဲ့အမဲသားဈေးကွက်လိုအပ်ချက်ဖြစ်ပေါ်လာမှာဖြစ်ရာ မိမိတို့နိုင်ငံမှ အမဲသားတင်ပို့မှုနှင့် ပြည်တွင်းအသားထုတ်လုပ်မှုတို့အပေါ် ရေရှည်မည်မျှသက်ရောက်မှုမျိုးရှိလာနိုင်တယ်ဆိုတာ သတိပြုရမှာဖြစ်ပါတယ်။ နှစ်စဉ်လူဦးရေမွေးဖွားနှုန်း ၁.၉ ရာခိုင်နှုန်းရှိနေတဲ့မိမိတို့နိုင်ငံအတွက် ရေရှည်ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကိုပါ ထိခိုက်နိုင်မှုရှိ/မရှိတို့အားလည်း ထည့်သွင်းတွက်ချက်ရန်လိုမယ်လို့ သုံးသပ်ရရှိပါတယ်။ ထို့အတူ ကျွဲ၊ နွားသယံဇာတများမဆုံးရှုံးစေဖို့ တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းကိုရောက်ရှိစေဖို့ ပြည်ပသို့တင်ပို့ခွင့်ပြုခဲ့သော်လည်း ယခုအချိန်ထိ တရားမဝင်ရောင်းချတင်ပို့မှုများရှိတာကို တွေ့ရှိရပါတယ်။ ဒါတွေကိုလည်း ပပျောက်အောင်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကျွဲ၊ နွားများအား ပြည်ပသို့တင်ပို့မှုလုပ်ငန်းစဉ်တိုင်းကို ထုတ်ပြန်ထားတဲ့ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျမှန်မှန်ကန်ကန်ကြပ်မတ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံတောင်သူလယ်သမားများရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်မှာ မိသားစုဝင်သဖွယ်အရေးပါသော နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မှာဖြစ်သော ခိုင်းကျွဲ၊ နွားများ ပြည်ပသို့တင်ပို့ရောင်းချနေမှုမှာ ပါဝင်နေခြင်းများနှင့်စပ်လျဉ်းပြီး (၁)လက်ရှိအချိန်မှာ စက်မှုလယ်ယာကဏ္ဍအနေနဲ့ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်မှုမရှိသေးခြင်းဟာ ခိုင်းကျွဲ၊ နွားများဖြင့် ပေါင်းစပ်အသုံးပြုရန်လိုအပ်နေသေးခြင်း၊ (၂) ဈေးကွက်လိုအပ်ချက်များအရ မည်သည့်ပြည်ပပို့ကုန်ဖြင့် ဦးသူထုတ်လုပ်မယ်ဆိုတဲ့မူဝါဒနဲ့စီမံချက်များ ပြုစုရေးဆွဲအကောင်အထည်ဖော်ရန်လိုအပ်ခြင်း၊ (၃) ပြည်ပဈေးကွက်ဝယ်လိုအားအဆမတန်မြင့်တက်လာပါက ဖြစ်ပေါ်လာနိုင်တဲ့ ခိုင်းကျွဲ၊ နွားအရင်းအမြစ်များကျဆင်းလာနိုင်မှုမျိုးမှတစ်ဆင့် နှစ်စဉ်လူဦးရေမွေးဖွားနှုန်း ၀.၉ ရာခိုင်နှုန်းရှိနေတဲ့ မိမိတို့နိုင်ငံအတွက် ရေရှည်ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကိုပါ ထိခိုက်လာနိုင်မှုရှိ/မရှိတို့အား ထည့်သွင်းတွက်ချက်ရန်လိုအပ်ခြင်း၊ (၄) ပြည်ပသို့ တင်ပို့မှုလုပ်ငန်းစဉ်တိုင်းအား ဥပဒေနှင့်အညီ တိကျမှန်ကန်မှုရှိစေရန်လိုအပ်ခြင်းစတဲ့အချက်များကို သတိပြုပြီး စနစ်တကျကိုင်တွယ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် ခိုင်းကျွဲ၊ နွားများမလုံလောက်မှုကိုကာမိစေဖို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျွဲ၊ နွားသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး ငါးနှစ်စီမံကိုရေးဆွဲထားရာ ထိုစီမံချက်ကိုလက်တွေ့ကျကျအကောင်အထည်ဖော်ရန်လွန်စွာအရေးကြီးပါတယ်။ ဒါမှသာ တိရစ္ဆာန်များသုံးစွဲမှုသက်တမ်းကြာလာတာနှင့်အမျှ လွှဲပြောင်းအသုံးပြုရမှုကို အထောက်အကူပြုစေနိုင်သကဲ့သို့ နိုင်ငံခြားဈေးကွက်ကိုလက်လှမ်းမီခြင်း၊ ကုန်သည်ရော၊ မွေးမြူသူကိုပါ အကျိုးသက်ရောက်မှုရှိစေခြင်း၊ ခိုင်းကျွဲ၊ နွားများယုတ်လျော့မှုကို ကာကွယ်ရာရောက်စေခြင်းစတဲ့အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်မှာဖြစ်ပါကြောင်း အကြံပြုဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာက မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ အဓိကအချက်နှစ်ချက် ပါတယ်လို့ယူဆပါတယ်။ ပထမအချက်အနေနဲ့ ခိုင်းကျွဲ၊ ခိုင်းနွားတွေကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအား ကန့်သတ်တားမြစ်ပေးရန်ဖြစ်ပါတယ်။ ဒါကိုလုံးဝတားမြစ်ပေးဖို့ပြောတာမဟုတ်ဘူးလို့ ယူဆပါတယ်။ သင့်တော်သည့်အရေအတွက်ကိုသာ ခွင့်ပြုသင့်တယ်လို့ဆိုလိုတာ ဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ခိုင်းကျွဲ၊ ခိုင်းနွားတွေကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုထားပါတယ်။ ကျွဲ၊ နွားတွေဟာ အရေးကြီးကုန်စည်ထဲမှာပါနေတာမို့ လွတ်လပ်စွာသယ်ယူရောင်းဝယ်ခွင့်များသာဖြစ်ပါတယ်။ ဒါကြောင့် အခက်အခဲတွေကို ဖြစ်ပေါ်စေပါတယ်။ ကျွဲ၊ နွားတွေသယ်ဆောင်စုဆောင်းတဲ့အခါ တင်ပို့ခွင့်လိုင်စင် သို့မဟုတ် ထောက်ခံစာမပါရှိလျှင် ရဲကဖမ်းလို့ရပါတယ်။ လယ်သမားတွေက လွတ်လပ်စွာသွားရောင်းခွင့်မရှိဘဲ ကုန်စည်ကလာဝယ်မှ အဆင်ပြေကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပို့ခွင့်လိုင်စင်ရှိတဲ့ ကုန်စည်များကပဲ ကျွဲ၊ နွား စုဆောင်းခွင့်၊

သယ်ဆောင်ခွင့်၊ တင်ပို့ခွင့်ရှိကြောင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်တင် ကပြောကြောင်း The Voice Daily သတင်းစာမှာဖော်ပြထားတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှ ကျွဲ၊ နွားအကောင်ရေတစ်သန်းကို တရားဝင် ဝယ်ဖို့ကမ်းလှမ်းပေမဲ့ ၇၀၀၀၀၀ သာတင်ပို့ရောင်းချရန်ဆောင်ရွက်နေကြောင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းကပြောကြောင်း ယခု ဩဂုတ်လ ၂ ရက်နေ့ Daily Eleven သတင်းစာနှင့် ဩဂုတ်လ ၃ ရက်နေ့က The Voice Daily သတင်းစာများမှာ ဖတ်ရပါတယ်။ နိုင်ငံအတွင်းရှိ စီးပွားဖြစ်မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူထားသူများထံမှ ပြည်တွင်းစားသုံးမှုနှင့် လယ်ယာလုပ်ငန်းခွင်အသုံးပြုမှုကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီ တရားဝင်တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရပါတယ်။ လယ်သမားများမှာ ခိုင်းကျွဲ၊ ခိုင်းနွားများကို ကျန်းမာရေးကိစ္စ၊ ကြွေးပူဆပ်ရန်ကိစ္စ၊ စိုက်ဘဏ်ချေးငွေပေးဆပ်ရန်တို့အတွက် ကုန်စည်များကိုဖြစ်စေ၊ သားသတ်လိုင်စင်သမားကိုဖြစ်စေ မလွဲမသွေရောင်းချကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့မှာလည်း ကျွဲ၊ နွားတွေ ပြည်ပနိုင်ငံများသို့ တရားမဝင်ရာနဲ့ချီ၍ မှောင်ခိုရောင်းဝယ်နေကြကြောင်း သိနေရပါတယ်။ ဒီလို ကျွဲ၊ နွားတွေကို ပြည်ပသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ တင်ပို့ရောင်းချခြင်းကြောင့် ပြည်တွင်းမှာ ကျွဲ၊ နွားတွေ ရှားပါးသွားနိုင်ပါတယ်။ ဒီလိုရှားပါးသွားရင် လယ်ကွင်းတွေ၊ စိုက်ခင်းတွေမှာ ကျွဲချေး၊ နွားချေးတွေများများမသုံးနိုင်တော့ဘဲ Organic ထုတ်ကုန်တွေ ကျဆင်းလာနိုင်ပါတယ်။ ဒီလိုဖြစ်လာရင် ဓာတ်မြေဩဇာများကို နိုင်ငံခြားမှ အများကြီးတင်သွင်းရမှာဖြစ်ပါတယ်။ ဆင်းရဲသည့်ပြည်သူတွေမှာ လယ်သမားတိုင်း လယ်ထွန်စက်မဝယ်နိုင်တဲ့အတွက် ကျွဲ၊ နွားတွေကိုသာ အဓိက အားကိုးနေရပါတယ်။ ကျွဲ၊ နွားတွေရှားပါးသွားရင် စိုက်ပျိုးရေးလုပ်ငန်းတွေကို ထိခိုက်သွားနိုင်တဲ့အတွက် ပြည်ပသို့တင်ပို့သည့်အခါ သင့်တော်တဲ့အရေအတွက်ကိုသာ ခွင့်ပြုပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဒုတိယအချက်က အစိုးရမှလိုအပ်သလို ဖြေရှင်းကူညီထောက်ပံ့ပေးရန်လို့ဆိုထားပါတယ်။ ဒါကတော့ လယ်သမားတွေလိုအပ်တဲ့ လယ်ထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်တွေကို နှစ်တိုနှစ်ရှည်ချေးငွေတွေနဲ့ ပြည်တွင်းပြည်ပဘဏ်တွေ၊ ကုမ္ပဏီတွေဆီက အကြွေးရောင်းချပေးနိုင်ရေးတို့ကို အစိုးရက ကူညီပံ့ပိုးဖို့လိုအပ်နေပါတယ်။ ဒါ့အပြင် နိုင်ငံမှာ စားကျက်မြေနဲ့ အစာတွေရှားပါးလာတဲ့အတွက် မြို့နယ်တိုင်းမှာ မွေးမြူရေးဇုန်တွေလုပ်ပေးဖို့ လိုအပ်လာပါတယ်။ တစ်ပိုင်တစ်နိုင်မွေးမြူရေးသမားတွေ၊ မွေးမြူရေးကုမ္ပဏီတွေကို ထောက်ပံ့ချေးငွေများရနိုင်အောင်လည်း ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလိုအားပေးကူညီမှုတွေ လုပ်ပေးနိုင်မှ ပြည်တွင်းမှာဖူလုံပြီး ပြည်ပကိုများများတင်ပို့နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အချို့မြို့နယ်တွေမှာ စားကျက်မြေများကို လူအင်အား၊ စက်အင်အား၊ ငွေအင်အားတွေနဲ့ ကျူးကျော်ထွန်ယက်နေကြတာတွေကို သက်ဆိုင်ရာမှ မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်ခြင်းမရှိတဲ့အတွက် စားကျက်နဲ့အစာတွေရှားပါးလာ၍ မွေးမြူသူနည်းပါးကာ ခိုင်းကျွဲ၊ ခိုင်းနွားတွေမရှိသလောက် ရှားပါးနေပါတယ်။ အထူးသဖြင့် ပုဏ္ဏားကျွန်းမြို့နယ်၊

ပေါက်တောမြို့နယ်များရှိ ကျေးရွာတွေမှာ ခိုင်းကျွဲ၊ ခိုင်းနွားတွေကို အိမ်ရှေ့မှာ သော့ခလောက်ခတ်ထား ရမယ့်အခြေအနေဖြင့်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ရွာအနီးဆုံးမှာ ချည်နှောင်ထားရင်တောင် အခိုးခံနေရပါတယ်။ အဲဒီကျွဲ၊ နွားခိုးတဲ့အဖွဲ့တွေက မကြာခဏဆိုသလို တစ်ရွာကမဟုတ် တစ်ရွာက ခိုးပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကို စက်လှေအကြီးတွေနဲ့ ကုန်စည်တွေက တရားမဝင်မှောင်ခိုသွားနေကြ၍ ဖြစ်ပါတယ်။ ဒီလိုဖြစ်နေတာတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက စနစ်တကျစီမံချက်ချမှတ်ပြီး အရေးယူဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရမှ အကူအညီပေးဖို့ လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံမှာ ခိုင်းကျွဲ၊ ခိုင်းနွားတွေကို ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ကို ယခုထက်ပိုမို စနစ်တကျဆောင်ရွက်ပေးဖို့လိုအပ်လာသလို နိုင်ငံတော်အစိုးရကလည်း အဘက်ဘက်မှ အားပေးကူညီထောက်ပံ့ပေးဖို့ လိုအပ်နေပါကြောင်း အကြံပြုထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျန်းမာချမ်းသာကြပါစေကြောင်းလည်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းရဲ့အဆိုကို ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်တင်သွင်းထားတဲ့အဆိုကတော့ စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီထွန်ယက်စိုက်ပျိုး နိုင်စေရန် လယ်ယာတွင်အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများအား ပြည်ပသို့တင်ပို့ရောင်းချနေခြင်း အား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါရန်လို့ တင်သွင်းထား တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အလျောက် လယ်ယာနှင့်တွဲဖက်ပြီး ခိုင်းကျွဲ၊ ခိုင်းနွားများကို မွေးမြူလာခဲ့သည်မှာ ရှေးပဝေသဏီကာလကတည်းကပဲဖြစ်ပါတယ်။ နိုင်ငံရဲ့ရေမြေ၊ တောတောင်၊ သဘာဝနဲ့ကိုက်ညီမှု၊ လယ်ယာကဏ္ဍရဲ့လိုအပ်ချက်များကြောင့် နောင်များလည်း စဉ်ဆက်မပြတ် မွေးမြူနေအုံးမယ်ဆိုတာ သေချာလှပါတယ်။ မြန်မာနိုင်ငံတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်စာရင်းအရ မိုးစပါးစိုက်ဧက ၁၅.၂၂ သန်း၊ နွေစပါးစိုက်ဧက ၂.၇၁ သန်းရှိ၍ စုစုပေါင်း စပါးစိုက်ဧက ၁၇.၉၃ သန်းရှိပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့စာရင်းများအရ မွေးမြူထား တဲ့ကျွဲ၊ နွားကောင်ရေကလည်း ၁၁.၅ သန်းရှိကြောင်း သိရပါတယ်။ ၎င်းအရေအတွက်သည် လယ်ဧက ၃၄ သန်းအထိ ထွန်ယက်နိုင်သဖြင့် ကျွဲ၊ နွားများ ပိုလျှံလျက်ရှိပါတယ်။ ပိုလျှံသောကျွဲ၊ နွားများ ပြည်ပသို့တရားမဝင်တင်ပို့မှုဟာလည်း အစောပိုင်းကာလများကတည်းကပဲ စဉ်ဆက်မပြတ်ဆိုသလို ရှိနေခဲ့တာဖြစ်ပါတယ်။ တရားမဝင်တင်ပို့ရောင်းချရမှုကြောင့် လယ်သမားများဈေးကောင်းမရခြင်း၊

နိုင်ငံတော်တွင် ရသင့်ရထိုက်သည့်အခွန်ဝင်ငွေမရခြင်း၊ အဂတိလိုက်စားမှုများရှိနေခြင်းများကြောင့် တရားဝင်တင်ပို့ရောင်းချခွင့်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ စတင်ခွင့်ပြုခဲ့ချိန် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့အထိ ပြည်ပသို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်ရောင်းချမှု စုစုပေါင်းကောင်ရေ ၁၆၅၂၅၂ ကောင် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၃ မီလီယံ ခန့် ကုန်သွယ်မှုတန်ဖိုးရှိခဲ့ကြောင်း သိရပါတယ်။ တရားဝင်တင်ပို့ရောင်းချခွင့်ပြုပေးခဲ့ခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ ထုတ်ပြန်ချက်အရ နွားတစ်ကောင်လျှင် ၁၇ သိန်း ၆ သောင်းမှ သိန်း ၂၀ အထိ၊ ကျွဲတစ်ကောင်လျှင် ၁၈ သိန်းမှ သိန်း ၂၀ အထိရကြောင်း သိရပါတယ်။ နွားတစ်ကောင်ရဲ့တန်ဖိုးဟာ စပါးတင်း ၃၀၀၊ ၄၀၀ ရောင်းရတဲ့ တန်ဖိုးနဲ့ညီနေတဲ့အတွက် ကျေးလက်နေတောင်သူလယ်သမားများနဲ့ မွေးမြူရေးသမားများအတွက် အခွင့်အလမ်းကောင်းတစ်ခု ပေါ်ပေါက်လာခြင်းပဲဖြစ်ပါတယ်။ ပြင်ပသို့ ကျွဲ၊ နွားမွေးမြူတင်ပို့ ရောင်းချပြီး နိုင်ငံခြားဝင်ငွေအမြောက်အမြားရရှိနေသော နိုင်ငံများကို လေ့လာကြည့်မယ်ဆိုရင် Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ အိန္ဒိယ၊ ဘရာဇီး၊ တရုတ်၊ အမေရိကန်၊ ဥရောပနိုင်ငံများ၊ အာဂျင်တီးနား၊ သြစတြေးလျ၊ ရုရှား၊ မက္ကဆီကို၊ တူရကီ၊ ကနေဒါ၊ ဟန်ဂေရီ၊ နယူးဇီလန်၊ အီဂျစ်၊ ဘီလာရုစ်၊ ဂျပန်၊ ယူကရိန်း၊ တောင်ကိုရီးယား စသည့်နိုင်ငံများကို တွေ့ရမှာဖြစ်ပါတယ်။ စက်မှုသိပ္ပံ ပညာတိုးတက်ထွန်းကားပြီး စီးပွားရေးလည်းအောင်မြင်လျက်ရှိသော နိုင်ငံကြီးများသည်ပင်လျှင် မွေးမြူရေးတို့ကို အလေးထားလေ့ရှိကြောင်း သိသာပါတယ်။ မြန်မာနိုင်ငံရဲ့လယ်ယာကဏ္ဍသည် စပါးတစ်ဧကလျှင် တင်း ၅၀ ခန့်သာထွက်ရှိပြီး စပါးတစ်တင်းလျှင် ၅၀၀၀ ကျပ်ခန့်သာ ရရှိပါတယ်။ အချိန်တန်လို့ စပါးတင်း ၁၀၀ ရောင်းရတဲ့လယ်သမားဆိုတာလည်း အင်မတန်မှ ရှားပါးပါတယ်။ အစိုးရထုတ်ချေးတဲ့ချေးငွေလေးထုတ်ယူလိုက် ပြန်ဆပ်ချိန်ကျရင် ပုဂ္ဂလိကထံ အတိုးနှုန်းများများပေးယူပြီး ပြန်ဆပ်လိုက်နဲ့ဖြစ်နေချိန်မှာ ပြင်ပသို့ ကျွဲ၊ နွားများ တရားဝင်တင်ပို့ရောင်းချခွင့်ပြုပေးခြင်းသည် လယ်သမားများအတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖန်တီးပေးလိုက်ခြင်းဖြစ်ကြောင်း သုံးသပ်မိပါတယ်။ ပြည်ပသို့ တရားဝင်တင်ပို့မှုကို ဖွင့်လှစ်အားပေးရင်း ပြည်တွင်းလယ်ယာကဏ္ဍတွင် ကျွဲ၊ နွားလိုအပ်ချက်များမဖြစ်ပေါ်ရအောင် ကြိုတင်ထိန်းညှိသည့်အနေနှင့် အကန့်အသတ် များထားရှိတာကိုလည်း တွေ့ရပါတယ်။ ကျွဲ၊ နွားများ ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းအတွက် ကန့်သတ်ခြင်းများ (၁) ယာယီစုဆောင်းရရှိသောခရိုင်အတွင်းတွင် ဝယ်ယူစုဆောင်းရမည်။ ယာယီစုဆောင်းရပ်တစ်ခုလျှင် ကုမ္ပဏီတစ်ခု၏ကျွဲ၊ နွားများသာ စုဆောင်းရမည်။ ခရိုင်ကျော်၊ တိုင်းဒေသကြီးကျော်၊ ပြည်နယ်ကျော် ဝယ်ယူစုဆောင်းခွင့်မပြု။ (၂) ယာယီစုဆောင်းရပ်ကို ကျွဲ၊ နွားပွဲဈေးများတွင် မပြုလုပ်ရ။ (၃) အလေးချိန် ၂၀၀ ကီလိုဂရမ်အောက်ရှိသော ကျွဲ၊ နွားများနှင့် အသက်ငါးနှစ်အောက် ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ခြင်းမပြုလုပ်ရ။ (၄) နွားထီးဖြစ်လျှင် သင်းကွပ်ပြီးသားနွားထီးများကိုသာ ပြည်ပသို့တင်ပို့ရမည်။ သင်းမကွပ်ရသေးသော နွားသိုးများကို ပြည်ပသို့တင်ပို့ခွင့်မပြု။ (၅) လျှောက်ထားသည့် အရေအတွက်ပြည့်မီမှသာ Ear Tag တပ်ဆင်ပေးမည်။ ပထမအသုတ် ပြည်ပသို့တင်ပို့ပြီးမှသာ ဒုတိယအသုတ်ကို Ear Tag တပ်ဆင်ပေးမည်။ (၆) ကိုယ်စားလှယ်တစ်ဦးသည် ကုမ္ပဏီတစ်ခု၏

ကိုယ်စားလှယ်အဖြစ်သာ ဆောင်ရွက်ရမည်။ ကိုယ်စားလှယ် သုံး၊ လေးခု၏ကိုယ်စားပြုသော ကိုယ်စားလှယ်မဖြစ်စေရ။ (၇) တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေး စခန်းတွင် စစ်ဆေးမှု ခံယူ၍ (AQC)လက်မှတ် Animal Quarantine Certificate ရယူရမည်စသည်ဖြင့် အကန့်အသတ် များ တွေ့ရပါတယ်။ ဒီကန့်သတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်အောင် တိတိကျကျကိုင်တွယ် ပေးမည်ဆိုပါက လယ်ယာကဏ္ဍ၏လိုအပ်ချက်ကိုလည်း ထိခိုက်မှုမရှိ၊ ဈေးကွက်စီးပွားရေးစနစ်လည်း အောင်မြင်စွာပေါ်ပေါက်လာပြီး တောင်သူလယ်သမားများ၏ဘဝလည်း ဝင်ငွေများ တိုးတက်ရရှိလာ ပြီး တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပြီး မအူပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့အဆိုကို အကြံပြု ဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွဲ၊ နွားအရှင်များ ပြည်ပသို့ တရားဝင်တင်ပို့ခွင့် မရှိစဉ်အချိန်က ကျွဲ၊ နွားအကောင်ရေအမြောက်အမြားကို တရားမဝင်နည်းလမ်းများနဲ့ ကုန်သွယ်မှုများ ရှိခဲ့ပြီးတော့ မွေးမြူသူတောင်သူများ ရသင့်ရထိုက်တဲ့တန်ဖိုး၊ ငွေကြေးမရရှိခဲ့သလို နိုင်ငံတော်အတွက် လည်း အခွန်ဘဏ္ဍာငွေများ များစွာဆုံးရှုံးခဲ့ရပါတယ်။ ကျွဲ၊ နွားအရှင်များ တရားမဝင်ကုန်သွယ်မှု များဟာ မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးခြင်းများနှင့်လည်း ဆက်စပ်နေပါတယ်။ တောင်သူလယ်သမား များရဲ့ဘဝ ပိုမိုတိုးတက်လာစေရန်နှင့် ဝင်ငွေများပိုမိုရရှိလာစေရန်အတွက် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရမှ ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ ကျွဲ၊ နွားများကို ပြည်ပသို့ တရားဝင်တင်ပို့ကုန်သွယ်နိုင်ခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများသို့ ကျွဲ၊ နွားအရှင် များ တရားမဝင်တင်ပို့နေမှုများပပျောက်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်အကောက် များရရှိခြင်း၊ တိရစ္ဆာန်ရောဂါ ကူးစက်ပျံ့ပွားမှုကို ထိန်းချုပ်နိုင်ခြင်း၊ ကျွဲ၊ နွားမွေးမြူသူများ ရသင့်ရထိုက်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများရရှိမှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မှာဖြစ်သလို မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးခြင်းကိုလည်း လျော့နည်းစေပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေနဲ့ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရဖြစ်ပေါ်နေတဲ့ လွတ်လပ်တဲ့ဈေးကွက်ကို ဖော်ဆောင်နိုင် ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် မွေးမြူရေး တောင်သူများ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ကျွဲ၊ နွားအရှင်များ ပြည်ပသို့ တရားဝင်တင်ပို့ခွင့် ပြုပေးခဲ့ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ တစ်နှစ်လျှင် အကောင်ရေငါးသိန်းခန့် ဝယ်ယူလိုကြောင်း

ကမ်းလှမ်းချက်အရ မြန်မာနိုင်ငံမှ ကွဲ၊ နွားအရှင်များအား တရုတ်နိုင်ငံသို့ ၁၁-၁၁-၂၀၁၇ ရက်နေ့မှ စတင်ပို့နေပြီး ဈေးကွက်ထိန်းချုပ်မှုမရှိစေရန်အတွက် ဈေးကွက်ဝယ်လိုအားရှိတဲ့ ထိုင်းနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့လည်း တင်ပို့ရန်စီစဉ်နေကြောင်း၊ ကွဲ၊ နွားအရှင်များ ပြည်ပသို့ တရားဝင် တင်ပို့ရောင်းချခွင့်အား တစ်နှစ်စမ်းသပ်ကာလအဖြစ်သတ်မှတ်ထားပြီး တွေ့ရှိလာသောလုပ်ငန်း အခက်အခဲများကိုပြုပြင်ပြီး လုပ်ထုံးလုပ်နည်းများကို ပြန်လည်ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဈေးကွက်သဘော စီးပွားဖြစ် မွေးမြူရေး တွက်ခြေကိုက်မှု၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အဆင်ပြေချောမွေ့မှုတို့အရ ကွဲ၊ နွားများကို မွေးမြူရောင်းချလိုသော တောင်သူများရှိမှာဖြစ်သလို စိုက်ပျိုးရေးလုပ်ငန်းအတွက် ကွဲ၊ နွားလိုအပ်သော တောင်သူများလည်း ရှိမှာဖြစ်ပါတယ်။ ကွဲ၊ နွားလိုအပ်သောတောင်သူများဟာ ကွဲ၊ နွားများကို မြို့နယ်အတွင်း၊ မြို့နယ်ပြင်ပ၊ ခရိုင်ပြင်ပမှ ဝယ်ယူရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်ရဲ့ ခိုင်းကွဲ၊ ခိုင်းနွားများအား ပြည်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်အချက်ကို သဘောမတူပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားစီမံကိန်းမှာ သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူနိုင်ရန် မျိုးနှင့်သားစပ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရေး၊ တိရစ္ဆာန်အစာအာဟာရဗေဒ တိုးတက်ဖွံ့ဖြိုးရေးအတွက် စားကျက်မြက်မျိုးနှင့် ပဲနွယ်မျိုးများ သုတေသနစိုက်ပျိုးပြီး စိုက်ပျိုးနည်းစနစ်နှင့်အတူ မြက်မျိုးများဖြန့်ဖြူးရေး၊ ကွဲ၊ နွားများ တရားဝင်ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းစဉ်နှင့်အတူ ကွဲ၊ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေး အတွက် ရောင်းချသူများအပါအဝင် မွေးမြူသည့်တောင်သူများ ကွဲ၊ နွားမွေးမြူရေးလုပ်ငန်းတွင် ပိုမိုပါဝင်ဆောင်ရွက်လာစေရေး၊ တန်ဖိုးမြှင့်တိရစ္ဆာန်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ Public-Private Partnership စနစ်ကျင့်သုံး၍ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်တွင်းပြည်ပဈေးကွက်တွင် ဖွံ့ဖြိုးတိုးတက်စေရေး၊ တိရစ္ဆာန်အကောင်ရေစာရင်းမှန်ကန်မှုရှိစေရေး စသည်တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားကြောင်းသိရှိရပြီး ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာ အရင်းအနှီးများသာမက နည်းပညာများရရှိစေရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်စေရန် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ပေးစေလိုပါတယ်။ မွေးမြူရေးဇုန်များ၊ မွေးမြူရေးခြံများ၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများ၊ စီးပွားဖြစ်မွေးမြူမှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးဇုန်များ ကြီးကြပ်ဖော်ထုတ်ခြင်း၊ တိရစ္ဆာန်ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အရင်းအနှီးထုတ်ချေးခြင်း၊ နည်းပညာများ ဖြန့်ဝေပေးခြင်းနှင့် သင်တန်းများပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်ပြီး မြစိမ်းရောင်၊ အသားကဏ္ဍ၊ ကျေးရွာစီမံကိန်းများနှင့် မွေးမြူရေးဘဏ်စနစ်နဲ့ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းစီမံကိန်းများကို အလေးထားကြပ်မတ်ဆောင်ရွက်ပေးစေလိုပါတယ်။ စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းသုံးစက်ကိရိယာများအား လွယ်ကူစွာဝယ်ယူရရှိနိုင်ရန် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ဘဏ်များ၊ သမဝါယမအသင်းများ၊ ကုမ္ပဏီများနှင့်ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့်ရောင်းချခြင်း၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း

နှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်ပေးစေလိုပါတယ်။ အထူးသဖြင့် မြို့ရွာများအတွင်း ကြီးမားစွာဖြစ်ထွန်းနေတဲ့ အသားခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် တရားမဝင်ကုန်သွယ်နေသော အသားခြောက်တင်ပို့ခြင်းလုပ်ငန်းများကို ထိထိရောက်ရောက်အရေးယူပေးရန်လိုအပ်ပြီး တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် ဆက်စပ်ဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်ပါတယ်။ တရားမဝင်ကုန်သွယ်မှုများ၊ အဂတိလိုက်စားမှုများ၊ အကျင့်ပျက်ခြစားမှုများကင်းစင်အောင် ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်သွင်းသော စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမတင်သွင်း၊ မသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွက်ယက်စိုက်ပျိုးနိုင်စေရန် ခိုင်းကျွဲ၊ နွားများပြင်ပသို့ တင်ပို့နေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာကူညီထောက်ပံ့ဖြေရှင်းပေးပါရန်အဆိုအား ကန့်ကွက်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများကို စိုက်ပျိုးရေးတောင်သူများအဖြစ်သတ်မှတ်ပါက မွေးမြူရေးလုပ်ငန်းဖြင့် လုပ်ကိုင်ဆောင်ရွက်သူများကိုလည်း မွေးမြူရေးတောင်သူများအဖြစ် သတ်မှတ်နားလည်ကြဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို လွတ်လပ်စွာတင်ပို့ရောင်းချခြင်းဖြင့် တောင်သူများအားလုံးရဲ့ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေနိုင်သော နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် မွေးမြူရေးထုတ်ကုန်ဖြစ်သော ခိုင်းကျွဲ၊ ခိုင်းနွားများ ပြည်ပသို့တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ဖို့ဆိုတာမဖြစ်သင့်ပါဘူး။ တောင်သူများအား သူတို့ပိုင်ဆိုင်သော ခိုင်းကျွဲ၊ ခိုင်းနွားများကို လွတ်လွတ်လပ်လပ်ရောင်းဝယ်ခွင့်ရရှိရန် လိုအပ်ပါတယ်။ ရောင်းချရန် လိုအပ်သောခိုင်းကျွဲ၊ ခိုင်းနွားများကိုလည်း တောင်သူများက လိုအပ်မယ်ဆိုရင် ရောင်းကိုရောင်းမှာဖြစ်ပါတယ်။ တရားဝင်ရောင်းလို့ရရင် ရောင်းမှာဖြစ်ပါတယ်။ တရားဝင်ရောင်းလို့မရခဲ့ရင် တရားမဝင်ရောင်းချမှာဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ရဲ့တောင်သူများကို ကျွဲ၊ နွားများ လွတ်လွတ်လပ်လပ်ရောင်းဝယ်ခွင့်ရှိဖို့ လိုအပ်ပါတယ်။ ဈေးကောင်းများရရှိအောင်ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ ကျွဲ၊ နွားများပိုမိုမွေးမြူလာနိုင်သော အခွင့်အလမ်းများဖန်တီးပေးရန် လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထုတ်လုပ်သောကျွဲ၊ နွားများကို အသားအဖြစ်ထုတ်လုပ်ခြင်းထက် လယ်ယာလုပ်ငန်းကို အထောက်အကူပြုရန်အတွက်သာ မွေးမြူထုတ်လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာကတည်းက သတ်မှတ်ပြဋ္ဌာန်းထားခဲ့သော ကန့်သတ်ချက်များကြောင့် စိုက်ပျိုးမွေးမြူရေး

တောင်သူများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာနှောင့်နှေးစေခဲ့ပါတယ်။ တောင်သူများပိုင်ဆိုင်သော ကျွဲ၊ နွားများကို လယ်ယာလုပ်ငန်းသုံးယန္တရားများအဖြစ်သာ မသတ်မှတ်ဘဲ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအဖြစ် ရှုမြင်သုံးသပ်ရန်လည်း လိုအပ်ပါတယ်။ ဈေးကောင်းကောင်းရရှိမယ်ဆိုရင် များများမွေးပြီး မြန်မြန် ရောင်းချနိုင်ဖို့ကို တောင်သူများကြိုးစားကြမှာဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ ကျွဲ၊ နွားများ တင်ပို့ရောင်းချခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇)ဖြင့် ခွင့်ပြုပေးခဲ့ပါတယ်။ ကျွဲ၊ နွားများ ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခွင့်ပြုခြင်းမှာ မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးတောင်သူများ ထူးခြားသောအကျိုးရလဒ်များ ဖြစ်ပေါ်ရရှိစေရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မွေးမြူသူတောင်သူများက အကျိုးဖြစ်ထွန်းလာမယ်ဆိုရင် ကျွဲ၊ နွားများဆက်လက်တင်ပို့ ရောင်းချနေသော်လည်း ပြန်လည်ဖြည့်စွက်မွေးမြူခြင်းဖြင့် ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းများကို အချိန်မီလုပ်ကိုင်ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင့်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဖော်ပြတဲ့နေရာမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များအနေနဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များအား တရားဝင်သိုး၊ ဆိတ်များ သယ်ဆောင်ခြင်း ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခွင့်ရရှိစေရေးအတွက် ဆက်စပ်ဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်။ ကျွဲ၊ နွားများ ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခြင်းလုပ်ငန်းစဉ်နှင့်အတူ ကျွဲ၊ နွားမွေးမြူရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရောင်းချသူများအပါအဝင် မွေးမြူသည့်တောင်သူများ ကျွဲ၊ နွားမွေးမြူမှုလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာစေရန်အတွက် လုပ်ဆောင်မည်ဟု ဖော်ပြထားပါတယ်။ စက်မှုလယ်ယာသို့ ကူးပြောင်းနေတဲ့အချိန်မှာ မိမိရဲ့လယ်ယာသုံး ခိုင်းကျွဲ၊ ခိုင်းနွားများကို အကြောင်းအမျိုးမျိုးဖြင့် ရောင်းချနေတဲ့အထဲမှာ အဓိကအကြောင်းအရင်းများကတော့ လယ်ယာသုံးစက်ယန္တရားများကို သမဝါယမအသင်း၊ ပုဂ္ဂလိကကုမ္ပဏီများ စသည်တို့ထံမှ အရစ်ကျစနစ်ဖြင့် လွယ်ကူစွာဝယ်ယူနိုင်ခြင်း၊ စက်ယန္တရားများအငှားလိုက်သော ဝန်ဆောင်မှုကျယ်ပြန့်လာခြင်း၊ ကျွဲ၊ နွားများရဲ့ စားကျက်များ ပျောက်ဆုံးခြင်း၊ တိရစ္ဆာန်အစားအစာဈေးကြီးမြင့်လာခြင်းနှင့် တောင်သူများ ကျေးရွာဖွံ့ဖြိုးရေးထည့်ဝင်ငွေ၊ သားသမီးများ၏ပညာရေး၊ မိသားစုကျန်းမာရေးစရိတ်များကို မတတ်နိုင်သဖြင့် လယ်ယာသုံးတိရစ္ဆာန်များကို ရောင်းချဖြေရှင်းရခြင်း၊ လယ်ယာလုပ်ငန်းကိုစွန့်ခွာပြီး အခြားလုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်းနှင့် ထောက်ပံ့ချေးငွေများ အတိုးများပေးဆပ်ရန် ရောင်းချရခြင်း စသည်တို့ကြောင့် ကျွဲ၊ နွားများကို ရောင်းချနေရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျေးလက်တောင်သူများလိုအပ်နေတဲ့ ကျွဲ၊ နွားများကို ဝယ်ယူခြင်းနဲ့ သယ်ယူခြင်းများ လွယ်ကူစေရန်နှင့် မှောင်ခိုဈေးကွက်များပပျောက်ပြီး တရားဝင်သယ်ဆောင်ရောင်းဝယ်ခြင်းများကို စနစ်ကျစေခြင်းဖြင့် နိုင်ငံတော်ရဲ့ အထူးကုန်စည်မှ အခွန်ဘဏ္ဍာများ တိုးတက်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များရဲ့ စီမံခန့်ခွဲမှုအောက်မှာ ကျွဲဈေး၊ နွားဈေးများကို လေလံစနစ်ဖြင့် ၂၀၁၇ ခုနှစ်မှာ ခွင့်ပြုခဲ့ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ် အင်းတော်မှာ ၂၀၁၈ ခုနှစ် Mini Budget မှာပဲ သိန်း ၂၁၀၀ ကျော်နဲ့ လေလံအောင်မြင်ပြီး ကျွဲ၊ နွားဈေးများကို ၂-၆-၂၀၁၈ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့တာ တစ်ပတ်ကိုနှစ်ရက် ဖွင့်လှစ်ရောင်းဝယ်လျက်ရှိပါတယ်။ ယနေ့ နှစ်လအတွင်းမှာ ကျွဲ၊ နွားစုစုပေါင်း ၉၁၄ ကောင် ရောင်းဝယ်ပြီးဖြစ်ပါတယ်။ တစ်လပျမ်းမျှ ၄၅၀ ကောင်လောက် လာရောက်ရောင်းဝယ်ကြပါတယ်။ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာတော့ လေလံဈေး နှစ်ဆခန့်ရရှိမယ်လို့ မျှော်မှန်းပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ဈေးမှာလာရောက်ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ သယ်ဆောင်ခြင်းများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွဲ၊ နွားများကို မြို့နယ်အတွင်းပဲ သယ်ဆောင်မယ်ဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ခွင့်ပြုစာ၊ မြို့နယ်ကျော်သယ်ဆောင်မယ်ဆိုရင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရဲ့ စစ်ဆေးပြီးကြောင်း ခွင့်ပြုချက်၊ မြို့နယ်ကျော် ခရိုင်အတွင်းဖြစ်ပါက ခရိုင်စီမံခန့်ခွဲမှုကော်မတီရဲ့မှန်ကန်ကြောင်းနှင့် သယ်ဆောင်မယ့်ကားနံပါတ်၊ သယ်ဆောင်မယ့်နေရက်၊ အကောင်အရေအတွက်တို့ပါရှိတဲ့ ခွင့်ပြုချက်စာ၊ ခရိုင်ကျော်သယ်ဆောင်ပါက ခရိုင်ချင်းညှိနှိုင်းပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရရဲ့ ကားနံပါတ်၊ နေ့ရက်၊ အကောင်အရေအတွက်ပါရှိသော ခွင့်ပြုစာနှင့် တိုင်းဒေသကြီးကျော်၊ ပြည်နယ်ကျော်သယ်ဆောင်ပါက တိုင်းဒေသကြီးအချင်းချင်းညှိနှိုင်းပြီး အစိုးရများရဲ့ထောက်ခံခွင့်ပြုချက်များနှင့် စနစ်တကျသယ်ဆောင်ရောင်းဝယ်ခြင်းကို လုပ်ဆောင်စေပါတယ်။ သယ်ဆောင်တိုင်းမှာလည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့ ကူးစက်ရောဂါကင်းစင်ကြောင်းနှင့် ခိုင်းကျွဲ၊ ခိုင်းနွားများမဟုတ်သော၊ ရောင်းဝယ်ရန်သင့်လျော်ကြောင်း စစ်ဆေးပြီးချက်၊ ခွင့်ပြုချက်များနှင့် ထိန်းချုပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုစနစ်တကျထိန်းချုပ်ထားတာတောင် မှောင်ခိုဈေးကွက်လည်း ကြီးမားဆဲပဲဖြစ်ပါတယ်။ သယ်ယူဖြတ်သန်းရာတစ်လျှောက်မှာ အဂတိလိုက်စားမှုလည်း ရှိနေတုန်းပါပဲ။ ဘာကြောင့်လဲဆိုရင် ဒီရောင်းဝယ်မှုက အမြတ်အစွန်းများပါတဲ့ များပြားတဲ့ ကုန်သွယ်မှုတစ်ခုဖြစ်လို့ပါပဲ။ နောက်ဆုံးအနေနဲ့ အကြံပြုချက်တချို့ကို တင်ပြလိုပါတယ်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံဘေးမှာ အားကောင်းတဲ့ဈေးကွက်ကြီးများကလည်း ရှိနေပါတယ်။ ယူနန်ပြည်နယ်ရဲ့လိုအပ်ချက်အရ ကျွဲကောင်ရေတစ်သန်းဝယ်ယူလိုကြောင်း၊ နွားကောင်ရေတစ်သန်းဝယ်ယူလိုကြောင်း ကမ်းလှမ်းလာတယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရကြောင်း နေ့စဉ်ထုတ် The Voice သတင်းစာမှ သိရှိရပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ လယ်ယာသုံးကျွဲ၊ နွားများကိုရောင်းချပြီး တောင်သူများ ဝင်ငွေရှာမယ့်အစား ဒီဈေးကွက်ကြီးထဲမှာဝင်ရောက်ပြီး ဝင်ငွေကောင်းကောင်းရရှိစေရန်အတွက် ကျွဲ၊ နွားမွေးမြူရေးများကို မြန်မာ့ရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီမယ့်မျိုးစိတ်များဖြန့်ဖြူးပေးခြင်း၊ သင်တန်းများပို့ချခြင်း၊ အစားအစာများကြိုတင်ထုတ်ပေးပြီး ဈေးကွက်ဝင် ရောင်းချ

ပြီးမှ ပြန်လည်ပေးဆပ်စေမယ့် အစီအစဉ်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအထောက်အပံ့၊ မြို့နယ်သမဝါယမအသင်းများရဲ့ အထောက်အပံ့၊ ပုဂ္ဂလိကကုမ္ပဏီများရဲ့အထောက်အပံ့နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ အစီအစဉ်များဖြင့် တည်ထောင်ပေးသင့်ပါကြောင်း အကြံပြုရင်း ဆရာဦးစိန်ဝင်းရဲ့အဆိုကို ဝင်ရောက်ဆွေးနွေးရပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်သွင်းတဲ့အဆိုဟာ ကိုယ်စားလှယ်ရဲ့ တောင်သူလယ်သမားများအပေါ် စေတနာထားပြီး တင်သွင်းတဲ့အဆိုဖြစ်တယ်လို့ သုံးသပ်ရရှိပါတယ်။ အဆိုအနေနဲ့ ကောင်းမွန်သော်လည်း ခေတ်ကာလအလျောက် အင်မတန်မှ နောက်ကျနေပြီ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ယခုအချိန်မှာ တောင်သူတွေလက်ထဲမှာ ကျွဲ၊ နွားမရှိသလောက် နည်းပါးသွားနေပြီဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များက ကျွဲ၊ နွား သတ်ဖြတ်မှုကို ဥပဒေမဲ့ အကောင်ရေများစွာသတ်ဖြတ်ပြီး အသားတွေကို တရားမဝင်လမ်းကြောင်းကနေ နယ်စပ်ဖြတ်ကျော်ဖို့ရယ်၊ ကျွဲ၊ နွားအရှင်တွေကို တရားမဝင်ပို့တယ်။ အထူးကုန်စည်အဖြစ် သတ်မှတ်သော်လည်း နည်းလမ်းမျိုးစုံနဲ့ လုပ်ကိုင်ကြတဲ့အတွက် ကျွဲ၊ နွားများပြုန်းတီးမှုဟာ အလွန်အမင်းဖြစ်လာတာကို တွေ့ရှိရပါတယ်။ တောင်သူတွေအနေနဲ့လည်း ဆင်းရဲချို့တဲ့တာကတစ်ပိုင်း၊ အကြွေးပတ်လည်ဝိုင်းနေတာကတစ်ပိုင်း၊ မိမိတို့ရဲ့လုပ်ဖော်ကိုင်ဖက် ကျွဲ၊ နွားများကို အသားဈေးလောက်နဲ့ပင် စိတ်မကောင်းစွာနဲ့ ရောင်းချပြီး အကြွေးဆပ်သူကဆပ်၊ စက်ဝယ်သူကဝယ်၊ မဝယ်နိုင်တဲ့သူက စက်ငှားစနစ်နဲ့ဆောင်ရွက်ခဲ့ကြရပါတယ်။ နောက်တစ်ချက်ကလည်း လုပ်သားရှားပါးမှု၊ ကျွဲ၊ နွားအစာရေစာရှားပါးမှုတို့ကြောင့်လည်း ကျွဲ၊ နွားများကို ရောင်းချရုံမှမက ကျွဲတင်းကုတ်၊ နွားတင်းကုတ်ပြုတ်တဲ့အထိ အားလုံးကိုအမြစ်ပြုတ် ရောင်းချလိုက်ခြင်းပဲဖြစ်ပါတယ်။ တစ်ချိန်မှာ ကျွဲ၊ နွားများရှားပါးလာတဲ့အထိ ဖြစ်ပေါ်လာနိုင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးလုပ်ငန်းများမှာ သဘာဝမြေသြဇာဟာမဖြစ်မနေအသုံးပြုရပါတယ်။ ယခုအချိန်မှာ တောင်သူတွေရဲ့ သဘာဝမြေသြဇာဖြစ်တဲ့ နွားချေးမြေသြဇာဟာ ငွေပေးလို့တောင်ဝယ်မလို့မရတဲ့ ပစ္စည်းတစ်ခုဖြစ်နေပါတယ်။ နှစ်စဉ်သဘာဝမြေသြဇာမပါတော့ဘဲ ယူရီးယား၊ တီစူပါ၊ ပိုတက်စတဲ့ ဓာတုမြေသြဇာတွေသက်သက်သာအသုံးပြုနေကြပြီး။ ကြာရင်မြေတွေပါ ပျက်စီးကုန်နိုင်ပြီး ဂေဟစနစ်ကိုပါ ပျက်စီးလာနိုင်တဲ့အထိ ဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ ခိုင်းကျွဲ၊ ခိုင်းနွားများကို ထွန်ယက်မှုအရသော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း၊ သဘာဝမြေသြဇာဖြစ်တဲ့ စွန့်ပစ်ပစ္စည်းအဖြစ်သော်လည်းကောင်း မဖြစ်မနေမွေးမြူသင့်ပါတယ်။ ခိုင်းကျွဲ၊ ခိုင်းနွားများဟာ ကျန်းမာရေးအရလည်း စောင့်ရှောက်မွေးမြူရတာ လွယ်ကူသလို အစာအဖြစ်လည်း ဒေသအစာနှင့် နေပီယာမြက်မျိုးလိုစိုက်ပျိုးပြီး ကျွေးမွေးလို့ရရှိနေပါတယ်။ တိမွေးကုဌာနအနေနဲ့လည်း မေထုံမဲ့သားစပ်နည်းနဲ့လည်း နွားပြာစိမ်း၊ ရွှေနီစတဲ့ ခိုင်းနွားမျိုးကောင်းမျိုးသန့်တွေကို အချိန်အခါမရွေး သားဆက်ပေးနေကြပါတယ်။ ဌာနအနေနဲ့ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့်

ခိုင်းကျွဲ၊ ခိုင်းနွားများမပြောက်ပျက်ရေးကို ဦးစားပေးဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော့်အနေနဲ့ ခိုင်းကျွဲ၊ ခိုင်းနွားများကို ပြည်ပရောင်းချရင်းနဲ့ မပြောက်မပျက်အောင် တောင်သူတိုင်းတိုးပွားအောင် မွေးမြူနိုင်ဖို့ ဦးစွာ တိုက်တွန်းလိုပါတယ်။ နောက်တစ်ချက်က အဆိုရှင်က စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝ မတင်သွင်း၊ မသုံးစွဲနိုင်ခင်မှာဆိုတဲ့ စကားရပ်ကိုလည်း အကြံပြုဆွေးနွေးလိုပါတယ်။ တောင်သူလယ်သမားများအနေနဲ့ မြေယာပြုပြင်ရာမှာ ကိုယ်ပိုင်စက်များဖြင့်သော်လည်းကောင်း၊ ငှားရမ်းထွန်ယက်ခြင်းဖြင့်သော်လည်းကောင်း အဆင်ပြေနိုင်ကြသော်လည်း လုပ်သားရှားပါးမှု၊ ကုန်ကျစရိတ်သက်သာမှုအပေါ် မူတည်ပြီးတော့ စပါးစိုက်ပျိုးမှုများမှာ ကြဲခင်းစနစ်ကိုအများဆုံး အသုံးပြုပြီး ကောက်ကွက်ဖြင့် စိုက်ပျိုးခြင်းကို အလွန်အသုံးနည်းလာတာကို တွေ့ရှိရပါတယ်။ ရေရှည် မြေဆီလွှာပျက်စီးမှုဖြစ်ပြီးတော့ စပါးအထွက်နှုန်းကို သိသာစွာကျဆင်းလာနိုင်ပါတယ်။ ဒါကြောင့် တောင်သူတွေအဆင်ပြေလာနိုင်မယ့်၊ လွယ်ကူနိုင်မည့်ကောက်စိုက်စက်ကို တောင်သူတိုင်းအသုံးပြု နိုင်အောင် နည်းပညာရော၊ အသုံးပြုမှုတွင်ကျယ်လာအောင် တာဝန်ရှိသူများက ဆက်စပ်ဆောင်ရွက် ပေးသင့်ပါတယ်။ ရိတ်သိမ်းခြွေလှေ့စက်ကဲ့သို့ တောင်သူများလက်ခံလာနိုင်အောင် ဆောင်ရွက်ပေး စေလိုပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေး လုပ်ငန်းများ အဆင်ပြေနိုင်ဖို့ မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ပေးခြင်း၊ လုံလောက်တဲ့ စက်ကိရိယာများ အပြည့်အဝအသုံးပြုခြင်း၊ နည်းပညာရပ်များကျွမ်းကျင်အောင်လေ့ကျင့်ပေးခြင်း၊ ငွေကြေးအလုံအလောက်ထောက်ပံ့မှုတို့ကြောင့် လယ်သမားအများစုဟာ လယ်တစ်ဧမှာ စပါးတင်း ၂၅၃ အထိ ထွက်ရှိနေကြပြီးတော့ စပါးတင်း ၃၀၀ ထွက်နိုင်ဖို့ ကြိုးစားနေတဲ့အနေအထားအထိ ရောက်ရှိနေပါပြီ။ တစ်နှစ်ကိုစပါးသုံးသီးစိုက်ပျိုးကြပြီး လယ်တစ်ဧက စပါး ၇၅၀ ထွက်ကာ ဟင်းသီး ဟင်းရွက်တစ်သီး တစ်နှစ်လေးသီးစိုက်ပျိုးနေကြပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့ စက်ကိရိယာများကို နှစ်တိုနှစ်ရှည်ချေးငွေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးစရိတ်ကို သီးနှံလည်း လုံလောက်စွာထုတ်ချေးပေးရန်အချက်ကိုတော့ ထောက်ခံအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ခိုင်းကျွဲ၊ ခိုင်းနွားများကို အရေးကြီးကုန်စည် အဖြစ်သတ်မှတ်ပြီး မပျောက်ပြတ်အောင် ထိန်းသိမ်းကာကွယ်ထားနိုင်ခဲ့ပါတယ်။ ခိုင်းကျွဲ၊ ခိုင်းနွားများ စားသုံးရန်သတ်ဖြတ်ပါက သတ်မှတ်ထားတဲ့ ကိုက်ညီတဲ့အချက်များနှင့်သာ ဆောင်ရွက်ရပါတယ်။ အမဲလိုင်စင်ဈေးအနေနဲ့လည်း မြို့အနေအထားအလိုက် သတ်မှတ်ကောင်ရေ၊ သတ်မှတ်ချက်များနှင့် ညီမှသာခွင့်ပြုထားပြီး ထိန်းချုပ်ထားပါတယ်။ ဒါပေမဲ့ စီးပွားရေးသမားများရဲ့ ဥပဒေမဲ့လုပ်ဆောင် ချက်များကြောင့် ကျွဲ၊ နွားရှားပါးပြီး ဈေးလည်းအလွန်မြောက်နေခြင်းဖြစ်နေပါတယ်။ အခုအချိန်မှာ တော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေပြီး ခိုင်းကျွဲ၊ ခိုင်းနွားများကို ထိခိုက်မှု မရှိ စေရေးနှင့် ဒေသတွင်းစားသုံးမှုကို မထိခိုက်စေဘဲ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ကျွဲ၊ နွားအရှင်များ တင်ပို့ခြင်းကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ၇က်နေ့ အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၇)နှင့် ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့ ကျွဲ၊ နွားအရှင်များကို ပြည်ပတင်ပို့ခွင့်ပြုခြင်းနှင့်ပင် ကျွဲ၊ နွားရှားပါးမှုကို ခြိမ်းခြောက်နေတဲ့အထိ ဖြစ်နေပါတယ်။ အချိန်တစ်ခုမှာ ကျွဲ၊ နွားများ လုံးဝ ပျောက်ကွယ်သွားနိုင်ပါတယ်။ လုပ်ငန်းရှင်ကြီးများက အကျိုးခံစားခွင့်ပိုမိုရရှိပြီး တောင်သူများအတွက်

အခွင့်အလမ်းနည်းပါးသွားမှာစိုးရိမ်မိပါတယ်။ တောင်သူတွေရဲ့ နွားမွေးမြူလာနိုင်အောင်၊ မွေးမြူချင်စိတ်ရှိလာအောင် အထူးစီမံချက်များချမှတ်ကာ ဌာနကအထောက်အပံ့များ ဆောင်ရွက်ပေးစေပြီး ကျွဲ၊ နွားကောင်ရေအလုံအလောက်ရှိပါမှ ယခုကဲ့သို့ ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းသည်ပိုမိုသင့်တော်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ မြေပြင်ကိုတကယ်ကွင်းဆင်းကြည့်မယ်ဆိုရင် ကျွဲ၊ နွားများ အတော်နည်းပါးသွားကြောင်း တွေ့ရှိရပါတယ်။ တောင်သူတွေအနေနဲ့လည်း ရောင်းဝယ်သယ်ယူမှုကအစ အကန့်အသတ်တွေများနေရင် မွေးမြူနိုင်ဖို့စိတ်ဝင်စားမှာမဟုတ်ပါဘူး။ တောင်သူလည်း မွေးမြူနိုင်အောင်၊ ရောင်းဝယ်ဖောက်ကားသယ်ယူမှုအဆင်ပြေအောင် သက်ဆိုင်ရာဌာနများကလည်း ပညာပေးညှိနှိုင်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကျွဲ၊ နွားလက်ရှိအကောင်ရေစစ်တမ်းကိုလည်း နှစ်စဉ်လအလိုက် ပြုစုဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ကျွဲ၊ နွားအရှင်များ ပြည်ပတင်ပို့ခြင်းကို ဌာနကထုတ်ပြန်ထားတဲ့ ခိုင်းကျွဲ၊ ခိုင်းနွားများကို ထိခိုက်မှုမရှိစေခြင်းနှင့် ဒေသတွင်းစားသုံးမှုကိုမထိခိုက်စေဘဲဆိုတဲ့အချက်ကို အလေးထားဆောင်ရွက်သွားရန်နှင့် ကျွဲ၊ နွားများမှောင်ခိုဈေးကွက်လုံးဝပျောက်ကင်းသွားနိုင်ရေးကို တာဝန်ရှိသူအစုစုက တာဝန်ယူဆောင်ရွက်သွားရန် အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တိုက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ဝေဖန်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်ဟာ အခုထက်ထိ ကျွန်တော်တို့ ဆင်းရဲတွင်းကမတတ်သေးပါဘူး။ LDC နိုင်ငံကလည်း မလွတ်သေးပါဘူး။ ဒီလိုအခြေအနေအခါမှာ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ အများစုဟာ ဆင်းရဲမွဲတေနေပါတယ်။ ဒါကို နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့ချေးငွေအမျိုးမျိုး၊ ထောက်ပံ့မှုအမျိုးမျိုးနဲ့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ဖို့ ကျွန်တော်တို့တွေ လုပ်ပေးနေတယ်။ အဲဒီလို လုပ်ပေးနေပေမဲ့လည်း တောင်သူလယ်သမားတွေရဲ့ဘဝဟာ ဒီအကြွေးသံသရာလည်နေတယ်။ ဒီအကြွေးကနေ ဟိုအကြွေး၊ ပုခုံးပြောင်းတဲ့အနေအထားပဲ ဖြစ်နေပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ အများကြီးဆင်းရဲနေပါတယ်။ အဲဒီလိုအများကြီးဆင်းရဲနေတဲ့ တောင်သူလယ်သမားတွေကို ကျွန်တော်တို့ လူမှုဘဝကိုမြှင့်တင်ပေးဖို့လုပ်တဲ့နေရာမှာ အကန့်အသတ်တွေကို ဖယ်ပေးရပါမယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတော်ရဲ့ ဝင်ငွေ/ထွက်ငွေ ကြည့်လိုက်တဲ့အခါကျရင် ကျွန်တော်တို့က Export ကနည်းနေတယ်။ Import တွေတအားများနေတယ်။ အဲဒီတော့ ကုန်သွယ်ရေးမှာလည်း ကျွန်တော်တို့ အရှုံးအများကြီးဖြစ်နေတယ်။ အဲဒီလိုအရှုံးအများကြီးဖြစ်နေတဲ့အခါကျတော့ ကုန်သွယ်ရေးလုပ်တဲ့နေရာမှာ အသာစီးရလာအောင် ပို့နိုင်သမျှ ကုန်ပစ္စည်းအမယ်သစ်တွေကို ကျွန်တော်တို့ ပို့ဖို့အရေးကြီးပါတယ်။ အဲဒီလိုပို့တဲ့နေရာမှာ တောင်သူလယ်သမားတွေနဲ့ပတ်သက်နေတဲ့ မွေးမြူထားတဲ့ ကျွဲ၊ နွားတွေ။ အဲဒီကျွဲ၊ နွားတွေရဲ့ဟာတွေက ကျွန်တော်တို့ ကန့်သတ်ခဲ့တဲ့အခါကျတော့ မှောင်ခိုဈေးတွေဖြစ်လာတယ်။ ဒီမှောင်ခိုဈေးတွေဖြစ်လာတဲ့အခါကျတော့ နိုင်ငံတော်မှာလည်း နစ်နာတယ်။ ဒီမှောင်ခို

ရောင်းဝယ်တဲ့အတွက် နောက်ဆက်တွဲပြဿနာတွေ အကျင့်ပျက်လာဘ်စားမှုတို့၊ ဘာတို့ ပြဿနာတွေကအများကြီးဖြစ်လာတယ်။ ဈေးနှိမ်ခံရတာတွေလည်း ဖြစ်လာတယ်။ ဖြစ်လာတဲ့အခါကျတော့ တောင်သူလယ်သမားတွေပိုင်ဆိုင်တဲ့ ဒီ ကျွဲ၊ နွားတွေရောင်းတဲ့နေရာမှာ အခက်အခဲတွေအများကြီးကြုံတွေ့လာရပါတယ်။ အဲဒီတော့ တောင်သူလယ်သမားတွေဟာ ခေတ်မီစိုက်ပျိုးတဲ့လယ်ယာမြေစနစ်ကို မသွားနိုင်သေးခင်မှာဆိုတော့ သွားနိုင်ဖို့ ကြိုးစားနေတယ်။ သွားလည်းသွားနေတယ်။ အဲဒီလိုသွားနေတဲ့နေရာမှာ လယ်ယာစိုက်ပျိုးရေးနည်းစနစ်တွေပြောင်းလဲလာပြီး စက်မှုလယ်ယာအဖြစ်သို့ ပြောင်းလဲလာမှုကြောင့် ကျွန်တော်တို့ ခိုင်းကျွဲ၊ နွားတွေဟာ လျော့နည်းလာတာ။ လျော့နည်းလာတဲ့အတွက် တောင်သူလယ်သမားတွေမှာ ကောင်းကျိုးတွေရှိသလို၊ ဆိုးကျိုးအနည်းငယ်လေးတော့ရရှိပါတယ်။ ဘယ်ကိစ္စမဆို ကျွန်တော်တို့က ကောင်းကျိုးနဲ့ဆိုးကျိုးဆိုတာ တွဲနေတယ်။ တွဲနေတဲ့အထဲမှာ ကောင်းကျိုးများတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ ဒီကျွဲ၊ နွားမရှိလို့ လယ်ယာမြေမထွန်ယက်နိုင်ဘူးဆိုတာ မရှိပါဘူး။

ဒါဟာ တကယ်ကိုပဲ တောင်သူလယ်သမားဘဝ ကွင်းဆင်းကြည့်တဲ့အခါမှာ ကျွန်တော်တို့တွေ့ရပါတယ်။ အဲဒီတော့ လယ်လုပ်တဲ့လူဟာ ကိုယ့်လယ်ကိုစိုက်ပျိုးဖို့ စက်မှုလယ်ယာစနစ်ပြောင်းဖို့အတွက် စက်ပစ္စည်းကိရိယာတွေ မဝယ်နိုင်ဘူးဆိုရင်တောင် ငှားယူပြီးသုံးစွဲလို့ရပါတယ်။ အဲဒီလို ငှားယူသုံးစွဲလို့ လက်လှမ်းမမီတဲ့နေရာတွေမှာဆိုရင် ကျွဲ၊ နွားကို ဝယ်ယူပြီးတော့ အသုံးပြုရပါတယ်။ မွေးမြူပြီးအသုံးပြုရပါတယ်။ အဲဒီလိုအသုံးပြုဖို့အတွက် ကျွဲ၊ နွားမရှိတဲ့ပုဂ္ဂိုလ်တွေက အခုနကတင်ပြသွားသလို ကျွဲ၊ နွားတွေရဲ့ထိန်းသိမ်းမှုစရိတ်တွေက အများကြီးကုန်ပါတယ်။ အများကြီးကုန်တဲ့အခါကျတော့ တချို့ဆိုလို့ရှိရင် လယ်ယာလုပ်ငန်းနီးတော့မှ ဝယ်ကြတယ်။ လယ်ယာလုပ်ငန်းပြီးတဲ့အခါကျတော့လည်း ပြန်လည်ရောင်းချကြတယ်။ ဒါဟာ ဆင်းရဲမွဲတေမှုပဲ။ ဆင်းရဲမွဲတွေမှုတွေကြောင့် မိမိတို့ရဲ့ကုန်ထုတ်လုပ်ငန်းလုပ်ခဲ့တဲ့ပစ္စည်းတွေကို မထိန်းသိမ်းနိုင်ဘူး။ ဒါဟာ အကြြင်နာတရားမဲ့တာမဟုတ်ပါဘူး။ စီးပွားရေးအရ အင်မတန်ဆင်းရဲလွန်းလို့ ဒီလိုရောင်းချရတာဖြစ်တယ်။ အဲဒီလိုရောင်းချရတဲ့နေရာမှာ တန်ရာတန်ကြေးရအောင် ဒီလိုပို့ကုန်အမယ်အသစ်တွေ ခွင့်ပြုပေးလိုက်တဲ့အခါကျတော့ နိုင်ငံတော်မှာလည်း အခွန်ငွေတွေရလာတယ်။ ဈေးကွက်မှာလည်း ကောင်းလာတယ်။ အဲဒီတော့ တောင်သူတွေရဲ့ရောင်းချတဲ့ကုန်ပစ္စည်းတွေအပေါ်မှာလည်း တန်ရာတန်ကြေးတွေရလာတယ်။ အဲဒီလို တန်ရာတန်ကြေးတွေရလာအောင် ကျွန်တော်တို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေပြီးတော့ အမိန့်ကြော်ငြာစာနဲ့ လုပ်ပြီးတော့ ကျွဲ၊ နွားအရှင်တွေကို တရားဝင်ရောင်းချဖို့ ခွင့်ပြုခဲ့တာ။ ဒီလိုခွင့်ပြုခဲ့လို့လည်း အခု ကျွန်တော်တို့ ခွင့်ပြုတဲ့ကာလ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ကစပြီးတော့ အခုကာလအထိ ကျွန်တော်တို့ရရှိတဲ့စာရင်းအရဆိုလို့ရှိရင် တရားဝင်ရောင်းချတဲ့ ကျွဲ၊ နွားကောင်ရေဟာ ၇၂၆၉၈ ကောင်ရှိတယ်။ အဲဒီကနေပြီးတော့ နိုင်ငံခြားဝင်ငွေက ၁၀၄ သန်းနီးပါးအထိ အမေရိကန်ဒေါ်လာရတယ်။ အဲဒီတော့ တရားမဝင်သွားတာက ၉၆၀၀၀ ကျော်ရှိတယ်။ အဲဒီ ၉၆၀၀၀ ကျော်သာ အကယ်၍ တရားဝင်သွားမယ်ဆိုလို့ရှိရင် ဒေါ်လာသန်း ၂၀၀ လောက်အထိ ရနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဦးစိန်ဝင်းရဲ့အဆိုကို ကျွန်တော့်အနေနဲ့ မထောက်ခံနိုင်ပါဘူး။ ဒီအဆိုကို

ကျွန်တော်တို့အနေနဲ့ မှတ်တမ်းမတင်ရန် ကျွန်တော့်အနေနဲ့အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိန်ဝင်းတင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနတို့ရဲ့ သဘောထားမှတ်ချက်များပေါင်းစပ်ပြီး ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပထမအချက်ကတော့ မြန်မာနိုင်ငံမှာ စက်မှုလယ်ယာပြောင်းသလား၊ မပြောင်းသလားဆိုတဲ့ အချက်ပါပဲ။ မြန်မာနိုင်ငံမှာ လက်မှုလယ်ယာကနေပြီးတော့မှ စက်မှုလယ်ယာကို အသွင်ကူးပြောင်း မှုကို စနစ်တကျဆောင်ရွက်ပေးနေပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ စက်မှုလယ်ယာထူထောင်မှု ဟာ လျင်မြန်စွာဖြစ်ပေါ်ခဲ့တယ်လို့ ပြည်တွင်းပညာရှင်များက ကောက်ချက်ချထားပါတယ်။ မြန်မာနိုင်ငံ အနေနဲ့ လယ်ယာစိုက်ပျိုးရေးမှာ စက်မှုထူထောင်နိုင်တာကြောင့် လယ်ယာထုတ်လုပ်မှုမှာ အလေအလွင့်တွေလျော့ကျလာပြီး ဆန်ထုတ်လုပ်မှုဟာ ယမန်နှစ်က ၂၅ ရာခိုင်နှုန်းတိုးတက်ခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ဆိုပါတယ်။ ဒါကိုလဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ပကို ဆန်တန်ချိန် ၃.၅၉ သန်းအထိ စံချိန်တင် တင်ပို့နိုင်ခြင်းက သက်သေထူလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းဆန်ထုတ်လုပ်မှုဟာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ မက်ထရစ်တန် ၁၀.၁၉ သန်းသာ ရှိပေမဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မက်ထရစ်တန် ၁၂.၆၅ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှာ ၁၃.၄ သန်းအထိ ရှိလာမယ်လို့ဆိုပါတယ်။ အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA) က မြန်မာနိုင်ငံဟာ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဆန်တန်ချိန် ၃.၁ သန်းတင်ပို့နိုင်မယ်လို့ ခန့်မှန်းထားပါ တယ်။ ဒါက ဘာကိုပြလဲဆိုရင် စက်မှုထူထောင်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူပြု တယ်ဆိုတဲ့အချက်ကို ကျွန်တော်တင်ပြချင်တာဖြစ်ပါတယ်။

စက်မှုလယ်ယာထူထောင်မှုနဲ့ပတ်သက်လို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အကြားမှာ လယ်ယာစက်ကိရိယာသုံးစွဲမှုအရေအတွက်ဟာ ၂၀ ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့ပါတယ်။ တောင်သူများရဲ့လက်ဝယ်မှာ ထွန်စက်ကြီး ၃၁၅၃၅ စီး၊ လက်တွန်းထွန်စက်

၄၈၇၇၃၆ စီး၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၆၃၁၁ စီးကို မြန်မာနိုင်ငံအနှံ့အပြားတွင် တောင်သူများ ပိုင်ဆိုင်အသုံးပြုလျက်ရှိပါတယ်။ ဒီစွမ်းအားဟာ လက်ရှိအသားတင်စိုက်ပျိုးမြေ ၃၄.၅ သန်းရဲ့ ထက်ဝက်ကို ထွန်ယက်ဖို့လုံလောက်မှုရှိပါတယ်။ စစ်တမ်းများဖြင့် လေ့လာချက်များအရ လက်ရှိ လယ်ယာမြေထွန်ယက်မှုမှာ ကျွဲ၊ နွားအသုံးပြုမှုဟာ ၁၂ ရာခိုင်နှုန်းနဲ့ ခြွေလှေ့မှုမှာ နှစ်ရာခိုင်နှုန်းသာ ရှိတော့ကြောင်း တွေ့ရပါတယ်။ စက်ကိရိယာများကို အမြန်ဆုံးနှစ်တို၊ နှစ်ရှည်ချေးငွေများဖြင့် အကြွေး ရောင်းချရန်နဲ့ စိုက်ပျိုးရေးစရိတ်ကို သီးနှံအလိုက် စိုက်ပျိုးသီးနှံအားလုံးအတွက် လုံလောက်စွာ ချေးငွေထုတ်ပေးပါရန်ကိစ္စနဲ့ပတ်သက်လို့လည်း နိုင်ငံတော်အစိုးရအနေနဲ့ စက်မှုလယ်ယာဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးဘဏ်များကနေတစ်ဆင့် ချေးငွေများအရစ်ကျရောင်းချ ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ပုဂ္ဂလိကကုမ္ပဏီများ၊ ဘဏ်များနှင့်ပေါင်းစပ်ပြီးတော့လည်း Hire Purchase စနစ်ဖြင့် စက်ကိရိယာများကို ရောင်းချပေးလျက်ရှိပါတယ်။ ဒီ့အပြင် မြန်မာနိုင်ငံဆန်စပါး အဖွဲ့ချုပ်အနေနဲ့လည်း စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း(Agricultural Service Center)များ ထူထောင်ထားရှိပြီးလည်းကောင်း၊ ပုဂ္ဂလိကုမ္ပဏီများအနေဖြင့်လည်း ထွန်ယက်ခြင်း၊ ကောက်စိုက်ခြင်း၊ ရိတ်သိမ်းခြင်းဆိုင်ရာ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာ စက်မှုလယ်ယာထူထောင်မှုဟာဆိုလို့ ရှိရင် ပိုမိုတိုးတက်လာတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခိုင်းကျွဲ၊ ခိုင်းနွားများကို ပြည်ပသို့တင်ပို့ခွင့်ပြုရန်ကိစ္စနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရအနေနဲ့ ကျွဲ၊ နွားအရှင်များ တင်ပို့ရောင်းချခြင်းကို သေချာစွာ လေ့လာစူးစမ်းပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံရဲ့ လေ့လာချက်များအရ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ကျွဲ၊ နွားအရေအတွက်အများဆုံးမွေးမြူတဲ့ နိုင်ငံဖြစ်တယ်လို့ သိရပါတယ်။ ကျွဲ၊ နွားတွေကို လယ်ယာစိုက်ပျိုး ထွန်ယက်ဖို့အစဉ်အလာအရ မွေးခဲ့တာဖြစ်ပါတယ်။ တိရစ္ဆာန်မွေးမြူရေးနဲ့ ဆေးကုသရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း ကြိုတင်ခန့်မှန်းချက်များအရ မြန်မာနိုင်ငံမှာ ခိုင်းကျွဲ၊ ခိုင်းနွား ၁၁.၅ သန်းခန့် ရှိပါတယ်။ အဲဒီ ၁၁.၅ သန်းရဲ့ ထက်ဝက် ၅.၇၅ သန်းဟာဆိုလို့ရှိရင် မြန်မာနိုင်ငံမှာရှိတဲ့ အသားတင် စိုက်ပျိုးဧက ၃၄.၅ သန်းကို အပြည့်အဝထွန်ယက်ပေးနိုင်စွမ်းရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးအတွက် ကျွဲ၊ နွားမလုံလောက်ဘူးဆိုတဲ့အချက်က မှန်ကန်မှုမရှိဘူးလို့ တင်ပြလိုပါတယ်။ ဒီလိုလုံလောက်မှုရှိတဲ့အပြင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ခန့်မှန်းချက်အရ မြန်မာနိုင်ငံမှာ ပြည်တွင်းစားသုံးခြင်း၊ သေဆုံးခြင်းများ မပါ နှစ်စဉ်ပြည်ပကိုတင်ပို့နိုင်တဲ့ ပိုလျှံခိုင်းကျွဲ၊ ခိုင်းနွားအကောင်ရေဟာ ခုနစ်သိန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံက ကျွဲ၊ နွားတွေ တစ်ဖက်နိုင်ငံကို တရားမဝင်တင်ပို့နေတာကြောင့် ဈေးကောင်းလည်းမရ၊ အခွန်ကောက်လည်းမရဘဲ တစ်ပိုင်တစ်နိုင်မွေးတဲ့သူကိုလည်း အားမပေးနိုင်၊ နွားခြံနဲ့ အကြီးအကျယ်မွေးမြူမှုကိုလည်း အားမပေးနိုင်တာကြောင့်ထိအောင် စိုက်ပျိုးရေးလုပ်ငန်း များမှာ မွေးမြူရေးတွဲဖက်လုပ်ကိုင်ခြင်းဟာ လယ်သမားများကို ဖြည့်စွက်ဝင်ငွေရရှိပြီး ဆင်းရဲနွမ်းပါး မှုကို လျော့ကျနိုင်စေတာကြောင့်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အနေနဲ့ ကျွဲ၊ နွားများတရားဝင်တင်ပို့နိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနဲ့ အချိန် နှစ်နှစ်ကျော် အကြေအလည်ဆွေးနွေးညှိနှိုင်းပြီးတဲ့နောက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် နေ့မှာ ကျွဲ၊ နွားအရှင်များကို တင်ပို့ရောင်းချခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာအနေနဲ့ ကျွဲ၊ နွားအရှင်များ တင်ပို့ခွင့်မပြုမီမှာ ဆိတ်၊ သိုးအရှင်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ ဒီလိုခွင့်ပြုခြင်းကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်းမှာ ဆိတ်၊ သိုးမွေးမြူရေးတွေ ထွန်းကားလာခဲ့ပြီး ပြည်တွင်းအသားစားသုံးမှု တိုးတက်လာ စေရုံမျှမက ပြည်ပတင်ပို့မှုဟာလဲ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ မွေးမြူထားတဲ့သိုး/ဆိတ်ကောင်ရေ ၄.၅၅ သန်းရှိရာကနေ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နှစ်ဆတိုးလာပြီး ၉.၅၄၃ သန်းရှိလာပါတယ်။ ဆိတ်၊ သိုးတင်ပို့မှုကလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကောင်ရေ ၄၁၄၇၀ ရှိခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁.၄၁၈ သန်း ရရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အကောင်ရေ ၁၃၄၈၄၉ တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၄.၂၉၂ သန်း တိုးတက်ရရှိခဲ့ပါတယ်။

ဆိတ်၊ သိုးများတင်ပို့ခွင့်ပြုခဲ့သလို ကျွဲ၊ နွားတင်ပို့မှုကို တရားဝင်လမ်းကြောင်းပေါ်ကို ရောက်ရှိ အောင်နဲ့ ပြည်တွင်းမွေးမြူရေးတိုးတက်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လုပ်ထုံးလုပ်နည်းနဲ့ စည်းမျဉ်းစည်းကမ်းများ(Standard Operation Procedure)များ ရေးဆွဲထုတ်ပြန်ခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်း နိုင်ငံတွင်း ကျွဲ၊ နွားအရင်းအမြစ်များ စဉ်ဆက်မပြတ်တည်တံ့စေဖို့ ထိန်းကျောင်းဆောင်ရွက်နေပါတယ်။ တရားဝင်တင်ပို့ခွင့် လျှောက်ထားလာပါကလည်း ကျွဲ၊ နွားတွေရဲ့ကျန်းမာရေး စိစစ်စစ်ဆေးဆောင်ရွက်လျက်ရှိသလို ဒေသအတွင်း တိရစ္ဆာန်အရင်းအမြစ်များ လုံလောက်မှုရှိ/မရှိကိုလည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တင်ပို့ခွင့်ကိုလည်း အသက်ငါးနှစ်နှင့် အထက် ကျွဲ၊ နွားများကိုသာ တင်ပို့ခွင့်ပြုထားပြီး နွားထီးဖြစ်မယ်ဆိုရင် သင်းကွပ်ပြီးနွားထီးတွေကိုသာ တင်ပို့စေခြင်းဖြစ်ပါတယ်။ တင်ပို့ခွင့်ပြုရာမှာလည်း ပို့ကုန်လိုင်စင်တစ်စောင်လျှင် အများဆုံး အကောင် ၁၀၀ သာ ခွင့်ပြုထားပါတယ်။ လက်ရှိတွင် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့သို့ တရားဝင်တင်ပို့နေပြီဖြစ်ပါတယ်။

ပို့ကုန်ဈေးကွက် သဘောတရားနှင့်အညီ မိမိဘက်မှရောင်းလိုအား တစ်ဖက်မှဝယ်လိုအားကို ချိတ်ဆက်ပြီး မွေးမြူရေး၊ ထုတ်လုပ်ရေးအပိုင်းတွင် ရေရှည်ကျွဲ၊ နွားသယံဇာတများ တိုးတက်လာစေ ရန် ငါးနှစ်အစီအမံများ ရေးဆွဲချမှတ်ပြီးလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ သားစပ်နိုင်တဲ့နွားမတွေကို ၉၅ ရာခိုင်နှုန်းထိ သားစပ်စေခြင်းနှင့် ကျန်ငါးရာခိုင်နှုန်းကို မေထုန်မဲ့ သားစပ်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား အကောင်အထည်ဖော်လျက် ရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ တရားဝင်တင်ပို့ခွင့်ပြုလိုက်တဲ့အတွက် တောင်သူများအနေနဲ့ သူတို့ရဲ့ကျွဲ၊ နွားတွေ ဈေးပိုမိုရရှိခဲ့ပါတယ်။ မြေပြင်လေ့လာမှုများအရ နွားတစ်ကောင်ကိုကျပ် ၁၃ သိန်း

မှ ၁၅ သိန်း၊ ကျွဲထီးတစ်ကောင်လျှင်ကျပ် ၁၅ သိန်းအထိ ဈေးရရှိခဲ့ပါတယ်။ တရားဝင် ကျွဲ၊ နွားတင်ပို့မှုဟာ တရားဝင်ခွင့်ပြုတဲ့ကာလကစလို့ ၆ လအတွင်း ကျွဲကောင်ရေ ၁၃ဝဝ၅ ကောင်နှင့် နွားကောင်ရေ ၈၁၉၃၃ ကောင် စုစုပေါင်း ၉၄၉၃၈ ကောင်ရှိခဲ့ပြီဖြစ်ပါတယ်။

လက်ရှိကျွဲ၊ နွားအရှင်များတင်ပို့နေမှုဟာ တစ်ပိုင်တစ်နိုင်ကျွဲ၊ နွားမွေးမြူသူများနဲ့ မွေးမြူရေးခြံတောင်သူများထံမှ ဝယ်ယူစုဆောင်းတင်ပို့နေခြင်းဖြစ်သော်လည်း နောင်တွင် မွေးမြူရေးခြံများ၊ မွေးမြူရေးဇုန်များထူထောင်ပြီး တင်ပို့ရောင်းချနိုင်မယ့်စနစ်ကိုရောက်ရှိအောင် ရည်ရွယ်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေးဇုန် ၂၈ ဇုန်ကို ဖော်ထုတ်၍လည်းကောင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူရေးအစုအဖွဲ့များဖွဲ့စည်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွဲ၊ နွားမွေးမြူရေးနှင့်ပတ်သက်တဲ့ နည်းပညာပြန့်ပွားရေး၊ ရောဂါထိန်းချုပ်ကာကွယ်ရေး၊ အာဟာရဗေဒဆိုင်ရာများ သိရှိနားလည်စေရေး ပညာပေးဟောပြောပွဲများကိုလည်း စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွဲ၊ နွားများအား တရားဝင်တင်ပို့ခွင့်ပြုပေးခြင်းနှင့် တောင်သူများအနေနဲ့ တစ်နိုင်တစ်ပိုင်ကျွဲ၊ နွားမွေးမြူခြင်းဖြင့် မိမိလယ်ယာလုပ်ငန်းများမှ ကျွဲ၊ နွားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်သလို ကျွဲ၊ နွားများတရားဝင်တင်ပို့ရောင်းချနိုင်မှုကြောင့် အပိုဝင်ငွေများရရှိပြီး လူနေမှုအဆင့်အတန်းကို မြင့်မားစေနိုင်မှာဖြစ်တဲ့အပြင် တောင်သူများအကျိုးစီးပွားဖြစ်ထွန်းခြင်း၊ နိုင်ငံတော်အခွန်အခများတိုးတက်ရရှိခြင်း၊ ကုန်သွယ်မှုပမာဏတိုးလာစေခြင်း၊ ပြည်တွင်း အသားနှင့်နို့ထုတ်လုပ်စားသုံးမှုတိုးတက်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေခြင်း၊ ကျေးလက်ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်းစတဲ့ အကျိုးကျေးဇူးများကို ရရှိမှာဖြစ်ပါတယ်။ ယခုလို ရေကြီးပြီးတော့ ရာသီဥတုပြောင်းလဲမှုများကြောင့် သီးနှံထုတ်လုပ်မှုအဆင်မပြေချိန်မှာ မွေးမြူရေးကရတဲ့ငွေဟာ တောင်သူများအတွက် များစွာအထောက်အကူဖြစ်စေနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိန်ဝင်း တင်သွင်းတဲ့ ကျွဲ၊ နွားများအား ပြင်ပသို့တင်ပို့ရောင်းချခြင်းအား ကန့်သတ်တားမြစ်ပေးပါရန် အဆိုနှင့်ပတ်သက်ပြီး ဤလွှတ်တော်ကြီးက အလေးအနက်ထားဆုံးဖြတ်ပေးပါရန် ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးခင်ဗျား။ သဘောထားကို သေချာပြောပေးပါ။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ရဲ့ သဘောထားကတော့ ဒီလွှတ်တော်အစည်းအဝေးကြီးက အဆိုအပေါ်မှာဆုံးဖြတ်ပေးဖို့ဖြစ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုလို့ရှိရင်တော့ ဒီအဆိုကိုအတည်မပြုဘဲနဲ့ ဦးစိန်ဝင်းရဲ့အဆိုပြုချက်ကို မှတ်တမ်းအနေနဲ့ ထားရှိပေးဖို့ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစားပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မိမိကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ဖြေကြားချက်နှင့်ပတ်သက်လို့ ဆွေးနွေးချက်များကို တင်ပြပေးပါတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများဟာ Data Statistic ကောက်တာတွေရော အလွန်အင်မတန်ပြည့်စုံစွာနဲ့ တင်ပြပေးတဲ့အတွက် မိမိဌာနအနေနဲ့လည်း ဆောင်ရွက်သင့်တဲ့အချက်တွေများကိုပါ အကြံပြုတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာပထမပြောကြားချင်ပါတယ်။ မိမိအနေနဲ့တော့ ဒီဟာနဲ့ပတ်သက်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလည်း ဖြေကြားပြီးဖြစ်တဲ့အတွက် လိုအပ်ချက်အချို့ကို စိုးရိမ်ပူပန်နေကြတဲ့အချက်တွေကို ဖြည့်စွက်ပြီးတော့ အနည်းအကျဉ်းပဲ တင်ပြသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ မိမိတို့ရဲ့ဝန်ကြီးဌာနအနေနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဒီတိရစ္ဆာန် သန်းခေါင်စာရင်းကောက်ယူရေး ဒီလုပ်ငန်းကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကောက်ယူမှုကို ဖြစ်ခဲ့ပါတယ်။ ဒီတော့ ၂၀၁၇ ခုနှစ် အတောအတွင်းမှာ မိမိကိုယ်တိုင်ပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိန်ဝင်း စိုးရိမ်သလို စိုးရိမ်မှုလေးဖြစ်ခဲ့ပါတယ်။ ဒီမှာတိုက်တိုက်ဆိုင်ဆိုင်နဲ့ ဒီလိုကြုံကြိုက်ရအနေအထားလေးဖြစ်ခဲ့ပါတယ်။ လက်ရှိမှာတော့ရှေးပြေးတွက်ချက်မှုနဲ့ စာရင်းဇယားကိုတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်ပြခဲ့ပြီးဖြစ်ပါတယ်။ မိမိအနေနဲ့ လက်ရှိရှိနေတဲ့ ကောက်ယူရတဲ့စာရင်းမှာ အတိအကျစာရင်းကိုတော့ မိမိတို့အနေနဲ့ ဒီဇင်ဘာလမှာ ကိန်းဂဏန်းအရ အတိအကျတင်ပြပေးသွားမှာဖြစ်ပါတယ်။ လက်ရှိ Data Analysis လုပ်ထားချက်အရ ရှိနေတဲ့အရေအတွက်နဲ့ တွက်ချက်မှုစနစ်ကလေးကို အနည်းအကျဉ်းတင်ပြလိုပါတယ်။ စောစောတုန်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တင်ပြခဲ့သလိုပါပဲ ကျွဲ၊ နွားအရေအတွက်က ၁၁.၅ သန်းရှိပါတယ်။ အမက ၅၀ ရာခိုင်နှုန်းလို့ ကျွန်တော်တို့ ပြောမယ်ဆိုရင် လက်ရှိကျွဲ၊ နွားအရေအတွက်ဟာ ၅.၇၅ သန်းရှိပါတယ်။ မိမိတို့ရဲ့ တွက်ချက်တဲ့စနစ်က လက်ရှိတွေ့ကြုံရတာက တိုးမြင့်လာမယ့်မွေးဖွားနိုင်မှုအားကို မိမိတို့တွက်ချက်ပါတယ်။ မိမိတို့ရဲ့တွက်ချက်မှုအရဆိုလို့ရှိရင် ရှိနေတဲ့အမတွေရဲ့ ၃၀ ရာခိုင်နှုန်းဟာ မွေးဖွားနိုင်မှာဖြစ်တဲ့အတွက် အမတွေရဲ့ ၃၀ ရာခိုင်နှုန်းဟာမွေးဖွားနိုင်တဲ့အရွယ်ရှိကြမှာဖြစ်တဲ့အတွက် အဲဒီကနေပြီးမှ နှစ်စဉ်မွေးဖွားတဲ့နှုန်းဟာ မွေးဖွားနိုင်မည့်အခြေအနေကို ပေးမည့်အရေအတွက်ဟာ ၁.၇၅ သန်းဖြစ်ပါတယ်။ ဒီနေရာမှာရှိတဲ့ အမတိုင်းကတော့ ကျွန်တော်တို့ မရိုသေစကား ဇီးရရှိမှုရာခိုင်နှုန်း ကျွန်တော်တို့ တွက်ပါတယ်။ ဇီးရရှိမှုရာခိုင်နှုန်းကတော့ ၉၀ ရာခိုင်နှုန်းအရတွက်မယ်ဆိုရင် အမများ၏ ဇီးရရှိမှုရာခိုင်နှုန်းက ၉၀ ရာခိုင်နှုန်းနဲ့တွက်မယ်ဆိုရင် ခုနက စောစောက ၇.၅ သန်းအပေါ်မှာ ၁.၅၅၂၅ သန်းဖြစ်ပါတယ်။ ဒီလိုနဲ့ပဲ ဇီးရယုံတင်မကဘဲနဲ့ဆက်ပြီးတော့ သားပေါက်နိုင်မှုရယ်၊ ပျက်စီးလေလွင့်မှု ၁၀ ရာခိုင်နှုန်းကိုလျှော့ပေါ့ပြီး သားပေါက်နိုင်မှုရယ်၊ လက်ရှိနှုန်းထားအရ ထပ်ပြီးတော့ ၉၀ ရာခိုင်နှုန်းအရ ပြန်လည်စဉ်းစားကြည့်တဲ့အခါမှာ ၁.၅၅၂ သန်းမှနေပြီးတော့ လက်ရှိတစ်နှစ်တာအတွက် သားပေါက်နိုင်တဲ့နှုန်းဟာ ၁.၃၉၇ သန်းဖြစ်ပါတယ်။ ဒီသားပေါက်တဲ့အနေအထားမှာ

သားပေါက်ပြီးတဲ့နောက်မှာ ရှင်သန်မှုနှုန်းပါဆက်လက်ပြီးတော့ တွက်ချက်ပါတယ်။ အဲဒီလိုတွက်တဲ့ အချိန်မှာ နို့ခွဲချိန်ထိ အသက်ရှင်သန်နိုင်မှုဟာ မိမိတို့အနေနဲ့ ၉၀ ရာခိုင်နှုန်းရှိတယ်လို့ ယခင် အတွေ့အကြုံအရ တွက်ချက်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ၁.၃၉၇ သန်းမှာ နို့ခွဲချိန်အထိ အသက် ရှင်သန်နိုင်မှုဟာ ၁.၃၉၇ သန်းမှာ နို့ခွဲချိန်အထိ အသက်ရှင်သန်နိုင်မှုဟာ ၁.၂၅ သန်းဖြစ်ပါတယ်။ ဒါ့အပြင် နို့ခွဲချိန်ထိရှင်သန်ပြီးတဲ့အခါမှာ ဈေးကွက်ရောက်သည်ထိ ဆက်လက်ပြီးတော့ နွားများရဲ့ အရေအတွက်ကို ခန့်မှန်းတွက်ချက်တဲ့အချိန်မှာ သူ့အတွက်လည်းပဲ လက်ရှိအတွေ့အကြုံအရ အသက် ရှင်သန်မှုဟာ ၉၀ ရာခိုင်နှုန်းရှိတယ်ဆိုတဲ့အချက်အရ ဆက်ပြီးတော့မှ ၁.၂၅ သန်းကနေပြီးတော့ ဈေးကွက်ထိအသက်ရှင်သန်မှုဟာ ၁.၁၃ သန်းရှိတာကို တွေ့ရပါတယ်။ ပြည်တွင်းစားသုံးမှု စာစာတုန်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တင်ပြခဲ့သလို ပြည်တွင်းစားသုံးမှုဟာ ၃.၄ သန်းရှိတဲ့အတွက် ပြင်ပတင်ပို့မှုဟာ မိမိတို့အနေနဲ့ နှစ်စဉ်တင်ပို့နိုင်မယ့် အရေအတွက်က ၀.၇၃ သန်းဖြစ်ပါတယ်။ ၇၃၀၀၀၀ ခန့်ဟာ ကျွန်တော်တို့ရဲ့ လက်ရှိအရေအတွက် ကနေ တင်ပို့တာမဟုတ်ဘဲနဲ့ နှစ်စဉ်ပိုလျှံတဲ့အရေအတွက်ကနေ တင်ပို့နိုင်တဲ့အား ဖြစ်ပါတယ်။ ဒီကနေပြီးတော့ လက်ရှိနေ့မှာဖြစ်ပေါ်နေတဲ့ကဏ္ဍ၊ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း စက်မှုလယ်ယာ ကူးပြောင်းတဲ့အခြေအနေနဲ့ လက်ရှိစက်စွမ်းအားအခြေအနေကိုလည်း ဆက်လက်ပြီး ဖြည့်စွက်တင်ပြ ပါမယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလည်း တင်ပြပါတယ်။ ကျွန်တော်လည်း Up to Date စာရင်းဇယားလေးကို တင်ပြချင်လို့ စက်မှုလယ်ယာ ကူးပြောင်းရေး အခြေအနေကို တင်ပြပြီးတဲ့နောက်မှာ မိမိတို့အနေနဲ့ လက်ရှိ Update ကို မိမိဆီကို တင်ပြလာတဲ့ ဇွန်လ ၃၀-၆-၂၀၁၈ ကုန်ထိရရှိလာတဲ့ဟာက ထွန်စက်ကြီးအစီးရေပေါင်း တောင်သူရော၊ မိမိတို့ စက်မှုလယ်ယာမှာရှိတဲ့အရေအတွက်ဟာ ၃၃၂၇၆ စီးဖြစ်ပါတယ်။ ဒီတော့ တစ်နှစ်မှာ ထွန်စက်ကြီး တွေရဲ့ထွန်ယက်နိုင်တဲ့အားသည် ကျွန်တော်တို့အနေနဲ့ ဘယ်လောက်ထိရှိသလဲဆိုလို့ရှိရင် ၁၉ သန်း ကျော်ထိ ထွန်ယက်နိုင်တဲ့ဟာရှိပါတယ်။ လက်တွန်းထွန်စက်တွေကိုလည်းပဲ မိမိတို့ရဲ့ လက်တွန်းထွန်စက် အရေအတွက်ပေါင်းဟာ ၃၀-၆-၂၀၁၈ မှာရှိတဲ့ လက်တွန်းထွန်စက်အရေအတွက်ဟာ ၅၃၈၇၂၄ စီး ဖြစ်ပါတယ်။ သူတို့တစ်တွေရဲ့ထွန်ယက်တဲ့ဟာက ဧကသန်းပေါင်း ၁၀ သန်းကျော် ထွန်ယက်နိုင်မှာ ဖြစ်ပါတယ်။ စုစုပေါင်းကို လက်တွန်းထွန်စက်ကြီးများရဲ့ Capacity အရ။ ပြောမယ်ဆိုရင် အနိမ့်ဆုံး ၄၀၀ ကနေ ၆၀၀ အတွင်းမှာ ထွန်ယက်နိုင်ပါတယ်။ ဒါက တစ်ရာသီမဟုတ်ပါဘူး။ နှစ်ရာသီပါ။ ကျွန်တော်တို့ တစ်နှစ်ပတ်လုံးထွန်နိုင်တဲ့အရေအတွက်ပါ။ ဒါကြောင့်မို့လို့ ဒါဟာ ကျွန်တော်တို့ရဲ့ တွက်ချက်မှုအရ တွက်ချက်ခြင်းဖြစ်ပါတယ်။ ဒီလိုတွက်ချက်လိုက်တဲ့အခါမှာ လက်ရှိရှိနေတဲ့ စက်စွမ်းအားရဲ့စွမ်းဆောင်နိုင်တဲ့အရာသည် ဧက ၂၄ သန်းနဲ့ သန်း ၃၀ ထိဖြစ်ပါတယ်။ မိမိရဲ့ဝန်ကြီး ဌာနမှာဆိုရင် ပြီးခဲ့တဲ့နှစ်က အခုကျွန်တော်တွက်ချက်ခြင်းသည် တစ်နှစ်ပတ်လုံးကို Minimun ၄၀၀ နဲ့ ၆၀၀ ကြားမှာ တွက်ချက်ပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စက်မှုလယ်ယာရဲ့ ပြီးခဲ့တဲ့နှစ်ကဆုရရှိသွားကြတဲ့စက်မှုလယ်ယာရဲ့ တစ်နှစ်ပတ်လုံး သုံးစွဲတဲ့အရာသည် ဧကထောင်ကျော် ထိရှိပါတယ်။ ဒါကလည်း တစ်နေရာနဲ့တစ်နေရာကို ကူးပြောင်းပြီးတော့ ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ စောစောတုန်းကတင်ပြချက်မှာပါတဲ့အတိုင်းပဲ လက်ရှိကျွဲ၊ နွားအရေ အတွက်ဟာ လျော့ပါးသွားမှုမရှိတဲ့အပြင် ပိုလျှံနေတာကနေတင်ပြတယ်ဆိုတဲ့အကြောင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မိမိဆက်ပြီးတော့ တင်ပြလိုတဲ့အချက်ကတော့ နောက်ထပ်တွေ့မြင်ရတဲ့ အမြင်တစ်မျိုး ဖြစ်ပါတယ်။ ကျွဲ၊ နွားတင်ပို့လို့ ကျွဲ၊ နွားလျော့ပါးတယ်ဆိုတဲ့အမြင်ကို There are two side in everything အရာရာတိုင်းမှာ အမြင်နှစ်မျိုးနဲ့ နောက်အမြင်တစ်မျိုး၊ ရှုထောင့်တစ်ခုကနေ ကြည့်ဖို့ ပြောချင်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ မွေးမြူရေးဖြစ်စေ စိုက်ပျိုးရေးအစီအစဉ်တွေလုပ်တဲ့အခါမှာ ကမ္ဘာကျော်ပညာရှင်တစ်ဦးက ပြောခဲ့တာရှိပါတယ်။ မေးခွန်းကဘာလဲဆိုရင် ဘယ်သီးနှံစိုက်ပျိုးမှာလဲဆိုတဲ့မေးခွန်း ဘယ်ဟာကိုထုတ်မှာလဲဆိုတဲ့မေးခွန်း အဲဒီမေးခွန်းရဲ့အဖြေကို သူကပြောတာက အလွန်မတန်လွယ်ကူရှင်းလင်းတဲ့စကားလုံးကို ပြောပါတယ်။ ဈေးကွက်ရှိတဲ့အမျိုးအစားကို ထုတ်လုပ်ပါ။ စိုက်ပျိုးပါဆိုတဲ့စကားဖြစ်ပါတယ်။ မိမိတို့ဟာ ဒီလိုဈေးကွက်ရှိတဲ့ဟာကို ဖန်တီးပေးမှာဖြစ်တဲ့အတွက် ကျွန်တော်ဒုတိယအမြင်လေးကို ပြောရမယ် ဆိုလို့ရှိရင် လက်ရှိမှာဈေးကွက်ရရှိရေးနဲ့အတူ မွေးမြူရေးကဏ္ဍဟာ တိုးတက်ဖွံ့ဖြိုးလာတာကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မိမိတို့စိုးရိမ်နေတဲ့ ကျွဲ၊ နွားအကောင်အရေအတွက် လျော့မှာမဟုတ်ပါဘူး။ ကျွဲ၊ နွားဈေးတွေဟာစောစောတုန်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးတင်ပြသလို ဈေးနှုန်းရဲ့အပြောင်းအလဲဟာ ငါးသိန်း၊ ခြောက်သိန်းကနေပြီးတော့ ၁၀ သိန်း ကျော်အဆင့်ကိုရောက်တဲ့အချိန်မှာ အခုတောင်သူများရဲ့ Awareness က မိမိတို့ရဲ့ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တယ်။ မွေးမြူရေးကဏ္ဍကို တိုးတက်ဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စောစော တုန်းက တင်ပြချက်ထဲမှာ အရမ်းပြည့်စုံပါတယ်။ ကျွန်တော်တို့ရဲ့ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေး ချက်တွေထဲမှာ ပါပါတယ်။ တောင်သူတွေရဲ့ဘဝဟာ စိုက်ပျိုးရေး လုံးဝတစ်ခုတည်းအနေနဲ့ မှီတင်းလို့ ရတဲ့အနေအထားမှာ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ အခုတွေ့ကြုံနေရတဲ့ ရာသီဥတုပျက်စီးတဲ့ အတွက်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က Multi Purpose အနေနဲ့ သူတို့ရဲ့ရည်မှန်းချက်ပန်းတိုင်ကို ဖြစ်ဖို့ရာအတွက် တောင်သူတစ်ဦးချင်းစီကို မိမိတို့အနေနဲ့ Cudge Cross လိုဟာမျိုးကို Home Garden ကို မိမိတို့ဝန်ကြီးဌာနအနေနဲ့ ရည်မှန်းချက်ရှိသလို တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းတွေ ဖြစ်ကြတဲ့ ကျွန်တော်တို့ ပြီးခဲ့တဲ့တစ်လခွဲလောက်ကရောက်တဲ့အခါမှာ ကမ္ဘာမှာနာမည်ကြီးနေတာ ရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ဈေးကွက်တွေရှိနေတဲ့ Organic ကြက်လိုဟာမျိုးပါ။ မိမိတို့ရဲ့ Organic ကြက်ကလေးကိုမွေးခြင်းအားဖြင့် ဒါလည်းပဲ လွန်ခဲ့တဲ့ဆယ်စုနှစ်တစ်ခုလောက် ကတည်းက ဒီဟာကိုပြောတာပါ။ တောင်သူလယ်သမားတွေဟာ ဒါကိုလည်းဖြည့်ဆည်းပါမယ်။ အခုပြောတဲ့ မွေးမြူရေးကဏ္ဍကြီးဖွံ့ဖြိုးလာတဲ့အတွက် နွားမွေးမြူရေးထဲမှာ ထွက်မယ်ဆိုရင် တောင်သူလယ်သမားများအတွက် မိမိတို့မှာ စိုက်ပျိုးရေးတစ်ခုတည်းအပေါ်မှာ မှီခိုလာတဲ့အတွက်၊ ဒီတစ်ခုတည်းအပေါ်မှာ မှီခိုခြင်းကနေ ပျောက်မှာဖြစ်ပါတယ်။

ဒုတိယမြင်တွေ့ရတဲ့အမြင်မျိုးကတော့ မိမိတို့စက်မှုလယ်ယာကူးပြောင်းလာတဲ့အတွက် နွားများ ၏အသုံးရည်တန်ဖိုးကျဆင်းလာမှု ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အချို့ဒေသတွေမှာဆိုလို့ရှိရင် ဒါက မိမိလည်းတင်ပြတဲ့အချိန်မှာ မိမိနဲ့ဆက်နွယ်လျက်ရှိတဲ့ ဒေသအသီးသီးကို မေးပါတယ်။

ယခင်တုန်းက နွားနဲ့ထွန်ယက်တဲ့အရပ်ဒေသတွေဟာ အခုစက်မှုလယ်ယာကူးပြောင်းတဲ့အခါမှာ အချိန်ကုန်သက်သာခြင်း၊ လျင်မြန်စွာနဲ့ဆောင်ရွက်နိုင်ခြင်းဆိုတဲ့၊ အချိန်ကိုကိုက်ညီတယ်ဆိုတဲ့အချက် အကျိုးကျေးဇူးတွေရကြတဲ့အတွက် မိမိတို့ရဲ့နွားရဲ့ အသုံးရည်ဟာ ကျဆင်းလာပါတယ်။ ယခင်ကလို အချိန်တွေအများကြီးသုံးရတာနဲ့။ ဒါ့အပြင် အဲဒီအသုံးရည်ကို အခုလိုဈေးကွက်ဝင်တဲ့အတွက် အသုံးရည်တန်ဖိုးကျဆင်းလာတာကို ကျွဲ၊ နွားများ မွေးမြူတဲ့ကဏ္ဍကို ကျွန်တော်တို့ကမြှင့်တင်ပေးခြင်း အားဖြင့် အသုံး၏တန်ဖိုးကိုလည်း ပိုမိုပြီးတော့ မြှင့်တင်ပေးနိုင်ပါတယ်။ ကျွဲ၊ နွားများရဲ့ကဏ္ဍအနေနဲ့ တစ်ချက်က ကျွန်တော်တို့နဲ့ သီးနှံထုတ်လုပ်မှုနဲ့မတူတဲ့တစ်ချက်က အသုံးရည်ကျဆင်းတဲ့ကျွဲ၊ နွားများတွေမှာ အသုံးရည်ကျဆင်းလာတာနဲ့တစ်ပြိုင်နက်တည်း စောစောတုန်းကတင်ပြချက်တွေထဲမှာ ပါတဲ့အတိုင်းပါပဲ။ လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးတင်ပြသွားပါတယ်။ တစ်နှစ်တာ ကျွေးမွေးစရိတ်က အရမ်းတက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့အတွက် အကျိုးအမြတ်ရမှ သာလျှင် ဒီအချက်ကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

နောက်ဆုံးပိတ် နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ဒီလိုရရှိတဲ့အကျိုးကျေးဇူးလေးတွေ ထင်ထင်ပြတ်ပြတ်တွေ့ရတာလေးတွေကို အနည်းကျဉ်းတင်ပြမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ ကျွဲ၊ နွားတွေကို ပြည်ပပို့ကုန်အဖြစ်နဲ့ တရားဝင်သတ်မှတ်ဆောင်ရွက်ခြင်းဟာ နိုင်ငံတော်အစိုးရနှင့် ပြည်သူ။ ဒီနေရာ ပြည်သူဆိုတာက မွေးမြူတဲ့တောင်သူများသာမကဘဲနဲ့ ကုန်သည်များအပါအဝင်တို့မှာ နှစ်ဦး နှစ်ဖက်အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း အခွန်အခပိုမိုရရှိသလို၊ မွေးမြူရေးသမားများအတွက်လည်း ဝင်ငွေတိုးမြင့်ရရှိလာမှာဖြစ်ပါတယ်။ ကုန်သည်များအတွက်လည်း ပဲ တရားဝင် ဝင်ငွေကို တိုးမြင့်ရရှိမှာဖြစ်ပါတယ်။ ဒုတိယလမ်းကြောင်းကတော့ ဒီလွှတ်တော် ကိုယ်စားလှယ်ကြီးများ သတိပေးသလို တရားမဝင်ရောင်းချမှုအား လျော့နည်းကျဆင်းစေပြီးတော့ တရားဥပဒေစိုးမိုးရေးကို ဆက်လက်ပြီးအကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါက လည်း မိမိတို့ရဲ့အစိုးရအဖွဲ့အနေနဲ့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ တတိယအချက်အနေနဲ့ကတော့ နိုင်ငံတကာ စောစောကတင်ပြချက်ထဲမှာ နိုင်ငံတကာမှာရှိနေတဲ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုလုပ်ငန်းမှာ မိမိတို့အနေနဲ့ တိုးမြှင့်ပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်သလို နောက်ဆုံးတစ်ချက်ကတော့ မွေးမြူရေးလုပ်ငန်းမှာ နိုင်ငံတကာစံနှုန်းများနှင့်အညီ ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများမှာ ပိုမိုစနစ်တကျတိုးမြှင့်ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။ ဒီအချက်ကတော့ မိမိက ပို့ကုန်တင်သွင်းပြီဆိုတာနဲ့တစ်ပြိုင်နက်တည်း မိမိရဲ့ဝန်ကြီးဌာနက ကျန်းမာရေးစစ်ဆေးရပါ တယ်။ ဒါကြောင့်မို့လို့ အမြဲတမ်းမှာကြားတာက နိုင်ငံတကာဈေးကွက်မှာ မြန်မာပြည်ကနေပို့တဲ့ ကျွဲ၊ နွားများဟာ ရောဂါအန္တရာယ်ကင်းရှင်းမှ မင်းတို့ပြတ်ပြတ်ထင်ထင်စစ်ဆေးပါဆိုတာသည် မိမိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို အမြဲတမ်းမှာကြားရတဲ့စကား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလို စနစ်တကျတင်ပို့ရောင်းချခြင်းအားဖြင့် ကျွန်တော်တို့ရဲ့မွေးမြူရေးလုပ်ငန်းကဏ္ဍမှာ နိုင်ငံတကာ ဈေးကွက်ကို ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့၊ ကာကွယ်ရေးနှင့် မွေးမြူရေးလုပ်ငန်းကြီး တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်တဲ့အတွက်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ အဆိုရှင် ဦးစိန်ဝင်းရဲ့တင်ပြချက်အပေါ်မှာ အဆိုကို မိမိအနေနဲ့ မထောက်ခံပါကြောင်းနှင့် အဆိုကို မှတ်တမ်းအဖြစ်သာထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်ပါတယ်။ ယနေ့ ကျွန်တော့်ရဲ့ အဆိုအပေါ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးနဲ့ ပြည်ထောင်စုဝန်ကြီးနှစ်ဦး ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ ကျွဲ၊ နွားရောင်းချခြင်းကို ကျွန်တော် ကန့်သတ်ခြင်းမဟုတ်ပါဘူး။ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် စက်မှုလယ်ယာမတင်သွင်းနိုင်သေးခင်မှာ ဒီဟာလေးကိုကန့်သတ်ပြီးတော့ တောင်သူလယ်သမားရဲ့အခက်အခဲတွေကို လိုအပ်သလိုဖြေရှင်းထောက်ပံ့ကူညီပေးဖို့ ကျွန်တော်တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများဟာ ခိုင်းကျွဲ၊ ခိုင်းနွားများကို နောင်အခါ နောင်လာဈေးသဘောနဲ့ အကြွေးပူတွေကို ဖြေရှင်းနေတာဖြစ်ပါတယ်။ ဒါတွေကို အစိုးရအနေနဲ့ မှန်ကန်စွာဖြေရှင်းနိုင်ဖို့အတွက် ကူညီထောက်ပံ့ပေးဖို့၊ တစ်နည်းအားဖြင့် နှစ်တိုနှစ်ရှည်ချေးငွေတွေ ထုတ်ချေးပေးဖို့ ကျွန်တော်တိုက်တွန်းခြင်းဖြစ်ပါတယ်။ ဒီလိုတိုက်တွန်းတဲ့အခါမှာလည်း အဆိုမှာ တိတိကျကျအချက်(၁၃)ချက်လုပ်သင့်တယ်ဆိုတဲ့အကြောင်းကို ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ တောင်သူလယ်သမားများ ယနေ့ အကြွေးပိနေတဲ့၊ အကြွေးနွံထဲမှာနစ်နေတယ်ဆိုတာဟာ တကယ်သေသေချာချာလေ့လာကြည့်မယ်ဆိုရင် သူတို့ချည်းသက်သက်အမှားမဟုတ်ပါဘူး။ အဲဒီအမှားဟာ တစ်ချိန်တုန်းက နိုင်ငံတော်အစိုးရမှာလည်း ပါဝင်ပတ်သက်နေတယ်ဆိုတာ ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ် ၄၀ ကျော်ခန့် တောင်သူလယ်သမားတွေဟာ အစိုးရရဲ့စီမံကိန်းသီးနှံတွေကို အရှုံးခံပြီးတော့ စိုက်ပျိုးခဲ့ရပါတယ်။ နံပါတ်(၂)က စပါးပြီးစပါး မဖြစ်မနေ တာဝန်အရ စိုက်ပျိုးခဲ့ရပါတယ်။ ထွက်ရှိလာတဲ့သီးနှံကိုလည်း ဝမ်းစာသာချန်ထားပြီးတော့ အကုန်လုံးထုတ်ရောင်းချပေးခဲ့ရပါတယ်။ နောက်တစ်ချက်ကတော့ ရောင်းတဲ့အခါမှာလည်း နိုင်ငံတော်က သတ်မှတ်ချမှတ်ထားတဲ့ ဈေးနှုန်းအတိုင်းပဲ ရောင်းခဲ့ရတာပါ။ နောက်တစ်ချက်ကတော့ ယနေ့ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံတွေလည်း ပျက်စီးခံနေရပါတယ်။ နောက်တစ်ချက်ကတော့ ယနေ့ထိ ဈေးနှုန်းဈေးကွက်တည်ငြိမ်မှုမရှိတဲ့ကြားထဲကနေပြီးတော့ ကျွန်တော်တို့တောင်သူလယ်သမားတွေဟာ စိုက်ပျိုးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားတွေ ဒီအကြောင်းကြောင်းတွေကြောင့် ဆင်းရဲနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်မှာတာဝန်ရှိပါတယ်။ တစ်ချိန်တုန်းက ဖြစ်လာခဲ့တဲ့ဟာတွေဟာ လယ်ယာကဏ္ဍမှာ တစ်နှစ်ရှုံးလျှင် သုံးနှစ်လိုက်မမှီပါဘူး။ ဒါကြောင့်မို့လို့

နှစ် ၄၀ လောက်ရှိုးတဲ့တောင်သူလယ်သမား နှစ် ၁၂၀ ထိ အရမ်းကြိုးစားမှ တောင့်တင်းနိုင်မယ်ဆိုတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအနေနဲ့ ချေးပေးထားတဲ့ချေးငွေတွေဟာ တကယ်တော့ မလုံလောက်ပါဘူး။ တစ်နည်းအားဖြင့် ရာသီဥတုဖောက်ပြန်နေတဲ့ မြန်မာနိုင်ငံမှာ သာမန်အရင်းအနှီးတစ်ဆဆိုလျှင် နှစ်ဆလိုပါတယ်။ သာမန်ပြီးတဲ့အချိန်ဆိုလျှင် အချိန်နှစ်ဆ မြန်အောင်လုပ်ရပါတယ်။ သာမန်လိုအပ်တဲ့စက်က အရေအတွက်က တစ်စီးရှိတယ်ဆိုလျှင် နှစ်စီးရှိထားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရာသီဥတုဖောက်ပြန်တဲ့အချိန်တွေမှာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တော်ကြီးခင်ဗျား။ အဆိုနဲ့ပတ်သက်တဲ့ကိစ္စတွေကိုပဲ တိုက်ရိုက်ဆွေးနွေးပါ။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ သဘောဆန္ဒအရ ပြောရလျှင် ဒီအဆိုဟာ လက်ရှိရေကြီးနစ်မြုပ်နေတဲ့ သီးနှံပျက်စီးနေတဲ့ အခြေအနေမှာ နောက်ထပ်သီးနှံထုတ်လုပ်မှုမကျဆင်းအောင် တောင်သူလယ်သမားများ အဆင်ပြေစွာ၊ ချောမောစွာ ဆက်လက်ပြီး စိုက်ပျိုးနိုင်အောင်၊ အစိုးရအနေနဲ့ ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် နိုင်ငံ့ထမင်းရှင်တောင်သူလယ်သမားကို ကယ်တင်ပေးတဲ့အနေနဲ့ ကျွန်တော့်အဆိုကို အတည်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၆ ဦးကဆွေးနွေးပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က အဆိုအားမှတ်တမ်းတင်စောင့်ကြည့်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ အဆိုရှင်ရဲ့သဘောထားတို့ဟာ ကွဲလွဲနေတဲ့အတွက် ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ်မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့မှတ်တမ်းတင်စောင့်ကြည့်ရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၃ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၀၆ မဲနဲ့ ကြားနေဆန္ဒမဲ ၁၀၉ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးစိန်ဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်ပတ်သက်ပြီးမှ ကိုယ်စားလှယ်များက ကျယ်ကျယ်ပြန့်ပြန့် အပြုသဘောမျိုးနဲ့ဆွေးနွေးသွားတာကို တွေ့ရှိရတဲ့အတွက် ကျေးဇူးတင်ရှိ

ကြောင်း ဦးစွာပြောကြားလိုပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှစ်ခုဟာ ယခုအဆိုနှင့်ပတ်သက်ပြီး အချိတ်အဆက်မိမိပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ နိုင်ငံတော်နှင့် ပြည်သူများရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအခါ လွှတ်တော်ရေးရာကော်မတီတစ်ခုမှာ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေမူကြမ်းတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိနေပါတယ်။ သက်ဆိုင်ရာကော်မတီက အဲဒီဥပဒေကြမ်းကို လွှတ်တော်မှာ အမြန်ဆုံးတင်သွင်းနိုင်ဖို့ ကြိုးစားရမှာဖြစ်သလို ဝန်ကြီးဌာနနှစ်ခုကလည်း ဥပဒေကြမ်းစိစစ်ဆောင်ရွက်တဲ့အချိန် ဖိဖိစီးစီးပူးပေါင်းပါဝင်ကြဖို့၊ အကြံပြုဆွေးနွေးပေးကြဖို့ လိုအပ်မှာဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၃း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၃.၈.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Myint Htwe    U Khin Cho




U Kyaw Swe Win    Dr Myint Htwe




Dr Myint Htwe    U Khon Maung Thaung




Dr Myint Htwe    Daw Nan Moe




Dr Myint Htwe    U Khin Maung Thi




Dr Myint Htwe    U Thein Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်